ကြေးမုံ The Mirror

Established in 1957

၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်၊ တနင်္ဂနွေနေ့ (5-1-2014) (၇၇၁၆)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ထူးခြားသည့်ညအပူချိန်များ

ဟားခါး	-၂ ဒီဂရီစင်တီဂရိတ်
ပင်လောင်း	-၂ ဒီဂရီစင်တီဂရိတ်
လွိုင်လင်	၂ ဒီဂရီစင်တီဂရိတ်
မိုးကုတ်	၂ ဒီဂရီစင်တီဂရိတ်
ပူတာအို	၄ ဒီဂရီစင်တီဂရိတ်
လားရှိုး	၄ ဒီဂရီစင်တီဂရိတ်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့က တည်ခင်းဧည့်ခံသည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့က တည်ခင်းဧည့်ခံသည့် ၂၀၁၄ ခုနှစ် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဥပစာမြက်ခင်းပြင်၌ ကျင်းပသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် ၂၀၁၄ ခုနှစ် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားကျင်းပသည့် နိုင်ငံတော်သမ္မတအိမ်တော် ဥပစာမြက်ခင်းပြင်သို့ ညနေ ၆ နာရီခွဲတွင် ရောက်ရှိလာကြပြီး ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးတို့နှင့်အတူ အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ရေးရာ ကော်မတီဥက္ကဋ္ဌများ၊ နိုင်ငံရေးပါတီဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံဆိုင်ရာ သံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Robert Chua ဦးဆောင်သောသံတမန်များနှင့် ၎င်းတို့၏ ဇနီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါ(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမူန်၊ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်၊ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် ဇနီး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသော နိုင်ငံရေးပါတီဥက္ကဋ္ဌများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အာဆီယံဥက္ကဋ္ဌတာဝန်ထမ်းဆောင်ခြင်းသည် အာဆီယံရေးရာများတွင် ဦးဆောင်မှုအခန်းကဏ္ဍတွင်ပါဝင်ရန် ကြိုးပမ်းမှုဖြစ် ထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများကို နိုင်ငံတကာအဆင့်မီ အောင်မြင်စွာလက်ခံကျင်းပနိုင်တော့မည်

နေပြည်တော် ဇန်နဝါရီ ၄

ယခုနှစ်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ယူဆောင်ရွက်၍ အာဆီယံထိပ်သီးအစည်းအဝေးများ ကျင်းပနိုင်ရန်အတွက် နေပြည်တော်၌ အသစ်တည်ဆောက်ပြီးစီးသည့် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနကို ယနေ့ နံနက်ပိုင်းက ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အဆောက်အအုံသစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။ (သတင်းစဉ်)

မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြင့် မြန်မာနိုင်ငံက ၂၀၁၄ ခုနှစ်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်စဉ် အာဆီယံထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများကို နိုင်ငံတကာအဆင့်မီ အောင်မြင်စွာ လက်ခံကျင်းပနိုင်တော့မည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ၁၉၉၇ခုနှစ်တွင် အာဆီယံသို့ ဝင်ရောက်ပြီးချိန်မှစ၍ ပထမဦးဆုံးအကြိမ်အဖြစ် အာဆီယံဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ခြင်းဖြစ်သည်။ အာဆီယံဥက္ကဋ္ဌရာထူးတာဝန်ထမ်းဆောင်ခြင်းသည် အာဆီယံပဋိညာဉ်စာတမ်းအရ အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံ၏ တာဝန်ကို ထမ်းဆောင်ခြင်းဖြစ်သကဲ့သို့ မြန်မာနိုင်ငံ၏ လွတ်လပ်၊ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒနှင့်အညီ အာဆီယံရေးရာများတွင် မြန်မာနိုင်ငံက ဦးဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်ရန် ကြိုးပမ်းမှုတစ်ရပ်ဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်အားပေးပြီး ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့ပြင် နိုင်ငံတော်သမ္မတက အဆောက်အအုံသစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များက အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် အဆောက်အအုံအတွင်းရှိ ပတ္တမြားခန်းမ၊ နီလာခန်းမ၊ HOS Holding Room၊ Call Room၊ Meeting Room၊ ပုလဲခန်းမနှင့် VIP Holding Room တို့ကို လှည့်လည်ကြည့်ရှုပြီး ကျောက်စိမ်းခန်းမ၌ ဖျော်ဖြေမှုအစီအစဉ်များကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အာဆီယံအစည်းအဝေးများသို့ တက်ရောက်မည့် နိုင်ငံ့ခေါင်းဆောင်များနှင့် ဧည့်သည်များတည်းခိုနိုင်ရန် တည်ဆောက်ထားသော နိုင်ငံတော် ဧည့်ဂေဟာအိပ်ဆောင်များအား စစ်ဆေးခဲ့ပြီး အရှည် ၄ ဒသမ ၈၂ မိုင်ရှိ ရန်အောင်မြင်ဆည်ပတ်လမ်းအတိုင်း မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုခဲ့သည်။

အဆိုပါနိုင်ငံတော်ဧည့်ဂေဟာတွင် အဆောင်ပေါင်း ၂၀ ပါဝင်ပြီး အခန်းပေါင်း ၁၈၄၈ ခန်းပါရှိရာ ဧည့်သည်ပေါင်း ၃၀၀၀ ခန့် တည်းခိုနိုင်မည်ဖြစ်သည်။ ထို့ပြင် နေပြည်တော်ရှိ ဟိုတယ်ပေါင်း ၇၇ လုံးတွင်လည်း အခန်းပေါင်း ၄၀၀၀ ခန့် တည်းခိုနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❑

ကြေးမုံ စာတည်းရှုထောင့် **၅-၁-၂၀၁၄၊ တနင်္ဂနွေနေ့**

မင်္ဂလာရှိသော သတင်းစကား

မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးများအတွက် ဂုဏ်ယူဝင့်ကြွားရမည့် နေ့များစွာရှိသည်။ ထိုနေ့များစွာအနက် အမိမြန်မာနိုင်ငံတော်ကို အချုပ်အခြာအာဏာပိုင်နိုင်ငံတော်အဖြစ် ဂုဏ်ယူဝင့်ကြွား ထည်ဝါစွာရပ်တည်နေထိုင်နိုင်ခဲ့သည့် အထိမ်းအမှတ်နေ့တစ်နေ့ဖြစ်သည့် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပေသည်။

မင်္ဂလာရှိသော အဆိုပါနေ့အထိမ်းအမှတ်အဖြစ် တစ်နိုင်ငံလုံးတွင် လွတ်လပ်ရေးနေ့ အောင်ပွဲသဘင် အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြပြီး (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာ သီရိသုဓမ္မ ဦးသိန်းစိန်က လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ပေးပို့ခဲ့သည်။

နိုင်ငံတော်သမ္မတ၏ သဝဏ်လွှာ၌“ယနေ့အချိန်အခါသည် အတိတ်သမိုင်းက မိမိတို့တိုင်းရင်းသားညီရင်းအစ်ကို မောင်ရင်းနှမများအကြား အကြောင်းအမျိုးမျိုးကြောင့် ပေါ်ပေါက်ခဲ့ရသည့် လက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသား သွေးချင်းများအားလုံးက ကြိုးပမ်းအကောင်အထည်ဖော်နေသော အချိန်အခါဖြစ်ကြောင်း၊ များမကြာမီတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ သဘောတူညီချက် လက်မှတ်ရေးထိုးပွဲကို ကျင်းပရန် ညှိနှိုင်းစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း” မင်္ဂလာရှိသော သတင်းစကားကို ကြားသိလိုက်ရပေသည်။

မြန်မာနိုင်ငံသည် ၁၉ ရာစုနှောင်းပိုင်းတွင် ကိုလိုနီနယ်ချဲ့တို့၏ လက်အောက်သို့ ကျရောက်ခဲ့ရပြီး နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးဆုံးရှုံးခဲ့ရသည်။ ထိုအခါ မျိုးချစ်စိတ်ဓာတ် ထက်သန်သော ပြည်ထောင်စုဖွားတိုင်းရင်းသားအပေါင်းတို့သည် ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်၊ ကိုယ့်တိုင်းပြည်ကိုယ့်လူမျိုးအတွက် စွန့်လွှတ်စွန့်စားလိုသော အမျိုးသားရေးစိတ်ဓာတ်တို့ဖြင့် သွေးစည်းညီညွတ်စွာ ရှုပ်ရှုပ်ချုံချုံ အတူတကွ လက်တွဲတွန်းလှန်ခဲ့ခြင်းကြောင့် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးပြန်လည်ရရှိခဲ့ပြီး ယနေ့ထက်တိုင် ကိုယ့်မင်းကိုယ့်ချင်းဘဝဖြင့် နေထိုင်ရပ်တည်နေခြင်းဖြစ်ပေသည်။

သို့သော် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းတွင် အမြင်မတူသဘောထားကွဲလွဲမှု အမျိုးမျိုးတို့ကြောင့် လက်နက်ကိုင်အဖွဲ့များပေါ်ပေါက်ကာ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို ထိခိုက်စေခဲ့ပါသည်။ ထို့ကြောင့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာ အောင်မြင်မှုများရရှိနေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ရမည် ဖြစ်ပါသည်။

လက်ရှိကာလတွင်လည်း နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားပြည်သူအားလုံး၏ ဆန္ဒနှစ်ရပ်ဖြစ်သော တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးသော နိုင်ငံဖြစ်ရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှု၊ အုပ်ချုပ်ရေးယန္တရားတိုးတက်ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲမှု၊ ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲတိုးတက်ဖွံ့ဖြိုးအောင် ပြုပြင်ပြောင်းလဲမှု စသည့်ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူအားလုံးတို့သည် တစ်မိဝမ်းတွင်းမှ ဆင်းသက်လာသော ညီရင်းအစ်ကို၊မောင်ရင်းနှမများသဖွယ်ဖြစ်ကြပါသည်။ မြန်မာနိုင်ငံတော်ကြီး ပြန်လည် လွတ်လပ်အောင် တိုင်းရင်းသားပြည်သူအားလုံး တစ်စိတ်တစ်ဝမ်းတည်း ကြိုးပမ်းအားထုတ်ခဲ့ကြသကဲ့သို့ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်အေးချမ်းသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာစေရန်အတွက်လည်း ညီညီညွတ်ညွတ် ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်ကြရမည်ဖြစ်ပါသည်။

လက်ရှိအချိန်တွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဘက်ဘက်မှ အခြေအနေကောင်းများ၊ အလားအလာကောင်းများရှိနေပြီဖြစ်သည်။ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးက ရရှိနေသော အခြေအနေကောင်းများကို အမိအရဆုပ်ကိုင်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ဖြစ်ပေါ်အောင် ညီညီညွတ်ညွတ်ဝိုင်းဝန်းတည်ဆောက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

(၂၇) ကြိမ်မြောက် ဆီးဂိမ်းတွင် အောင်ပွဲရအားကစားသမားများအား ဂုဏ်ပြုဆုငွေများချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၄

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံက ရွှေ၊ငွေ၊ ကြေးဆုတံဆိပ်ပေါင်း ၂၃၃ ဆုရရှိခဲ့ရာ ရွှေတံဆိပ် ၈၆ ဆုအတွက် တစ်ဆုလျှင် ငွေကျပ်ခုနစ်သိန်းနှုန်း၊ ငွေတံဆိပ် ၆၂ ဆုအတွက် တစ်ဆုလျှင် ကျပ် ငါးသိန်းနှုန်း၊ ကြေးတံဆိပ် ၈၅ ဆုအတွက် တစ်ဆုလျှင် ငွေကျပ် သုံးသိန်းဖြင့် ဂုဏ်ပြုဆုငွေကျပ်သိန်းပေါင်း ၁၁၆၇ သိန်းကို မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း နာယကများဖြစ်ကြသော ဦးချောင်း-သီဟသုဓမ္မသိင်္ဂီ ဒေါ်ရွှေစင် မိသားစု (Golden PINYA Investment Co.,Ltd) တို့က ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ Trader ဟိုတယ်၌ ချီးမြှင့်ပေးအပ်သည်။

ဂုဏ်ပြုဆုငွေချီးမြှင့်ရခြင်းနှင့် ပတ်သက်၍ သေနတ်ပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သူ မသူသူကျော်က “ဥက္ကဋ္ဌ ချီးမြှင့်တဲ့ပွဲမှာတော့ ရွှေတံဆိပ်ကိုငွေကျပ်သိန်း ၂၀၀ ပေးပါတယ်။ အသင်းလိုက်ငွေတံဆိပ်ဆုကို ငွေကျပ်သိန်း ၁၀၀ ပေးပါတယ်။ မိဘတွေက နယ်မှာဖြစ်ပြီး နာဂစ်မုန်တိုင်းမှာ ပြိုထားတဲ့ အိမ်လေးရှိတယ်။ အဲဒီအိမ်လေးကို ပြန်ဆောက်ပေးချင်နေတာ။ ဖေဖေက နောက်တစ်နှစ်ဆိုရင် ပင်စင်ယူတော့မှာဖြစ်တဲ့အတွက် ပူပန်နေတာ။ သာမန် အခြေအနေဆိုရင် အိမ်တစ်လုံးဆောက်ဖို့ မလွယ်ပါဘူး။ အဲဒါကို ဆုတောင်းတယ်။ ရအောင်လည်း ကြိုးစားတယ်။ ဖြစ်မြောက်သွားလို့ရှိရင် အိမ်က မိဘအတွက် ပထမဦးစားပေးဆောက်ပေးမယ်လို့စိတ်ကူးပြီးတိုင်တည်ခဲ့တယ်။ တစ်ဖက်တစ်လမ်းက မိဘရဲ့ ကျေးဇူးကိုပြန်ဆပ်နိုင်လို့ ဝမ်းသာပါတယ်။ ယခုလို ချီးမြှင့်တဲ့အတွက် မြန်မာ-တရုတ်ချစ်ကြည်ရေး ပေါင်းစည်းထားတဲ့ပွဲကို တက်ခွင့်ရတာကြောင့် ဝမ်းသာဂုဏ်ယူပါတယ်။

အားကစားသမားတွေအတွက် အတွေ့အကြုံက အလွန်အရေးကြီးပါတယ်။ ရွှေရဖို့အတွက် နိုင်ငံတကာ အတွေ့အကြုံတွေလည်း လိုပါတယ်။ သေနတ်ပစ်က အရင်က နှစ်နှစ်ကို တစ်ကြိမ်သွားရတယ်။ အဲဒီအချိန်မှာ ပြည်ပအတွေ့အကြုံအတွက် အခါအားလျော်စွာ လွှတ်ပေးတာကြောင့် ရလာတယ်။ ပြိုင်ပွဲတစ်ပွဲကြုံတိုင်း စိတ်လှုပ်ရှားမှုကို ထိန်းချုပ်နိုင်တယ်။ ပြိုင်ပွဲများ ရှုံးနိမ့်ခဲ့ပေမယ့် ပညာရခဲ့ပါတယ်။ ရှုံးနိမ့်မှုတွေကို ပိုင်ဆိုင်ရပြီးတဲ့နောက်မှာတော့ တစ်ကြိမ်ကြိမ်တော့ အနိုင်ရရမယ်ဆိုတဲ့ စိတ်ကြောင့် အောင်မြင်ခဲ့တာပါ”ဟု ဆိုသည်။

ဆက်လက်၍ ဂုဏ်ပြုဆုချီးမြှင့်သူ ဒေါ်ရွှေစင်က “မြန်မာနိုင်ငံမှာ ဗုဒ္ဓဘာသာဝင် အများစုနေထိုင်ကြပြီး နှစ်ပေါင်းထောင်ကျော် တိုင်းရင်းသားလူမျိုးစုများ၊ ရိုးသားဖြူစင်ပြီး အကြင်နာတရားပွားများတတ်တဲ့ မြန်မာလူမျိုးတို့ရဲ့ သမိုင်းဝင်တဲ့ ဓလေ့ထုံးတမ်းတွေကြောင့် ယနေ့ခေတ်အားကစားပြိုင်ပွဲတွေဟာဆိုရင် အားကစားတစ်ခုတည်းကို ဦးတည်ပြီးပြိုင်တဲ့ ပြိုင်ပွဲတွေမဟုတ်တော့ပါဘူး။ ကိုယ့်နိုင်ငံရဲ့ ဇာတိဂုဏ်၊ အမျိုးဂုဏ်မြင့်မားရေးအတွက် ပြိုင်တဲ့ပြိုင်ပွဲဆိုလည်း မမှားပါဘူး။ ဒါကြောင့် ကျွန်မတို့နိုင်ငံက အားကစားသမားတွေ ရွှေတံဆိပ်ဆုဆွတ်ခူးပြီးတော့ နိုင်ငံ့ဂုဏ်ဆောင်နိုင်အောင် ကျားကုတ်ကျားခဲ ကြိုးစားခဲ့ကြတာကို တွေ့မြင်ခဲ့ရပြီးဖြစ်ပါတယ်။

အားကစားပြိုင်ပွဲများမှတစ်ဆင့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တွေ တိုးပွားလာပါတယ်။ ဒါကြောင့် ဂုဏ်ပြုချီးမြှင့်ထိုက်သူကို ချီးမြှင့်ခြင်းဟာ မင်္ဂလာတစ်ပါးပါလို့ ခံယူထားပါတယ်”ဟု ပြောသည်။

ဆီးဂိမ်းတွင် ကာယဗလမောင်ပြိုင်ပွဲမှ ရွှေတံဆိပ်ဆုရရှိခဲ့သော အောင်ခိုင်ဝင်းက “ကြိုတင်ပြင်ဆင်မှုကို တစ်နှစ်လုံး ပြင်ဆင်ခဲ့ရတယ်။ ဆီးဂိမ်းပွဲကြီးပြီးတော့လည်း ခဏနားပြီး နောက်ပြိုင်ပွဲအတွက် ဆက်လက်လေ့ကျင့်ပြင်ဆင်နေရပါတယ်။ ကျွန်တော်တို့အားကစားနည်းက တစ်နှစ်လုံး ပြင်ဆင်ရတဲ့ကစားနည်းပါ။ အခုဟာက အရှေ့တောင်အာရှပြိုင်ပွဲလို့သာပြောတာ အမှန်တကယ်တော့ ပြိုင်ပွဲမှာ ကမ္ဘာ့ထိပ်တန်းရွှေတံဆိပ်ဆုရှင်တွေ လာပြိုင်တာပါ။ ကျွန်တော်တို့ပြိုင်တဲ့ (၅)တန်းလောက်က အရမ်းကျပ်ပါတယ်။ ရွှေငွေရဖို့အတွက် အပြင်းအထန်ပြင်ဆင်ရပါတယ်။ ရွှေဆုကို ရမှုဖြစ်မယ်ဆိုတဲ့စိတ်နဲ့ ကျွန်တော်တို့ယှဉ်ပြိုင်ခဲ့ပါတယ်။ ပြိုင်ပွဲမှာ ကိုယ်ကအိမ်ရှင်ဖြစ်တဲ့အတွက် မျှော်လင့်မှုက ပိုကြီးပါတယ်။ ကိုယ့်နိုင်ငံမှာ ရှုံးလို့မဖြစ်ဘူးလေ။ အောင်မြင်မှုနဲ့ အဆုံးသတ်တာကြောင့် ပျော်ပါတယ်။ ကျွန်တော်တို့ရဲ့ အောင်မြင်မှုကို အခုလိုအသိအမှတ်ပြုဂုဏ်ပြုပေးတဲ့အတွက် အရမ်းလည်း ဝမ်းသာပါတယ်”ဟု ဆိုသည်။

စေတနာသည် ကံမည်ပါသည်။ လူ့အဖွဲ့အစည်းတစ်ရပ်၊ နိုင်ငံတစ်နိုင်ငံအတွက် ကောင်းမွန်သော စေတနာဖြင့် ဆောင်ရွက်သူတိုင်းအတွက် ပေးဆပ်မှုနှင့် ထိုက်တန်သော ဆုလာဘ်များကို ပြန်လည်ခံစားရရှိရန်မှာ မလွဲဧကန်ဖြစ်ပါသည်ဟု ယခု ဂုဏ်ပြုပွဲက ညွှန်းဆိုပြသလျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။

ဆွေဆွေနိုင်၊ ဝင်းဝင်းမော်

ဥတုရာသီ
တောကိုမှီ၍

✫ နိုင်ငံတော်သမ္မတမှ

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ၎င်းတို့၏ဇနီးများ၊ (၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဝင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများ၊ နိုင်ငံရေးပါတီဥက္ကဋ္ဌများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ညှို့ခံဖျော်ဖြေ

(၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ညှို့ခံပွဲနှင့် ညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း တေးသံရှင်များက မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်တွဲဖက်၍ တေးသီချင်းများဖြင့် ညှို့ခံဖျော်ဖြေတင်ဆက်ကြသည်။

ထို့အပြင် အခမ်းအနားတွင် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မီးရှူးမီးပန်းများလည်း ပစ်ဖောက်ဂုဏ်ပြုခဲ့ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ညှို့ခံပွဲနှင့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာသော မြန်မာနိုင်ငံဆိုင်ရာ သံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံသံအမတ်ကြီးနှင့် သံတမန်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ် (အပေါ်ပုံ)**နှင့် အနုပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (အောက်ယာပုံ) **(သတင်းစဉ်)**

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မီးရှူးမီးပန်းများ ပစ်ဖောက်ဂုဏ်ပြုစဉ်။
ကျော်ဇေယျ(သတင်းစဉ်)

လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကျောင်းတွင်းအားကစားပြိုင်ပွဲများ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျောင်းတွင်းအားကစားပြိုင်ပွဲများကို နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်၊ အမှတ် (၁၁) အခြေခံပညာအထက်တန်းကျောင်းရှေ့ အားကစားကွင်း မြက်ခင်းပြင်၌ ယနေ့ နံနက် ၇ နာရီမှစ၍ စည်ကားစွာ ကျင်းပခဲ့သည်။

အခမ်းအနားသို့ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်နှင့် အခြေခံပညာဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနပေါင်းစုံမှ ဝန်ထမ်းမိသားစုများ၊ ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ တက်ရောက်ခဲ့ကြသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားနည်းများအလိုက် ဆုရရှိသူ ကျောင်းသား ကျောင်းသူများအား အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်ကလည်းကောင်း **(ဝဲပုံ)၊** ဌာနဆိုင်ရာအကြီးအကဲများက လည်းကောင်း၊ ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းအကျိုးတော်ဆောင်များက လည်းကောင်း ဆုများအသီးသီး ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

သန်းနိုင်(ဇမ္ဗူသီရိ)

ဇမ္ဗူသီရိမြို့နယ်၌ လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ခနသိဒ္ဓိရပ်ကွက်၌ ဇန်နဝါရီ ၄ ရက်တွင် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပကြောင်း သိရသည်။

အားကစားပြိုင်ပွဲကို ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစောလင်းဦးစီး၍ ရပ်ကွက်အထောက်အကူပြုအဖွဲ့များမှ အားကစားနည်း ၁၁ မျိုးကို ရပ်ကွက်အတွင်းနေထိုင်သော မိသားစုဝင်များအား ယှဉ်ပြိုင်စေပြီး ဆုအသီးသီးချီးမြှင့်ခဲ့ကြောင်း သိရသည်။

ကျော်သူရ(နေပြည်တော်)

အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည့် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပနိုင်ရန် နေပြည်တော်တွင် ဖွင့်လှစ်လိုက်သည့် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနနှင့် နိုင်ငံတော်ဧည့်ဂေဟာတို့ရှိ အစည်းအဝေးခန်းမများ၊ အိပ်ဆောင်များ၊နားနေဆောင်မြင်ကွင်း မှတ်တမ်းဓာတ်ပုံများ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံတော်ဧည့်ဂေဟာအဆောက်အအုံအတွင်းရှိ အရေးကြီးပုဂ္ဂိုလ် အိပ်ခန်းကို လှည့်လည်ကြည့်ရှုစဉ်(အပေါ်ပုံ)၊ နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပနိုင်သည့် ဆွေးနွေးပွဲခန်းမငယ် (အောက်ဝဲပုံ)၊ အရေးကြီး ပုဂ္ဂိုလ် နားနေခန်း(အောက်ယာပုံ)နှင့် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနအား ညမီးရောင်များနှင့် လှပခံ့ညားစွာ မြင်တွေ့ရစဉ် (အောက်ဆုံးပုံ)။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံ အလှည့်ကျဥက္ကဋ္ဌတာဝန်ယူသည့်နှစ်အတွင်း ထိပ်သီးအစည်းအဝေး၊ ဝန်ကြီးအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အိမ်ရှင်အဖြစ်လက်ခံ၍ အစည်းအဝေးဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်ဖြစ်။

ထို့ပြင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ အာဆီယံဒေသဆိုင်ရာဖိုရမ်၊ အာဆီယံ ကာကွယ်ရေးဝန်ကြီးများ အစည်းအဝေး၊ အာဆီယံ စီးပွားရေးဝန်ကြီးများ အစည်းအဝေး၊ အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေး၊ အာဆီယံ အမြဲတမ်းကိုယ်စားလှယ်များ ကော်မတီနှင့် အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေး ကော်မရှင်အစည်းအဝေးများကို အိမ်ရှင်အဖြစ်၊ အစည်းအဝေးဥက္ကဋ္ဌအဖြစ် ကျင်းပရမည်ဖြစ်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန အဆောက်အအုံအတွင်း အာဆီယံထိပ်သီးအစည်းအဝေးကျင်းပမည့် ခန်းမအတွင်း ပြင်ဆင်ထားမှုများကို ကြည့်ရှုစစ်ဆေးစဉ်(အပေါ်ဆုံးပုံ)၊ နိုင်ငံတော်ဧည့်ဂေဟာရှိ အိပ်ဆောင်များအတွင်း ခင်းကျင်းထားမှု(ဝဲပုံ)၊ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန အတွင်းမြင်ကွင်း(အပေါ်ပုံ)နှင့် ရှုခင်းများကြည့်ရှုရန် သီးသန့်ဆောက်လုပ်ထားသောအဆောင်ကို တွေ့ရစဉ်(အောက်ဆုံးပုံ)။

ပြောချင်လွန်းလို့ပါ

တက္ကသိုလ်လှမောင်(ရေတာရှည်)

လွတ်လပ်ရေးနေ့

လွတ်လပ်ရေးနေ့ဟာ ဘယ်နေ့လဲ၊ ဟုတ်ပါတယ်။ ကိုလိုနီထမ်းပိုးအောက်က လွတ်မြောက်လာတဲ့ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ရက်နေ့ဟာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးရဲ့ လွတ်လပ်ရေးနေ့ပါပဲ၊ လွတ်လပ်ရေးရခဲ့တာပင် (၆၆)နှစ်ရှိခဲ့ပါပြီ။ လွန်ခဲ့သော (၆၆)နှစ်က မြန်မာတစ်မျိုးသားလုံးတောင်ပေါ်မြေပြန့်မကျန် စုရုံးကာ တော်လှန်တိုက်ခိုက်ခဲ့ကြလို့ လွတ်လပ်ရေးအောင်ပန်းကြီး ဆွတ်ခူးနိုင်ခဲ့တယ်။ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းမှာ အသက်သွေးချွေးတွေ ပေးဆပ်ခဲ့ကြတယ်။ ကြိုးပမ်းမှုသမိုင်းကြောင်းကြီးက အံ့မခန်းလောက်တွင် ဂုဏ်ယူဖွယ်ဖြစ်ခဲ့ပါတယ်။ မြန်မာတွေ ကြိုးစားခဲ့တယ်။ မြန်မာတွေ ညီညွတ်ခဲ့တယ်။ နယ်ချဲ့စနစ်ကို မြန်မာတစ်နိုင်ငံလုံး တောင်ပေါ်မြေပြန့်မကျန် အုံလိုက်ကျင်းလိုက် တွန်းလှန်တိုက်ခိုက်ခဲ့ကြတယ်။ တိုင်းရင်းသားအပေါင်းရဲ့ အသက်သွေးချွေးတွေပေးပြီး လွတ်လပ်ရေးကြီး အရယူနိုင်ခဲ့တယ်။

နိုင်ငံတော်ကြီး တစ်ပါးသူ၏ကျွန်ဘဝကရုန်းထခဲ့ပြီး ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ခွင့်ရခဲ့ပြီ။ လွတ်လပ်ရေး၏ အသီးအပွင့်တွေကို စားသုံးလို့ လွတ်လပ်ရေးအရသာမြိန်ရေယှက်ရေခံစားကြပေတော့၊ လွတ်လပ်ရေးအသီးအပွင့်ဆိုတာက ပြည်တွင်းစစ်ကြီးလား၊ ညီညွတ်မှုတွေပြိုကွဲ၊ သူတစ်လူငါတစ်မင်း ထင်ရာတွေစိုင်းခြင်းမျိုးတွေလား။ လွတ်လပ်ရေးကြီး (၆၆)နှစ်တာကာလကို ပြန်ကြည့်တဲ့အခါ တရားသံဝေဂရဖွယ်တွေချည်းပါပဲ။ တိုင်းတစ်ပါးသားတို့ရဲ့ ကျွန်ပြုမှုအောက်က လွတ်မြောက်ခဲ့တာတော့ ဟုတ်ပါပြီ။ ကျန်တဲ့အပိုင်းတွေကတော့ ရှုပ်ထွေးပွေလီဖြေရှင်းမရ၊ ဘယ်ဘဝရောက်နေလို့ ရောက်နေမှန်းကို မသိရလောက်အောင် ဖြစ်နေရတယ်။ ကိုယ့်နောက်ကနိုင်ငံလေးတွေပင် ဖွံ့ဖြိုးတိုးတက်နေပြီ။ ကိုယ်ကနောက်ကျကျန်ရစ်ခဲ့လေသည်။ အခြေအနေ အရပ်ရပ်အစစသာလွန်နေပါလျက်၊ တိုးတက်သင့်ပါလျက် အထင်သေးဖွယ်ရာ၊ မျက်နှာငယ်ဖွယ်ရာ ဖြစ်နေသည်။

ကိုလိုနီနယ်ချဲ့နိုင်ငံကြီးများကလည်း မဟာဗျူဟာ၊ နည်းဗျူဟာမျိုးစုံပြောင်းလို့ ကျွန်ဇာတ်သွင်းရေးသာ စူးစူးစိုက်စိုက် ကြိုးပမ်းနေကြသည်။ Neo-colonialism ကိုလိုနီလက်သစ်ဝါဒဆိုပြီး ဆန်းဆန်းပြားပြားကျင့်သုံးလာကြသည်။ သိမ်မွေ့သည်။ ကျွန်ဇာတ်သွင်းနေလို့ သွင်းနေမှန်းပင်မသိရ၊ သေနတ်သံမကြား၊ စကားသံမထွက် Silent-colonialism အသံတိတ်ကိုလိုနီဝါဒတဲ့၊ Globalization ဆိုတဲ့ ပုံစံနဲ့လည်းဝင်တယ်။ Human right ဆိုတာတွေနဲ့ လည်းဝင်တယ်။ NGO ပုံစံတွေကတစ်မျိုး၊ ကိုယ့်နိုင်ငံကိုယ်ချစ်တဲ့သူတွေ၊ ကိုယ့်အမျိုးကိုယ့်ယဉ်ကျေးမှု ကိုယ်မြတ်နိုးတဲ့သူတွေ တောင့်တင်းခံနိုင်ကြပါရဲ့လား။ ဆွမယ်၊ ဖွမယ်၊ မရှုပ်ရှုပ်အောင်လုပ်၊ မပြုတ်ပြုတ်အောင်ဆော်၊ ကျွန်ဇာတ်တွေ ဘယ်လိုသွင်းမလဲပဲ၊ ကြံစည်နေကြတယ်။

အဲဒါတွေကိုသိမှ၊ အဲဒါတွေကိုသတိထားမှ ရထားတဲ့ လွတ်လပ်ရေးကြီး ရေရှည်တည်တံ့ခိုင်မြဲပေလိမ့်မည်။ လွတ်လပ်ရေးရတယ်ဆိုတာ လှောင်ချိုင့်ထဲက လွတ်လာတာပါ၊ လှောင်ချိုင့်စံငှက်ကလေး လှောင်ချိုင့်စံဘဝကလွတ်မြောက်လာတယ်၊ တောင်ပံရိုက်ခတ်ဆော်ကြူးပြီး အမြင့်ကြီးကို၊ အဝေးကြီးကိုလွတ်လွတ်လပ်လပ်ကြီး ပျံသန်းသွားနိုင်ပြီ၊ သူဘာ ဆက်လုပ်မလဲ၊ အမြင့်ကြီးပျံသန်းပြီး သစ်ကိုင်းပေါ်မှာအိပ်ငိုက်နေမှာလား။

အလုပ်မလုပ်လို့ကတော့မဖြစ်၊ အလုပ်တွေလုပ်ရမည်၊ တာဝန်တွေ၊ စည်းကမ်းဥပဒေတွေလိုက်နာရမည်၊ စည်းကမ်းဥပဒေမရှိသော လွတ်လပ်မှုဆိုတာမကောင်းပါ၊ လွတ်လပ်မှုမရှိသော စည်းကမ်းဥပဒေဆိုတာလည်း မကောင်း၊ ဒီနှစ်မျိုးစလုံးဟာ လူ့အသိုင်းအဝိုင်းကိုဖျက်ဆီးပါတယ်။ လွတ်လပ်မှုနှင့် စည်းကမ်းတာဝန်သည် အမြဲယှဉ်တွဲနေသည်။ လွတ်လပ်ရေးရပြီဆိုပြီး လေလွင့်နေကြဖို့မဟုတ်၊ ဖင့်နွဲ့အိပ်ငိုက်နေကြဖို့မဟုတ်၊ ရန်ဖြစ်လုယက်နေကြဖို့မဟုတ်၊ လွတ်လပ်ရေးသည် အလုပ်၊ အလုပ်သည် လွတ်လပ်ရေး၊ အရည်အသွေး၊အရည်အချင်းတွေပြည့်ဝအောင် ဖြည့်ဆည်းနေရမည်၊ ဗိုလ်ချုပ် ပြောသလို တလွဲဆံပင်ကောင်းနေကြလို့မဖြစ်၊ လွတ်လပ်မှုရဲ့တန်ဖိုးဟာဘာလဲ၊ What is liberty without freedom and without virtue တဲ့၊ ကိုယ်ကျင့်တရားနဲ့ ဉာဏ်ပညာမပါတဲ့ လွတ်လပ်မှုဟာ ဘာမှတန်ဖိုးမရှိဘူးတဲ့။

လွတ်လပ်မှုမှာ စိတ်ကအရေးကြီးဆုံးပါပဲ၊ စိတ်က ကျွန်စိတ်ဖြစ်နေရင် ဘယ်တော့မှလွတ်လပ်မှာမဟုတ်ဘူး၊ ကျွန်စိတ်တွေက လွန်မြောက်မှ လွတ်လပ်ရေးရမယ်၊ ကျွန်ဆိုတာမလွတ်လပ်ဘူး၊ ဘာတွေကနေလွတ်လပ်ရမည်နည်း။ တောထဲမှာ ပုဏ္ဏားတစ်ယောက်က မြတ်စွာဘုရားကို တွေ့တော့မေးတယ်၊ သူကဘုရားမှန်းလည်းမသိတော့ "ရဟန်းကြီး သင်ဘယ်သူလဲ"လို့မေးသတဲ့၊ ဒီအခါ ဘုရားက "ငါသည် လွတ်လပ်သူပဲ" လို့ဖြေလိုက်တယ်။

-လောဘကိုလွှတ်၊ လောဘလွတ်၊ အလောဘဖြင့်လွတ်လပ်သည်။

-ဒေါသကိုလွှတ်၊ ဒေါသလွတ်၊ အဒေါသဖြင့်လွတ်လပ်သည်။

-မောဟကိုလွှတ်၊ မောဟလွတ်၊ အမောဟဖြင့်လွတ်လပ်သည်။

လွတ်လပ်ချင်ရင် ဝိသမလောဘတွေကို တိုက်ထုတ်ပစ်ပါ၊ ရန်သတ္တရုတွေမပြုကြပါနှင့်၊ အသိဉာဏ်တွေဖြန့်ကြက်စေစားကြပါ၊ လောဘတွေ၊ ဒေါသတွေ၊ မောဟတွေ ပါးလျားသွားအောင်ကြိုးစားသွားကြပါဟု၍ တိုက်တွန်းလိုက်ရပါသည်။ ။

လွတ်လပ်ရေးပန်းခင်း

(တျာချင်း)

✻ လွတ်လပ်ရေးပန်း၊ ပွင့်လန်းခဲ့တို့မြေ
ပြည်ထောင်စုတွင်း၊ သားချင်းတူညီပေ
မြန်မာပြည်နေ၊ ချစ်ဆွေအင်အား
အမျိုးထိလာ၊ မခံပါ
✻ သစ္စာတရား ပွားသည်တည့်လေး။
ကချင် ကယား၊ စွမ်းအားဖြိုးလှိုင်လှိုင်
ကရင်နှင့်ရှမ်း၊ မွှော်မှန်းမိုးထိပိုင်
ဗမာ ရခိုင်၊ ဖွဲ့နိုင် မွန်ချင်း
အမျိုးအားမာန်၊ ရှိခဲ့မှန်
စိတ်သန်သတိ လင်းသည်တည့်လေး။
✻ လွတ်လပ်ရေးနှင်း ပန်းခင်းမို့ဖြူစင်
အမိမြေဖွား၊ သွေးသားအစစ်ပင်
ချစ်ချစ်ခင်ခင်၊ အကြင်နာတိုး
အရေးကြုံလာ၊ သွေးစည်းကာ
ညီညာအမျိုး နိုးသည်တည့်လေး။
✻ ပြည်ထောင်စုကျိုး၊ ရှေးရိုးအစဉ်လာ
ကိုယ့်သွေးရိုးထိ၊ မချိအောင်နာ
ရမ်းကားကြုံတွေး၊ ကျူးကျော်ဘေး
တွန်းလှန်တိုက်ထုတ်ခဲ့သည်တည့်လေး။
✻ ခိုင်မာဖွဲ့နှဲ့၊ ယှဉ်တွဲစိတ်ထက်သန်
ကောင်းကျိုးစွက်ဖက်၊ ချေဖျက်ဖယ်ထုတ်ပြန်
မြန်မာနိုင်ငံ၊ အောင်လံမြင့်မား
ခံယူချက်ညီ၊ နှလုံးတည်ထား
မြန်ပြည်ရွှင်လန်းမည်တည့်လေး။
✻ ဘိုးဘွားခေတ်အမွေ ဆက်ခံသွားတဲ့ပြည်ထောင်မြေ
နိုးကြားချစ်မလေ ထက်သန်အားနဲ့ညီနောင်တွေ
ဘေးမသန်းသည် အေးချမ်းသာတော့မည်။
စိုပြည်လန်းဆန်း ပွင့်လန်းဖြာတော့မည်။

စိုးသိမ်းစိုး(ဘက်-ငြိမ်း)

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲအမှတ်(၁၁)အကြီးစားစက်ရုံ(ရန်ကုန်)၌ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း အမှတ်(၁၁)အကြီးစားစက်ရုံ(ရန်ကုန်) ဝန်ထမ်းများ၏ (၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ်အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများကို ယမန်နေ့နံနက် ၉ နာရီတွင် စက်ရုံဝင်းအတွင်း၌ ကျင်းပသည်။

အားကစားပြိုင်ပွဲများကို အဆိုပါစက်ရုံရှိ စီမံကိန်းဌာန၊ ဘဏ္ဍာရေးဌာန၊ စီမံခန့်ခွဲရေးဌာနနှင့် ထုတ်လုပ်ရေးဌာန(၁)၊ (၂)၊ (၃) တို့မှ အားကစားသမားဝန်ထမ်းများက အားကစားနည်းကိုးမျိုးတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ကြရာ အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် ထုတ်လုပ်ရေးဌာန(၁)က ပထမ၊ ထုတ်လုပ်ရေးဌာန(၃)က ဒုတိယ၊ အမျိုးသမီးထုပ်ဆီးတိုးပြိုင်ပွဲတွင် ထုတ်လုပ်ရေး(၃)က ပထမ၊ ထုတ်လုပ်ရေး(၂)က ဒုတိယ၊ အမျိုးသားလွန်ဆွဲပြိုင်ပွဲတွင် စီမံကိန်းဌာနက ပထမ၊ ထုတ်လုပ်ရေး(၃)က ဒုတိယ၊ အမျိုးသမီးပွဲစဉ်တွင် ထုတ်လုပ်ရေး(၂)က ပထမ၊ ထုတ်လုပ်ရေး(၃)က ဒုတိယ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ထုတ်လုပ်ရေး(၁)က ပထမ၊ ထုတ်လုပ်ရေး(၁/ခ)က ဒုတိယ၊ အမျိုးသမီး သံပရာသီးဇွန်းကိုက်ပြေးပြိုင်ပွဲတွင် စီမံကိန်းဌာနက ပထမ၊ ထုတ်လုပ်ရေး(၂)ကဒုတိယ၊ ထုတ်လုပ်ရေး(၃)က တတိယ၊ အမျိုးသမီးမီတာ (၁၀၀) အာလူးကောက်ပြိုင်ပွဲတွင် ထုတ်လုပ်ရေး(၃)က ပထမနှင့် ဒုတိယ၊ ထုတ်လုပ်ရေး(၂)က တတိယရရှိကြပြီး အမျိုးသား၊ အမျိုးသမီးစုံတွဲမီတာ (၁၀၀) အပ်ချည်ထိုးပြေးပွဲတွင် စီမံကိန်းဌာနမှ ပထမ၊ ဒုတိယနှင့် တတိယ အသီးသီးရရှိကြပြီး မီတာ (၅၀) ဆန်ကောရွက်ပြိုင်ပွဲတွင် ထုတ်လုပ်ရေး(၂)က ပထမ၊ ဘဏ္ဍာရေးဌာနက ဒုတိယ၊ စီမံခန့်ခွဲရေးဌာနက တတိယရရှိကြသည်။

ဆုပေးပွဲကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပရာ ဌာနအသီးသီးမှ ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများကို အမှတ်(၁၁)အကြီးစားစက်ရုံ(ရန်ကုန်)၏ အထွေထွေမန်နေဂျာဦးမျိုးချိုနှင့်တာဝန်ရှိသူများက ဆုများချီးမြှင့်ကြပြီး ပဏာမ ကံစမ်းမဲများဖောက်ကာ နှစ်သစ်ကူးအမှတ်တရ လက်ဆောင်များကို ဝန်ထမ်းများအား ပေးအပ်ခဲ့ကြသည်။

(အောင်ကျော်ဦး)

(၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ်ကလေးပြိုင်ပွဲကျင်းပ

စစ်တွေ ဇန်နဝါရီ ၄

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲကို ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းက စစ်တွေမြို့ ဆတ်ရိုးကျတိုးချဲ့ရပ်ကွက်ရှိ ဝေဠုဝဏ်ဘုန်းတော်ကြီးသင်ပညာကျောင်းဝင်းအတွင်း၌ ကျင်းပရာ ရခိုင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါ်နုနုဖံနှင့် ပြည်နယ်ဝန်ကြီးများ၏ ဇနီးများ၊ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်ညိုညိုဝေလွင်နှင့်အဖွဲ့ဝင်များ၊ ပြည်နယ် /ခရိုင်/မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ အာဟာရဌာနအဖွဲ့ခေါင်းဆောင်ဆရာဝန်ဒေါက်တာမြမြသန်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော့သာစိန်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြန်မာနိုင်ငံ ကျန်းမာရေးမှူးများအသင်းမှ ကျန်းမာရေးမှူးများ၊ ရပ်ကွက်အတွင်းရှိ ပြိုင်ပွဲဝင်ကလေးငယ်များနှင့် မိခင်များ တက်ရောက်ကြသည်။

အဆိုပါ ပြိုင်ပွဲတွင် မွေးကင်းစမှ အသက်ခြောက်လအထိ၊ အသက်ခြောက်လမှ တစ်နှစ်၊ တစ်နှစ်မှ တစ်နှစ်ခွဲအထိ၊ တစ်နှစ်ခွဲမှနှစ်နှစ်အထိ ကလေးများအားအုပ်စုများခွဲ၍ ပြိုင်ပွဲကိုကျင်းပရာ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယကနှင့် အဖွဲ့ဝင်တို့က လှည့်လည်ကြည့်ရှုအားပေးကြပြီး ကလေးငယ်များ၏မိခင်များအား လက်ဆောင်ပစ္စည်းနှင့် အားဆေးများပေးအပ်ခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

(ပြည်နယ် ပြန်/ဆက်)



မီးကြွင်းမီးကျန် မထားရန်
ကျင့်ကြံသတိ အမြဲရှိ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားတက်ရောက်

နေပြည်တော် ဇန်နဝါရီ ၄

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိ ဗိမာန်၌ ကျင်းပသော ၂၀၁၂ ခုနှစ်နှင့် ၂၀၁၃ ခုနှစ် တပ်မတော်စွမ်းရည် သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် နှင့် လက်မှတ်များရရှိခဲ့သည့် အရာရှိ စစ်သည်များနှင့် အမွေခံများသို့ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ် များ ချီးမြှင့်အပ်နှင်းခြင်း အခမ်း အနားသို့ တက်ရောက်၍ ဂုဏ်ထူး ဆောင်တံဆိပ်နှင့် လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိုးရိပုံချိုစိုးဝင်းနှင့် ဇနီး၊ ညှိနှိုင်း ကွပ်ကဲရေးမှူး၊ (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး သရေစည်သူ လှဌေးဝင်း နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သူရ သက်ဆွေနှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် ခင်အောင်မြင့်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ ကြီးများနှင့် ဇနီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဇနီး၊ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ် လက်ခံရယူကြမည့် အရာရှိ၊ စစ်သည် များနှင့် အမွေခံများ ဖိတ်ကြားထား သည့် ဧည့်သည်တော်များ တက် ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်က တပ်မတော် စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင် တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့် အပ်နှင်းခြင်းနှင့် စပ်လျဉ်း၍ မိန့်ခွန်း ပြောကြားရာတွင် အမိနိုင်ငံတော်ရဲ့ အချုပ်အခြာပိုင်နက်နယ်မြေ၊ နိုင်ငံတော် နှင့် ပြည်သူလူထု၏ အကျိုးစီးပွား တို့ကို ကာကွယ်စောင့်ရှောက်ကြရာ တွင် တပ်မတော်ရဲ့ အစဉ်အလာ ကောင်း တစ်ဆယ့်နှစ်ရပ်နှင့်အညီ တို့တပ်မတော်ရဲ့ ရဲရဲဝံ့ဝံ့ စွန့်လွှတ် စွန့်စားဆောင်ရွက်သည့် ဂုဏ်အင် များကို ပိုမိုတောက်ပြောင် ထည်ဝါလာ အောင် မိမိတို့ရဲ့ အသက်ခန္ဓာကို မဆုတ်မတွန့် နှင်းဆက်စွန့်လှူပြီး ပေးအပ်ထားသည့် ရည်မှန်းချက် တာဝန်ဝတ္တရားများကို ပြီးမြောက် အောင်မြင်အောင် ကြိုးပမ်းဆောင် ရွက်မှု၊ ကြံ့ခိုင်သော စိတ်ဓာတ်၊ ခိုင်မြဲ သော သန္နိဋ္ဌာန်၊ စွန့်လွှတ်စွန့်စား သောစိတ်၊ ရဲဝံ့ပြောင်မြောက်သော သူရသတ္တိတို့ဖြင့် တာဝန်ထမ်းဆောင် ခဲ့မှုများအတွက် နိုင်ငံတော်မှ တပ်မတော်ဆိုင်ရာ ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်၊ ဂုဏ်ထူးဆောင်လက်မှတ် များ ချီးမြှင့်အပ်နှင်းပေးလျက်ရှိကြောင်း။

တပ်မတော်ဆိုင်ရာ စွမ်းရည် ဘွဲ့/တံဆိပ်(၁၂)မျိုးကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်စွဲပါ အမိန့် ကြော်ငြာစာအမှတ် (၄၈/၂၀၀၉)ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ချီးမြှင့်ပေးလျက် ရှိပါ ကြောင်း၊ ထို့အပြင် ကာကွယ်ရေးဌာန ကောင်စီ အထူးအမိန့်ထုတ်ပြန်ပြီး တပ်မတော်ဆိုင်ရာ ဂုဏ်ထူးဆောင် တံဆိပ်နှင့် ဂုဏ်ထူးဆောင်လက်မှတ် အမျိုး ၄၀ ကိုလည်း ချီးမြှင့်လျက် ရှိကြောင်း။

ယနေ့ကျင်းပသည့် အခမ်းအနား တွင် သူရဲကောင်းမှတ်တမ်းဝင် တံဆိပ်ရရှိသူ ၂၅ ဦး၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်း လက်မှတ်ရရှိသူ လေးဦး၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူး ဆောင်လက်မှတ်ရရှိသူ ငါးဦးတို့ကို ချီးမြှင့်ပေးသွားမှာဖြစ်ပြီး ကျန်ရှိတဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူ ၅၄ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ ၂၃၈ ဦးတို့ကိုလည်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကိုယ်စား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှာ တိုင်းမှူး များက တစ်ချိန်တည်း တစ်ပြိုင်တည်း ချီးမြှင့်အပ်နှင်းသွားမည်ဖြစ်ကြောင်း။

"တပ်မတော်သည် နိုင်ငံတော် ကာကွယ်ရေးအတွက် အဓိကအကျ ဆုံးသော လက်နက်ကိုင်တပ်ဖွဲ့ ဖြစ်သည်။ နိုင်ငံတော်အား ပြည်တွင်း ပြည်ပအန္တရာယ်များမှ ကာကွယ်ရေး အတွက် တပ်မတော်က ဦးဆောင်ရ မည်"ဟု ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ် မ-၃၃၇ နှင့် ၃၃၉ တို့တွင် အတိအလင်း ပြဋ္ဌာန်းထားကြောင်း၊ နိုင်ငံတော် ကာကွယ်ရေးကို ဦးစီးဦးဆောင် ပြုလုပ်မည့် တို့တပ်မတော်မှာ ရဲစွမ်း သတ္တိနှင့်ပြည့်စုံသည့် စစ်သည်များ လိုအပ်ကြောင်း၊ နိုင်ငံတော် ကာကွယ်ရေးတာဝန်ကို ရဲစွမ်းသတ္တိ ရှိရှိဖြင့် သက်စွန့်ကြိုးပမ်းဆောင်ရွက် ကြဖို့ တို့တပ်မတော်ရဲ့ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၄ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့က တစ်တိုင်း ပြည်လုံးသို့ အသံလွှင့် မိန့်ခွန်း ပြောကြားရာမှာ **"နောက်ဆုံး လူ တစ်ယောက်၊ သေနတ်တစ်လက်၊ ဓားတစ်ချောင်း ကျန်သည်အထိ မြန်မာနိုင်ငံတော်ကို ကာကွယ်ရမယ်၊ သေမြေကြီး၊ ရှင်ရွှေထီးဆိုသော မြန်မာစကားပုံအတိုင်း အစွမ်းကုန် ကြိုးစားကြရမယ်။ မြန်မာနိုင်ငံတော် သည် သစ်ပင်၊ ဝါးပင် မပေါက် နိုင်တော့တဲ့ မြေပြင်ဖြစ်သွားပေမယ့် လွတ်လပ်ရေးကိုတော့ လက်လွှတ် မခံနိုင်ဘူး၊ အလျှော့ပေးဖို့လည်း မဖြစ်နိုင်ဘူး၊ စစ်နိုင်ကြတဲ့အခါ ကျွန်တော်တို့ ပြန်လည်ထူထောင်ကြဖို့ လိုတယ်"**လို့ ပြောကြားခဲ့ကြောင်း။

ထို့ကြောင့် နိုင်ငံတော်နှင့် ပြည်သူ အတွက် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ကြရာတွင် မိမိတို့ကျရာ တာဝန်ဝတ္တရားများကို မဆုတ်မနစ် သည့် ဇွဲလုံ့လဖြင့် သက်စွန့်ကြိုးပမ်း ထမ်းဆောင်ခဲ့သူများကို နှစ်စဉ်နှစ်တိုင်း လွတ်လပ်ရေးနေ့၊ တပ်မတော်နေ့ အခါသမယများမှာ ယခုကဲ့သို့ နှစ်စဉ်အမြဲ ချီးမြှင့်ဂုဏ်ပြုပေးနေမှာ ဖြစ်ကြောင်း။

နိုင်ငံတော်ကာကွယ်ရေးတာဝန် များကို ထမ်းဆောင်ကြရာတွင် တပ်မတော်သားတိုင်း၏ ပင်မ ရေသောက်မြစ် ငါးသွယ်ဖြစ်သည့် အခြေခံအရည်အချင်းငါးပါးက တစ်ဆင့် တပ်မတော်၏ စိတ်ဓာတ် သဘောတရားနှင့် လက်တွေ့ပိုင်း ဆိုင်ရာများတွင် ပြည့်စုံပိုင်နိုင်ပြီး စွန့်လွှတ်စွန့်စား ပြောင်မြောက် ထက်သန်သော သူရစိတ်ဓာတ်ဖြင့် မိမိကျရာလုပ်ငန်းတာဝန်များကို ကျေပွန်အောင် သက်စွန့်ကြိုးပမ်း ထမ်းဆောင်သူများ၊ ပြည့်စုံမွန်မြတ် သည့် မှတ်တမ်းကောင်းချန်ရစ်သူ ယောက်ျားကောင်း၊ ယောက်ျားမြတ် များဖြစ်အောင် အစဉ်သဖြင့် ပြုစု တည်ဆောက်သွားကြရန် လိုကြောင်း ဖြင့် ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ရရှိသော ဒုတိယဗိုလ်မှူးကြီးရဲထွဋ်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (မြဝတီ)

ယင်းနောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်က သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိ သူများဖြစ်ကြသည့် ဒုတိယဗိုလ်မှူးကြီး တင်မောင်ဦး(ကိုယ်စား) ဇနီး ဒေါ်မာမာထွေးအား လည်းကောင်း၊ ဒုတိယဗိုလ်မှူးကြီး ရဲထွဋ်အား လည်းကောင်း၊ ဗိုလ်မှူးစောမြခိုင်အား လည်းကောင်း၊ ဗိုလ်ကြီးသန်းကျော် အား လည်းကောင်း၊ ဗိုလ်ကြီးခင်လှ ဝင်းအား လည်းကောင်း၊ ဗိုလ်ကြီး ချစ်ကိုကိုအား လည်းကောင်း၊ ဗိုလ်ကြီး အောင်ထွေးဝင်းအား လည်းကောင်း၊ ဗိုလ်ကြီးရန်နောင်မိုးအား လည်း ကောင်း၊ ဗိုလ်ကြီးတင်ဦး(ကိုယ်စား) မိခင်ဒေါ်ခင်စန်းဝင်းအား လည်း ကောင်း၊ တပ်ခွဲတပ်ကြပ်ကြီး စောမာ ရှယ်အား လည်းကောင်း၊ တပ်ခွဲ တပ်ကြပ်ကြီးမင်းနိုင်အား လည်း ကောင်း၊ တပ်ကြပ်ကြီးစိုးနိုင်အား လည်း ကောင်း၊ တပ်ကြပ်ကြီးဆန်းဝင်းအား လည်းကောင်း၊ တပ်ကြပ်ကြီးရဲမြင့် အောင်အား လည်းကောင်း၊ တပ်ကြပ် ကြီးဌေးမောင်အား လည်းကောင်း၊ တပ်ကြပ်ကြီးတင်ဌွေအား လည်း ကောင်း၊ တပ်ကြပ်လှမြင့်(ကိုယ်စား) ဇနီး ဒေါ်အေးအေးလွင်အား လည်း ကောင်း၊ ဒုတိယတပ်ကြပ် ရွှေဌေး (ကိုယ်စား) ဇနီး ဒေါ်လှလှမျိုးရီအား လည်းကောင်း၊ ဒုတိယတပ်ကြပ် လှိုင်မင်းသူအား လည်းကောင်း၊ ဒုတိယတပ်ကြပ် သော်တာအောင်အား လည်းကောင်း၊ တပ်သားသူအောင် (ကိုယ်စား)မိခင် ဒေါ်မာမာရွှေအား လည်းကောင်း၊ တပ်သားမောင်စိုးအား လည်းကောင်း၊ တပ်သားမျိုးသန့် (ကိုယ်စား)ဇနီး ဒေါ်အေးသန္တာစိုးအား လည်းကောင်း၊ တပ်သားမင်းသူအား လည်းကောင်း၊ တပ်သားငြိမ်းချမ်း အောင်(ကိုယ်စား)ဇနီးဒေါ်မေမိုးဝေ အား လည်းကောင်း သူရဲကောင်း မှတ်တမ်းဝင်တံဆိပ်နှင့် လက်မှတ် များ ပေးအပ်သည်။

ဆက်လက်၍ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူများ ဖြစ်ကြသည့် ဗိုလ်ကြီးပြည့်ဖြိုးတင်ဖေ (အငြိမ်းစား)အား လည်းကောင်း၊ ဗိုလ်ကြီးသော်တာထွန်းအား လည်း ကောင်း၊ ဗိုလ်ကြီးသက်အောင်ဇော် (အငြိမ်းစား)အား လည်းကောင်း၊ ဗိုလ်ကြီးမင်းမင်းစိုး (အငြိမ်းစား)အား လည်းကောင်း သူရဲကောင်းလက်မှတ် များ ပေးအပ်သည်။

ယင်းနောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူများ ဖြစ်ကြသည့် ဒုတိယဗိုလ်မှူးကြီးကိုကို မောင်အား လည်းကောင်း၊ ဒုတိယ ဗိုလ်မှူးကြီးဇော်မင်းအား လည်း ကောင်း၊ ဗိုလ်မှူးကျော်စိန်ဦး(အငြိမ်း စား)အား လည်းကောင်း၊ ဗိုလ် သန်းဌေးအောင်အား လည်းကောင်း၊ ဗိုလ်ကြီးပေါ်လွင်ကျော်(အငြိမ်းစား) အား လည်းကောင်း ဂုဏ်ထူးဆောင် လက်မှတ်များ ပေးအပ်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသရေစည်သူ မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ် များ ရရှိခဲ့သည့် အရာရှိ/စစ်သည်များ၊ အမွေခံများနှင့် အမှတ်တရစုပေါင်း ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်နှင့်အဖွဲ့ ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိ ဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်ခြင်းခံရသူများနှင့် အခမ်းအနား တက်ရောက်လာကြသူ များအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ဂုဏ်ပြုလက်ဖက်ရည်ဖြင့် တည်ခင်း ဧည့်ခံသည်။

ဂုဏ်ပြုလက်ဖက်ရည်ဖြင့် တည်ခင်း ဧည့်ခံစဉ် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေး မှူးရုံး၏ မြဝတီတေးဂီတအဖွဲ့မှ လွတ်လပ်ရေးနေ့ ဂုဏ်ပြုတေးသီချင်း များဖြင့် ဖျော်ဖြေသီဆိုပေးခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင် အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက် စဉ်။ (မြဝတီ)

❑ **ရှေ့ဖုံးမှ**

အာဆီယံအသိုက်အဝန်း တည်ဆောက်မှုရည်မှန်းချက်များ အကောင်အထည်ဖော်ရန် အချိန်နီးကပ်လာပြီဖြစ်သည့်အတွက် အာဆီယံအသိုက်အဝန်းဆိုင်ရာ လမ်းပြမြေပုံတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းစဉ်များ အပြည့်အဝ အကောင်အထည်ဖော်နိုင်ရန်နှင့် အာဆီယံအသိုက်အဝန်းကို ရည်မှန်းထားသည့်အချိန်တွင် တည်ဆောက်နိုင်ရေးအတွက် မြန်မာနိုင်ငံက အလေးထားဆောင်ရွက်သွားရမည်ဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံအသိုက်အဝန်းကို ပိုမိုခိုင်မာစေမည့် နောက်ဆက်တွဲ လုပ်ငန်းစဉ်တစ်ရပ်ပေါ်ပေါက်ရေးကို ဦးတည်ဆောင်ရွက်သွားရမည် ဖြစ်သည်။ တစ်ချိန်တည်းတွင် အာဆီယံကို ပြည်သူဗဟိုပြုသည့် အဖွဲ့အစည်းအဖြစ် မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်သည်။

နိုင်ငံတော်သမ္မတက "ယခုကဲ့သို့ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ခွင့်ရရှိခြင်းသည် နိုင်ငံအတွက် အခွင့်အလမ်းတစ်ရပ်ဖြစ်သည့်အတွက် အစိုးရသာမက အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နိုင်ငံသူ နိုင်ငံသားအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ အစည်းအဝေးများကို အောင်မြင်စွာ ကျင်းပနိုင်ခြင်းဖြင့် မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုနှင့် လုပ်ငန်းစွမ်းဆောင်ရည်ကို အာဆီယံနိုင်ငံများအတွင်းသာမက ကမ္ဘာကိုပါ ပြသနိုင်မည့်အခွင့်အရေးဖြစ်ပြီး ဒီမိုကရေစီကျင့်သုံးစ နိုင်ငံအနေဖြင့် အသွင်ကူးပြောင်းသည့် သုံးနှစ်တာကာလအတွင်း ဒေသတွင်းနှင့် နိုင်ငံတကာ အစည်းအဝေးကြီးများကို အောင်မြင်စွာ ကျင်းပနိုင်သည်ကို ကမ္ဘာကိုပြသနိုင်မည်ဖြစ်ကြောင်း" ဖြင့် ၂၀၁၃ ခုနှစ် အောက်တိုဘာ ၂၉ ရက်က နေပြည်တော်၌ ကျင်းပခဲ့သည့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူရေးနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံ ထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ် ထိပ်သီးအစည်းအဝေးများ၊ ဝန်ကြီးအဆင့် အစည်းအဝေးများ၊ အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးများအပါအဝင် အစည်းအဝေး ၃၀၀ ခန့်ကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ပြီး ယခုအခါ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရာတွင် လိုအပ်သည့် အစည်းအဝေး ကျင်းပရေး၊ တည်းခိုနေထိုင်ရေး၊ လုံခြုံရေး၊ ပို့ဆောင်ရေးနှင့် ပြန်ကြားရေးဆိုင်ရာလုပ်ငန်းအားလုံး ပြင်ဆင်ထားပြီးဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာနအဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန အဆောက်အအုံသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဟိုပုံးမြို့၌ (၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့ ကျင်းပ

ဟိုပုံး ဇန်နဝါရီ ၄

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ က ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ ကျင်းပသည်။

ဆက်လက်ပြီး (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာဖတ်ပွဲကို နံနက် ၇ နာရီတွင် အဆိုပါကွင်းပြင်၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင် ဦးခွန်အေးမောင်က ဖတ်ကြားသည်။

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများ ကျင်းပပေးခဲ့ပြီး အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲနှင့် ကလေးပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ညနေ ၄ နာရီတွင် ဟိုပုံးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

၂၀၁၄ ခုနှစ် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဧရာဝတီခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ၂၀၁၄ ခုနှစ် (၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြု၍ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သောသဝဏ်လွှာကို အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး (လက်ထောက်ညွှန်ကြားရေးမှူး) ဦးကျော်တင့်က ဖတ်ကြားသည်။

ထို့နောက် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ထက်/လယ်/မူ စာစီစာကုံးပြိုင်ပွဲတွင် မြို့နယ်အဆင့် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(မြဇေ)

(၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (စျ)ရပ်ကွက် မင်းရန်အောင်မိသားစုများက ပျော်ပွဲရွှင်ပွဲအဖြစ် မြန်မာ့ရိုးရာ ရေလဲချောတိုင်တက်ပွဲ ကျင်းပစဉ်။

(တင့်လွင်)

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများ ကျင်းပ

နေပြည်တော်

၂၀၁၄ ခုနှစ် (၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့ကို လွတ်လပ်ခြင်း၊ ပျော်ရွှင်ခြင်းနှင့် စည်းကမ်းရှိခြင်း စသည့် ဒီမိုကရေစီအနှစ်သာရများနှင့်အတူ လွတ်လပ်ရေးနေ့ အောင်ပွဲသဘင်ကို နေပြည်တော်တစ်ဝန်းလုံး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ ဦးဆောင်၍ သက်ဆိုင်ရာ မြို့နယ်/ရပ်ကွက်အတွင်းရှိ ကျောင်းများ၊ အားကစားကွင်းများ၌ ယနေ့နံနက်ပိုင်းမှ စတင်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများက ခြိမ့်ခြိမ့်သဲပါဝင်ဆင်နွှဲကြသည်။

ထို့အတူ ၂၀၁၄ ခုနှစ် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို နေပြည်တော်ရှိ မြို့နယ်များ၊ အခြေခံပညာကျောင်းများ၊ ဝန်ထမ်းအိမ်ရာများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

ထို့အပြင် နေပြည်တော်ရှိ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရေပန်းဥယျာဉ်စသည့်နေရာများတွင် မိသားစုအလိုက်၊ အသင်းအဖွဲ့အလိုက် လာရောက်အပန်းဖြေအနားယူကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

၂၀၁၄ ခုနှစ် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုညဖြစ်သည့် ယမန်နေ့ညနှင့် ယနေ့ညတို့တွင် နေပြည်တော်ရှိ ဝန်ကြီးဌာနရုံးများ၊ နေပြည်တော် မြို့တော်ခန်းမ၊ သပြေကုန်းအဝိုင်း၊ ကြာပန်းအဝိုင်း၊ ရာဇသင်္ဂဟအဝိုင်း၊ အင်ကြင်းပန်းအဝိုင်း၊ ကံ့ကော်ပန်းအဝိုင်း၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ မဏိရတနာကျောက်စိမ်းခန်းမ၊ ကျောက်စိမ်းဥယျာဉ်၊ နေပြည်တော်မြို့မဈေး၊ သပြေကုန်းဈေး၊ နေပြည်တော်ဟိုတယ်ဇုန်နှင့် ဝန်ထမ်းအိမ်ရာများ၌ ရောင်စုံမီးအလှများကို လှပခံ့ညားစွာထွန်းညှိ၍ လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြသည်။

ရန်ကုန်

၂၀၁၄ ခုနှစ် (၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့်အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းမှ စတင်၍ ရန်ကုန်တိုင်းဒေသကြီး မြို့နယ်အသီးသီးရှိ ရပ်ကွက်များအလိုက်၊ လမ်းများအလိုက် စည်ကားသိုက်မြိုက်စွာကျင်းပကြသည်။

ပုဇွန်တောင်မြို့နယ်ရှိ ရဲတပ်ဖွဲ့ဝင်မိသားစုများသည် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပျော်ပွဲရွှင်ပွဲများကို နံနက်ပိုင်းမှစ၍ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးရှေ့၌ ဆင်နွှဲကြပြီး ညပိုင်းတွင် ရုံးအဆောက်အအုံကို ရောင်စုံမီးများထွန်းညှိကြသည်။

ပုဇွန်တောင်မြို့နယ် အမှတ်(၁၀)ရပ်ကွက် (၅၁)လမ်းအထက်၊ လမ်း(၅၀) အထက်တို့တွင်လည်း လမ်းသူ လမ်းသား မိသားစုများကကြီးမှူး၍ နံနက်ပိုင်းမှ ညနေပိုင်းအထိ ပျော်ပွဲရွှင်ပွဲများကျင်းပကြပြီး ပုဇွန်တောင်မြို့နယ်အတွင်းရှိ ရပ်ကွက်အသီးသီးတွင်လည်း ပျော်ပွဲရွှင်ပွဲပြိုင်ပွဲများကျင်းပကြ၍ ညပိုင်းတွင်တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ(၂၉)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့၌ လွတ်လပ်ရေးနေ့မတိုင်ခင်ကပင် ဘောလုံးပြိုင်ပွဲများကို ကျင်းပပေးပြီး ယနေ့နံနက်ပိုင်းမှစ၍ အပြေးပြိုင်ပွဲ၊ မုန့်စားပြိုင်ပွဲ၊ သံပုံးရိုက်ပြိုင်ပွဲ၊ ချောတိုင်တက်ပွဲများကို ကျင်းပကြကာ ညပိုင်းတွင် ဆုများချီးမြှင့်ကြသည်။

သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ (၂၄)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့၌ လွတ်လပ်ရေးနေ့မတိုင်ခင်ကပင် ဘောလုံးပြိုင်ပွဲများကို ကျင်းပပေးပြီး ယနေ့နံနက်ပိုင်းမှစ၍ အပြေးပြိုင်ပွဲ၊ မုန့်စားပြိုင်ပွဲ၊ ညပိုင်းတွင် သီချင်းဆိုပြိုင်ပွဲများကို ကျင်းပကြကာ ဆုများချီးမြှင့်ကြ၍ လမ်းများအလိုက် စတုဒိသာများ ကျွေးမွေးကြသည်။

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ညပိုင်းတွင် ဌာနဆိုင်ရာအဆောက်အအုံများ၌ လည်းကောင်း၊ နေအိမ်အဆောက်အအုံများ၌ လည်းကောင်း ရောင်စုံလျှပ်စစ်မီးများထွန်းညှိကြသည်။

အားကစားပြိုင်ပွဲများကို ပျော်ရွှင်စွာဆင်နွှဲကြသည့်နည်းတူ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်ဖြစ်သဖြင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၊ ကန်တော်ကြီးရေချိုငါးပြတိုက်၊ ကန်တော်မင်္ဂလာပန်းခြံ၊ ပြည်သူ့ရင်ပြင်၊ ပြည်သူ့ဥယျာဉ်နှင့် ကလေးကစားကွင်းများ၌လည်း မိသားစုအလိုက် လေ့လာအပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

(သတင်းစဉ်)

○ **ကျောသားရင်သားမှ**

စည်းကမ်းဖောက်ဖျက်မှုကြောင့် အရေးယူခြင်းခံရပါက ဝန်ထမ်းစည်းမျဉ်းအရ ထပ်မံ၍ အရေးယူခံရမည်ဖြစ်ကြောင်း ဌာန၊ ရုံးများအလိုက် အရာထမ်း၊ အမှုထမ်းအားလုံးသို့ အသိပေးကြပ်မတ်ပေးနိုင်ပါရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီလက်အောက်ရှိ ဌာန ၂၀ သို့ အသိပေးအကြောင်းကြားထားကြောင်း သိရသည်။ **(စောသိန်းဝင်း)**

☆ **ကျောဖုံးမှ**

ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများသည် သတ်မှတ်ထားသော စုရပ်အသီးသီးမှ မြို့တော်ခန်းမရှေ့ရင်ပြင်သို့ နံနက် ၆ နာရီတွင် ဝင်ရောက်နေရာယူကြသည်။

အလားတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ၂၀၁၄ ခုနှစ် (၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနား ကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဖိတ်ကြားထားသူများကလည်း သတ်မှတ်နေရာအသီးသီး၌ နေရာယူကြသည်။

ယင်းနောက် နံနက် ၇ နာရီတွင် ၂၀၁၄ ခုနှစ် (၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့၊ ပြည်သူများနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုကြသည်။

ဆက်လက်၍ ဂုဏ်ပြုတပ်ဖွဲ့က ကျဆုံးလေပြီးသော ရဲဘော်အပေါင်းအား အလေးပြု၍ သစ္စာလေးချက်ကို ရွတ်ဆိုသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ၂၀၁၄ ခုနှစ် (၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဖတ်ကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

၂၀၁၄ ခုနှစ် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကို နေပြည်တော်ရှိ မြို့တော်ခန်းမရှေ့ရင်ပြင်၌ ကျင်းပစဉ်။

(သတင်းစဉ်)

နေပြည်တော်ပျဉ်းမနားမြို့နယ် ပန်းခင်း(၂)ရပ်ကွက်၌ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပရာ အပ်ထိုးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နေသူတစ်ဦးအား တွေ့ရစဉ်။

(Alez)

နေပြည်တော်ပျဉ်းမနားမြို့နယ် ပန်းခင်း(၂)ရပ်ကွက်၌ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပရာ ချောတိုင်တက်ပြိုင်ပွဲတွင် ယောကျ်ားတံခွန်လူရည်ချွန်ဟူသောထုံးကို နှလုံးမူ၍ အားကြိုးမာန်တက် ဝင်ရောက်ယှဉ်ပြိုင်နေကြသည်ကို တွေ့ရစဉ်။ (ရာမည)

နေပြည်တော်ပျဉ်းမနားမြို့နယ် ဘဲကုန်းကျေးရွာ၌ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပရာ ခေါင်းအုံးရိုက်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နေသူနှစ်ဦးအား တွေ့ရစဉ်။

(ကိုကိုနေ)

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း (နေပြည်တော်)ဝန်ထမ်းမိသားစုများ ပျော်ပွဲရွှင်ပွဲများ ကျင်းပနေသည်ကို တွေ့ရစဉ်။ (ရာမည)

ရန်ကုန်မြို့ ဒေါပုံမြို့နယ်၌ (၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် အားကစားပြိုင်ပွဲများကျင်းပစဉ်။

(သီဟသူ)

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပ

တောင်ဥက္ကလာပမြို့နယ်

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို တောင်ဥက္ကလာပမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံပေးပို့သော (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးခင်မောင်ထွေးက ဖတ်ကြားခဲ့သည်။ **(ဇော်ဝင်းမြင့်)**

တာမွေမြို့နယ်

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာဖတ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီတွင် တာမွေမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော (၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့သဝဏ်လွှာကို တာမွေမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်(လက်ထောက်ညွှန်ကြားရေးမှူး)က ဖတ်ကြားပေးပြီး အခမ်းအနားသို့မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ မြို့နယ်အထောက်အကူပြုနှင့် လူမှုရေး အသင်းအဖွဲ့ဝင်များ စုံလင်စွာတက်ရောက်ခဲ့ကြသည်။ **(၁၉၇)**

ကြည့်မြင်တိုင်မြို့နယ်

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အခမ်းအနားကို ကြည့်မြင်တိုင် အထက(၁)မြဝတ်ရည်ခန်းမ၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကျော်ရဲသွေးက ဖတ်ကြားခဲ့ကြောင်းသိရသည်။ **(ရွှေတိုင်လွင်)**

ကျောက်တံတားမြို့နယ်

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာဖတ်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ရန်ကုန်အနောက်ပိုင်းခရိုင် အထက(ကျောက်တံတား)၌ ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီက ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော်အလံနှင့်ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများကို အလေးပြုပြီး ကျောက်တံတားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးနိုင်ဝေက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ပေးပို့သည့် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်းအဆင့်ဆုရရှိသူများအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးကလည်းကောင်း၊ အလယ်တန်းအဆင့်ဆုရရှိ သူများအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းကလည်းကောင်း၊ မူလတန်းအဆင့် ဆုရရှိသူများအား မြို့နယ်ရဲမှူး ဦးယုကြည်ကလည်းကောင်း အသီးသီးဆုချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **(တင်တင်ချို)**

တိုက်ကြီးမြို့

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ပွဲကို တိုက်ကြီးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ ယနေ့ နံနက် ၄ နာရီ မိနစ် ၂၀ တွင် အလံတင်အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်စိုး၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများကတက်ရောက်ကြသည်။ နံနက် ၇ နာရီတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်စိုးက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သည့် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို ဖတ်ကြားကြောင်း သိရသည်။ **ထွန်းလှိုင်(မြိုင်)**

ရမည်းသင်းမြို့

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီက ရမည်းသင်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော သဝဏ်လွှာကို ရမည်းသင်းခရိုင် အုပ်ချုပ်ရေးမှူးက ဖတ်ကြားသည်။

အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာများ၊ ပါတီအသီးသီးမှ ကိုယ်စားလှယ်များ၊ NGO များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဆက်လက်၍ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား စာစီစာကုံး ပြိုင်ပွဲ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်ပြိုင်ပွဲများတွင် ဆုရရှိကြသူများ အား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။ **(၄၁၆)**

နတ်တလင်းမြို့

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့ လွတ်လပ်ရေးကျောက်တိုင်တွင် ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီက လွတ်လပ်ရေးနေ့အခမ်းအနားကျင်းပရာ နိုင်ငံတော်အလံတင်ခြင်း၊ နိုင်ငံတော်အလံအလေးပြုခြင်း၊ နိုင်ငံတော်သမ္မတထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်က ဖတ်ကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွဋ်ဦး၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးမြစိုး၊ ခရိုင်ပါတီကော်မတီဝင် ဦးမောင်မောင်သူ၊ ရဲမှူး အောင်သန်း၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ NGO နှင့် စုစုပေါင်းအင်အား ၂၅၀ ခန့်တက်ရောက်ခဲ့ကြောင်းနှင့် နတ်တလင်းမြို့ မြို့နယ်အားကစားကွင်း၌ ပြေးခုန်ပစ်ပြိုင်ပွဲများ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲနှင့် ဘောလုံး ပြိုင်ပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။ **(ဝ၇၁)**

ပဲခူးမြို့

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်က ပဲခူးမြို့ရွှေမော်ဓောကားဝင်း၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းက နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ဖတ်ကြားခဲ့ကြောင်း သိရသည်။ **(ဌေးနိုင်-ပဲခူး)**

မန္တလေးမြို့

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားနှင့် နိုင်ငံတော်သမ္မတထံမှ ပေးပို့လာသော သဝဏ်လွှာဖတ်ပွဲကို မန္တလေးမြို့ ဗထူးအားကစားပြိုင်ကွင်း၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်၊ အစိုးရအဖွဲ့ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ အခြားဖိတ်ကြားထားသူများ စုစုပေါင်း ၃၂၀၀ ကျော် တက်ရောက်ခဲ့သည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများကို အလေးပြုကြသည်။ ယင်းနောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်က နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနား သဝဏ်လွှာကို ဖတ်ကြားခဲ့ကြောင်း သိရသည်။ **အေးမြ(မန္တလေး)**

ဇမ္ဗူသီရိမြို့နယ်

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ တွင် ဇမ္ဗူသီရိမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနရုံးရှေ့၌ အလံတင်အခမ်းအနား ကျင်းပသည်။

ဆက်လက်၍ နံနက် ၇ နာရီတွင် လွတ်လပ်ရေးနေ့ သဝဏ်လွှာဖတ်ကြား သည့် အခမ်းအနားကို ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၁၅၀ ကျော် တက်ရောက်ကြပြီး နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို ဇမ္ဗူသီရိမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေက ဖတ်ကြားခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ပုဗ္ဗသီရိမြို့နယ်

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်တွင် (၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ က ပုဗ္ဗသီရိမြို့နယ် စုပေါင်းရုံးရှေ့အလံတိုင်၌ကျင်းပခဲ့ပြီး ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာ သီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ပေးပို့သော (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနား သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်ကျော်လွင်က ဖတ်ကြားခဲ့ကြောင်း သိရသည်။ **(၆၈၈)**

ဒီပဲယင်းမြို့

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့၌ ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို နံနက် ၄ နာရီ မိနစ် ၂၀ တွင် ဒီပဲယင်းမြို့ စိမ်းလဲ့ကန်သာပန်းခြံအတွင်း လွတ်လပ်ရေးကျောက်တိုင်၌ ကျင်းပသည်။

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာဖတ်ပွဲအခမ်းအနားကို နံနက် ၇ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ကျင်းပပြီး အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းအောင်က ဖတ်ကြားကြောင်း သိရသည်။ **(ကေကေ-ဒီပဲယင်း)**

ဘီးလင်းမြို့

ဇန်နဝါရီ ၄ ရက်တွင်ကျရောက်သော (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံလွှင့်တင်ခြင်းနှင့် အလေးပြုခြင်းအခမ်းအနားကို ယနေ့ နံနက် ၄ နာရီ မိနစ် ၂၀ တွင် ဘီးလင်းမြို့နယ် အောင်ဇေယျခန်းမရှေ့၌ ကျင်းပသည်။ ထို့နောက် နံနက် ၇ နာရီတွင် ဘီးလင်း(အထက)ပညာ့အားမာန်ခန်းမ၌ သဝဏ်လွှာဖတ်ကြားခြင်းကိုကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမောင်မောင်က နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ဖတ်ကြားခဲ့ကြောင်း သိရသည်။ **ထူးနောင်(IPRD)**

မြန်မာနိုင်ငံစာရင်းကောင်စီ
စာရင်းကိုင်အလုပ်သင်နှင့်သင်တန်းကြီးကြပ်ရေးကော်မတီ
လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပထမပိုင်း) သင်တန်းအမှတ်စဉ်-၄၀
လျှောက်လွှာခေါ်ယူခြင်း

၁။ လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပထမပိုင်း) သင်တန်းအမှတ်စဉ်-၄၀ကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်း အမှတ်-၁/၁၉၊သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့တွင် ၁၇-၃-၂၀၁၄ ရက်မှစ၍ ဖွင့်လှစ်ပါမည်။

၂။ ရန်ကုန်၊မုံရွာနှင့် မိတ္ထီလာစီးပွားရေးတက္ကသိုလ်များမှ ၂၀၁၁၊ ၂၀၁၂ နှင့် ၂၀၁၃ ခုနှစ်၊ စက်တင် ဘာလတွင်ကျင်းပခဲ့သော ဝါဏိဇ္ဇဘွဲ့(B.Com)နှင့် စာရင်းကိုင်ပညာဘွဲ့(B.Act) စာမေးပွဲများကို ဖြေဆိုအောင်မြင်သူ နိုင်ငံသားများ တက်ရောက်ခွင့်ရှိရာ လျှောက်လွှာပုံစံကိုမြန်မာနိုင်ငံစာရင်း ကောင်စီရုံး(အပိုဒ်-၁ပါလိပ်စာ)တွင်ဝယ်ယူ၍ ၂-၁-၂၀၁၄ ရက်မှ ၁၇-၁-၂၀၁၄ ရက်အထိ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း လျှောက်ထားသူကိုယ်တိုင်လာရောက်ပြီး လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲတင်ပြရမည်။

(က) ဝါဏိဇ္ဇဘွဲ့(B.Com)နှင့် စာရင်းကိုင်ပညာဘွဲ့ (B.Act)စာမေးပွဲအောင်မြင်သည့် အထောက်အထားဖြစ်သည့် ဘွဲ့လက်မှတ် သို့မဟုတ် ဘွဲ့လက်မှတ်ထောက်ခံစာ (မူရင်းနှင့်မိတ္တူ)
(ခ) အဆင့်သတ်မှတ်ချက်လက်မှတ်(မူရင်းနှင့်မိတ္တူ)
(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်းနှင့်မိတ္တူ)
(ဃ) ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဝန်ထမ်းဖြစ်ပါက ရုံးအကြီးအကဲ၏ဝန်ထမ်းဖြစ်ကြောင်း ထောက်ခံချက်
(င) ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၁ ပုံ

၃။ ထို့အပြင် ၂၀၁၃ ခုနှစ်၊ မေလအတွင်း မြန်မာနိုင်ငံစာရင်းကောင်စီက ကျင်းပပြုလုပ်ခဲ့သည့် ဒီပလိုမာစာရင်းကိုင် (ဒုတိယပိုင်း)စာမေးပွဲအောင်မြင်သူများအနက် ထူးချွန်စွာအောင်မြင်ခဲ့သူများနှင့် ၂၀၁၁ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်၊ မေလဒုတိယပိုင်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သူများမှ ဆိုင်ရာနှစ်တွင် ရွေးချယ်ခြင်းမခံရသူများ၊ လျှောက်ထားမှုမပြုခဲ့သူများကိုလည်း သင်တန်းသားအဖြစ်ရွေးချယ်မည် ဖြစ်ပါသည်။ လျှောက်ထားခွင့်ရှိသူများစာရင်းကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ နေပြည်တော် သင်တန်းကျောင်းနှင့် ရန်ကုန်သင်တန်းကျောင်းတို့ရှိကြော်ငြာသင်ပုန်းများနှင့် မြန်မာနိုင်ငံ စာရင်းကောင်စီရုံး **Website www.oagmac.gov.mm** တို့တွင် ၂-၁-၂၀၁၄ ရက်မတိုင်မီ ကြေညာ ထားမည်ဖြစ်ပါသည်။ လျှောက်ထားလိုသူများသည် အောက်ပါတို့ကိုပူးတွဲတင်ပြလျှောက်ထားနိုင်ပါသည်။

(က) ဒီပလိုမာစာရင်းကိုင်(ဒုတိယပိုင်း)စာမေးပွဲအောင်လက်မှတ်၊ထောက်ခံစာ (မူရင်းနှင့် မိတ္တူ)
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်းနှင့်မိတ္တူ)
(ဂ) ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးဝန်ထမ်းဖြစ်ပါက ရုံးအကြီးအကဲ၏ဝန်ထမ်းဖြစ်ကြောင်း ထောက်ခံချက်
(ဃ) ပတ်စ်ပို့အရွယ်ဓာတ်ပုံ၁ပုံ

၄။ လျှောက်ထားလိုသူအားလုံးကို တက်ရောက်ခွင့်ပေးမည်မဟုတ်ပါ။ စီးပွားရေးတက္ကသိုလ်၃ခုနှင့် ဒီပလိုမာစာရင်းကိုင်(ဒုတိယပိုင်း)စာမေးပွဲအောင်မြင်သူများအနက် ထူးချွန်စွာအောင်မြင်ခဲ့သူများမှ လျှောက်ထားသူဦးရေနှင့် ၎င်းတို့၏ရမှတ်စသည့်အချက်များကိုမူတည်၍ သင်တန်းသားဦးရေ ၂၄၀ ခန့် ရွေးချယ်ထုတ်ပြန်မည် ဖြစ်ပါသည်။

၅။ ရွေးချယ်ခံရသူများ၏အမည်စာရင်းကို မြန်မာနိုင်ငံစာရင်းကောင်စီရုံးနှင့် **Website www.oagmac.gov.mm** ၌ ၂၀-၂-၂၀၁၄ ရက်တွင် ထုတ်ပြန်ကြေညာပါမည်။ ရွေးချယ်ခံရသူများသည် သတ်မှတ်ထားသည့် သင်တန်းကြေးများကို ၂၄-၂-၂၀၁၄ ရက်မှ ၇-၃-၂၀၁၄ ရက်အထိ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်းပေးသွင်းကြရမည်။

၆။ သင်တန်းကာလမှာ ပထမပိုင်း၁နှစ်နှင့်ဒုတိယပိုင်း၁နှစ်စုစုပေါင်း ၂ နှစ်ဖြစ်ပါသည်။ သင်တန်းအချိန်မှာ တနင်္လာနေ့မှသောကြာနေ့အထိ နံနက် ၇ နာရီမှ ၈း၅၀ နာရီအထိနှင့် စနေနေ့များတွင် နံနက် ၇ နာရီမှ ၁၁း၅၀ နာရီအထိ ဖြစ်ပါသည်။ သင်တန်းတက်ရောက်ချိန် ၆၀ ရာခိုင်နှုန်းပြည့်မီခြင်းမရှိပါက စာမေးပွဲဝင်ရောက်ဖြေဆိုခွင့်ရှိမည်မဟုတ်ပါ။

စာရင်းကိုင်အလုပ်သင်နှင့်သင်တန်းကြီးကြပ်ရေးကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်က တာဝန်ယူဆောင်ရွက်မည်ဖြစ်သော ရွှေကြာပင် ကျောက်မျက်ရတနာအချောထည် ဈေးဇုန်အတွင်း One Stop Service Center (နေပြည်တော်)၏ အရှည်(၂၅၂၆)ပေရှိသော ခြံစည်းရိုးကာရံမှုအတွက် တင်ဒါခေါ်ယူပါမည်။

၂။ အောက်ပါအတိုင်း တင်ဒါလျှောက်လွှာပေးပို့ရန် ဖြစ်ပါသည်-

(က) တင်ဒါပုံစံ ရောင်းချမည့်ရက် - ၆-၁-၂၀၁၄ ရက်မှ ၁၀-၁-၂၀၁၄ရက်အထိ (၁၀း၀၀) နာရီမှ (၁၆း၀၀) နာရီအထိ
(ခ) တင်ဒါလျှောက်လွှာပေးပို့ရန် နောက်ဆုံးရက်နှင့်အချိန် - ၁၇-၁-၂၀၁၄ရက်၊ ၁၆း၀၀နာရီ
(ဂ) တင်ဒါပုံစံနှင့် စည်းကမ်းချက် ရောင်းချမည့်နေရာ - ကျောက်စိမ်းစီမံ/ထုတ်လုပ်ဌာနခွဲ၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)။
(ဃ) တင်ဒါဖွင့်လှစ်မည့် ရက်နှင့်အချိန် - ၂၀-၁-၂၀၁၄ရက်၊ ၁၀း၀၀နာရီ

၃။ အသေးစိတ်သိရှိလိုပါက ကျောက်စိမ်းစီမံ/ထုတ်လုပ်ဌာနခွဲ၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဖုန်း-(၀၆၇-၄၁၄၀၁၂)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်က တာဝန်ယူဆောင်ရွက်မည် ဖြစ်သော ရွှေကြာပင်ကျောက်မျက်ရတနာအချောထည်ဈေးဇုန်အတွင်း One Stop Service Center (နေပြည်တော်) အဆောက်အအုံနှင့် ကျောက်မျက်ရတနာသင်တန်းကျောင်း ဆောက်လုပ်မှုအတွက် တင်ဒါခေါ်ယူပါမည်။

၂။ အောက်ပါအတိုင်း တင်ဒါလျှောက်လွှာပေးပို့ရန် ဖြစ်ပါသည်-

(က) တင်ဒါပုံစံ ရောင်းချမည့်ရက် - ၆-၁-၂၀၁၄ ရက်မှ ၁၀-၁-၂၀၁၄ရက်အထိ (၁၀း၀၀) နာရီမှ (၁၆း၀၀) နာရီအထိ
(ခ) တင်ဒါလျှောက်လွှာပေးပို့ရန် နောက်ဆုံးရက်နှင့်အချိန် - ၁၇-၁-၂၀၁၄ရက် ၁၆း၀၀နာရီ။
(ဂ) တင်ဒါပုံစံနှင့် စည်းကမ်းချက် ရောင်းချမည့်နေရာ - ကျောက်စိမ်းစီမံ/ထုတ်လုပ်ဌာနခွဲ၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)။
(ဃ) တင်ဒါဖွင့်လှစ်မည့် ရက်နှင့်အချိန် - ၂၀-၁-၂၀၁၄ရက် ၁၀း၀၀နာရီ

၃။ အသေးစိတ်သိရှိလိုပါက ကျောက်စိမ်းစီမံ/ထုတ်လုပ်ဌာနခွဲ၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဖုန်း-(၀၆၇-၄၁၄၀၁၂)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်

တရုတ်နိုင်ငံ၏ ပထမဆုံးသော လေယာဉ်တင်သင်္ဘောကြီး တောင်တရုတ်ပင်လယ်၌ စစ်ရေးလေ့ကျင့်ခဲ့

တရုတ်နိုင်ငံ၏ ပထမဆုံး လေယာဉ်တင် သင်္ဘောကြီး လျောင်နင်း စစ်ရေးလေ့ ကျင့်နေစဉ်။

ပေကျင်း ဇန်နဝါရီ ၄

တရုတ်နိုင်ငံ၏ ပထမဦးဆုံးဖြစ်သော လေယာဉ်တင်သင်္ဘောကြီးသည် တောင်တရုတ်ပင်လယ်၌ စစ်ရေးလေ့ကျင့်မှုပြုလုပ်ခဲ့ကြောင်း နိုင်ငံပိုင်ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

လေယာဉ်တင်သင်္ဘောသစ်ဖြစ်သည့် လျောင်နင်းသင်္ဘောကြီးသည် ၃၇ ရက်ကြာ စစ်ရေးလေ့ကျင့်ခဲ့ပြီးနောက် ရေတပ်ဌာနချုပ်စခန်းသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။

လေယာဉ်တင်သင်္ဘောအုပ်စု၌ ပါဝင်သော စစ်လေယာဉ်များ၊ ရေတပ်ရေယာဉ်များ၊ ရေငုပ်သင်္ဘောများနှင့်အတူ စစ်ရေးလေ့ကျင့်မှုပြုလုပ်ခဲ့ပြီးနောက် ချင်းတောင်ဆိပ်ကမ်းသို့ ပြန်လည်ဆိုက်ရောက်လာကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

တရုတ်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် ပင်လယ်ရေကြောင်း ပိုင်နက်နယ်မြေဆိုင်ရာ အငြင်းပွားမှုများဖြစ်ပေါ်နေချိန်အတွင်း လျောင်နင်းလေယာဉ်တင်သင်္ဘောကြီး စစ်ရေးလေ့ကျင့်ခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် အရှေ့တရုတ်ပင်လယ်၏ နယ်မြေအများစုကို လေကြောင်းမှ ကာကွယ်ပိုင်ခွင့်ရှိသည်ဟု နိုဝင်ဘာလတွင် ထုတ်ပြန်ကြေညာခဲ့ရာ ကမ္ဘာ့နိုင်ငံများက ဒေါသတကြီး တုံ့ပြန်ဝေဖန်ခဲ့ကြသည်။

တရုတ်နိုင်ငံသည် တောင်တရုတ်ပင်လယ်တစ်ခုလုံးနီးပါးကိုလည်း အာဏာပိုင်စိုးသည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။ **ဆင်ဟွာ။**

အစ္စရေးအား စစ်ရေးအရခြိမ်းခြောက်နိုင်ရန် ဟစ်ဇ်ဘိုလာအဖွဲ့ ဒုံးကျည်လက်နက်များ စုဆောင်းနေ

ဝါရှင်တန် ဇန်နဝါရီ ၄

အစ္စရေးနိုင်ငံအပေါ် ဟစ်ဇ်ဘိုလာအဖွဲ့က ဒုံးကျည်များဖြင့် ခြိမ်းခြောက်မှုကို တိုးမြှင့်ပြုလုပ်လာကြောင်း၊ ယင်းဒုံးလက်နက်များကို မှောင်ခိုတင်သွင်းရာတွင် အစ္စရေး၏ စုံစမ်းထောက်လှမ်းမှုမှ တိမ်းရှောင်နိုင်ရန် လက်ဘနွန်နိုင်ငံအတွင်းသို့ ဒုံးလက်နက် အစိတ်အပိုင်းတစ်ခုချင်းစီအလိုက် မှောင်ခိုသွင်းယူခဲ့ကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါဒုံးလက်နက်များကို ဆီးရီးယားအခြေစိုက်ရှီးယိုက်စစ်သွေးကြွအုပ်စုအတွက် ခိုးကြောင်ခိုးဝှက်မှောင်ခိုတင်သွင်းခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းတို့အထဲတွင် ရုရှားနိုင်ငံလုပ် အသံထက်မြန်သည့် ယက်ဟွန့်အမျိုးအစားသင်္ဘောတိုက်ဖျက်ရေး ခရုစ်ဒုံးကျည် ၁၂ စင်းပါဝင်ကြောင်း အမေရိကန်ထောက်လှမ်းရေးအရာရှိဟောင်းများနှင့် လက်ရှိတာဝန်ထမ်းဆောင်နေသူများက အမေရိကန် တာဝန်ရှိလျှို့ဝှက်အဆင့်အတန်းမှ ပယ်ဖျက်ပေးလိုက်သော မှတ်တမ်းများကို ကိုးကားလျက် ဝေါလ်စထရိဂျာနယ်သို့ ပြောကြားသည်။

အစ္စရေးစစ်လေယာဉ်များ၊ စစ်သင်္ဘောများနှင့် စစ်စခန်းများကို ပစ်ခတ်နိုင်သော ဒုံးလက်နက်များကိုလည်း ဟစ်ဇ်ဘိုလာအဖွဲ့က ထိန်းချုပ်ထားသော ဆီးရီးယားနိုင်ငံရှိ ကုန်လှောင်ရုံများ၌ သိုလှောင်ထားသည်ဟုဆိုသည်။

သို့ရာတွင် ဟစ်ဇ်ဘိုလာအဖွဲ့အနေဖြင့် ပဲ့ထိန်းဒုံးကျည်စနစ်တည်ဆောက်ရေးအတွက် လိုအပ်သော အစိတ်အပိုင်းများကို ပိုင်ဆိုင်ဖွယ်မရှိကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောကြားသည်။

ဟစ်ဇ်ဘိုလာအဖွဲ့သည် ခေတ်မီဒုံးလက်နက်များအား အသုံးပြုနိုင်ရေးအတွက် နည်းစနစ်ပိုင်းသိရှိနိုင်ရန် ကြိုးပမ်းနေဖွယ်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။ **ယူပီအိုင်။**

အာဖဂန်နစ္စတန်ရှိ အမေရိကန်စစ်အခြေစိုက်စခန်းကို တာလီဘန်ဝင်တိုက်

ကဘူး ဇန်နဝါရီ ၄

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်းရှိ နေတိုးတပ်ဖွဲ့နှင့် အာဖဂန်နစ္စတန်စစ်ဘက်ဆိုင်ရာတို့ ပူးပေါင်းထားသော စစ်အခြေစိုက်စခန်းကို တာလီဘန်စစ်သွေးကြွများ ဝင်ရောက်တိုက်ခိုက်ရာ နေတိုးတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း ဇန်နဝါရီ ၄ ရက်သတင်းတွင် ဖော်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်းရှိ နန်ဂဟာပြည်နယ်တွင် အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ပိုင်ဆိုင်သည့် စစ်အခြေစိုက်စခန်းကို ၎င်းတို့ဝင်ရောက်တိုက်ခိုက်ကြောင်း တာလီဘန်စစ်သွေးကြွများက ပြောကြားသည်။

ဇန်နဝါရီ ၄ ရက်က နန်ဂဟာပြည်နယ် ဂါဇနီခါအေးလ်ကျေးရွာရှိ အဆိုပါစစ်အခြေစိုက်စခန်းကို ကားဗုံးဖြင့် တိုက်ခိုက်ခြင်း၊ သေနတ်များဖြင့် ပစ်ခတ်ခြင်းပြုလုပ်သည်ဟု သတင်းတွင် ဖော်ပြသည်။

ဖြစ်စဉ်ကြောင့် နေတိုးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း နေတိုးဦးဆောင်သော နိုင်ငံတကာလုံခြုံရေးအထောက်အကူပြုတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)က ပြောကြားပြီး ရန်သူများဘက်မှ ခြောက်ဦးသေဆုံးကြောင်း အာဖဂန် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြောကြားသည်ဟု သတင်းတွင်ဖော်ပြသည်။ **ဆင်ဟွာ။**

ဘင်္ဂလားဒေ့ရှ်တွင် မဲရုံ ၆၀ နီးပါး မီးရှို့ခံရ

ဒါကာ ဇန်နဝါရီ ၄

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ တနင်္ဂနွေနေ့တွင် ရွေးကောက်ပွဲကျင်းပမည့်ဖြစ်ရာ အကြိုနေ့တွင် မဲရုံ ၆၀ နီးပါးမှာ မီးရှို့ခြင်းခံရပြီး သုံးဦးသေဆုံးခဲ့သည်။

အဓိကအတိုက်အခံပါတီက ရွေးကောက်ပွဲကို သပိတ်မှောက်သဖြင့် အာဏာရအဝါမီလိဂ်ပါတီက ပြိုင်ဘက်မရှိဘဲအနိုင်ရရှိမည်မှာ သေချာလျက်ရှိသည်။

ဘင်္ဂလားဒေ့ရှ် နေရှင်နယ်လစ်ပါတီ (ဘီအန်ပီ)က မဲဆန္ဒရှင်များကို စနေနေ့တွင် ၄၈ နာရီကြာ သပိတ်မှောက်ရန် ဆော်သြ၍ ရယ်ရွှင်ဖွယ်ကောင်းလှသော ရွေးကောက်ပွဲမှ ဝေးဝေးနေကြရန်လည်း တိုက်တွန်းခဲ့သည်။

ဘီအန်ပီပါတီ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိသည့်အတွက် လွှတ်တော်၌ ပါလီမန်အမတ်ဦးရေ ၃၀၀ ရှိသည့်အနက် ယင်းအရေအတွက်၏ ထက်ဝက်အောက်လျော့နည်း၍ ယှဉ်ပြိုင်မည်ဖြစ်သည်။

ဝန်ကြီးချုပ် ရှိတ်ဟာစီနာသည် ရွေးကောက်ပွဲအား ကြီးကြပ်ကွပ်ကဲရန် အိမ်စောင့်အစိုးရ ဖွဲ့စည်းရမည့်စည်းမျဉ်းကို စွန့်ပယ်ခဲ့ခြင်းနှင့် ၎င်းတို့၏ခေါင်းဆောင်များ အကျဉ်းကျခံနေရခြင်း၊ ရှောင်တိမ်းပုန်းအောင်းနေရခြင်းတို့ကြောင့် ဘီအန်ပီပါတီက ကန့်ကွက်လျက်ရှိသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ကျင်းပမည့် ရွေးကောက်ပွဲအတွက် မဲပုံးများ သယ်ဆောင်လာစဉ်။

ဘင်္ဂလားဒေ့ရှ် ကျေးလက်ဒေသ၌ ပဋိပက္ခဖြစ်ပွားသဖြင့် လူသုံးဦးသေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။ သောကြာနေ့မှစတင်၍ မဲရုံ ၆၀ နီးပါး မီးရှို့ခြင်းခံရကြောင်း ရွေးကောက်ပွဲကော်မရှင်က ကြေညာခဲ့သည်။ **ရိုက်တာ။**

မြန်မာနိုင်ငံ၏ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ကမ္ဘာ့နိုင်ငံများမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့ခဲ့ကြသည်။

အမေရိကန်ပြည်ထောင်စု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံသို့ အမေရိကန်ပြည်ထောင်စုသမ္မတ မစ္စတာဘားရက်အိုးဘားမားမှပေးပို့သော သဝဏ်လွှာ၌ ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော မြန်မာနိုင်ငံ၏လွတ်လပ်ရေးနေ့အခါသမယအတွက် အမေရိကန်ပြည်သူများကိုယ်စားဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ယခုကဲ့သို့ အရေးပါသောအချိန်အခါသမယတွင် မိမိတို့သည် မြန်မာနိုင်ငံ၏အနာဂတ်ဒီမိုကရေစီခရီးသစ်ကို မြန်မာပြည်သူများနှင့်အတူ လျှောက်လှမ်းသွားမည်ဖြစ်ပါကြောင်း၊ လွန်ခဲ့သည့်တစ်နှစ်ကျော်က သာယာလှပသည့် မြန်မာနိုင်ငံသို့ပထမဆုံးအကြိမ် မိမိရောက်ရှိခဲ့ရသော်လည်း ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်ခဲ့မှုများနှင့် မြန်မာပြည်သူများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းကို ကတိပြုထားသည့်အတိုင်း ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ဆက်လက်ဖော်ဆောင်နေသည်ကို ကြားသိရသည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း၊ လွတ်လပ်၍ တက်ကြွသောအာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်လာရန် အဆွေတော်သမ္မတကြီးကတိပြုထားသည်ကို အမေရိကန်ပြည်သူများကိုယ်စား မိမိကဂုဏ်ပြုထောက်ခံပါကြောင်းနှင့် အဆွေတော်အာဆီယံဥက္ကဋ္ဌတာဝန်ထမ်းဆောင်မည့် ယခုနှစ်ကို အမေရိကန်ပြည်သူများက လှိုက်လှိုက်လှဲလှဲထောက်ခံအားပေးနေကြောင်း အမေရိကန်ပြည်သူများ ကိုယ်စား စကားလက်ဆောင်ပါးလိုက်ပါကြောင်း ဖော်ပြထားသည်။

အိန္ဒိယသမ္မတနိုင်ငံ

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယအတွက် အိန္ဒိယပြည်သူများနှင့် အစိုးရကိုယ်စား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊မိမိတို့နှစ်နိုင်ငံသည် ယဉ်ကျေးမှု၊ ဘာသာရေး၊ဘာသာစကားနှင့် လူမျိုးစုတို့မှာ အခြေခံအားဖြင့် ရင်းနှီးချစ်ကြည်စွာ ကူးလူးဆက်ဆံလျက်ရှိသည့် နိုင်ငံများဖြစ်ပါကြောင်း၊ အဆိုပါ ရင်းနှီးချစ်ကြည်မှုများအပေါ် အခြေခံလျက် မိမိတို့အစိုးရအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအကျိုးကို ရှေးရှု၍ အဆွေတော်သမ္မတကြီးနှင့်အတူ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် မျှော်လင့်ပါကြောင်း၊ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စတာ ပရာနဘ်မူခါဂျီးထံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ပေးပို့သော သဝဏ်လွှာတွင် ဖော်ပြပါရှိသည်။

အလားတူ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်းမှ ပေးပို့သော သဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်သမ္မတကြီးနှင့် မြန်မာပြည်သူများ ဝမ်းမြောက်ပျော်ရွှင်စွာရှိပါစေကြောင်း၊ အိန္ဒိယအစိုးရနှင့် အိန္ဒိယပြည်သူများ ကိုယ်စား ဆုမွန်ကောင်းတောင်းပါကြောင်း၊ အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် နယ်နိမိတ်ချင်းဆက်စပ်လျက်ရှိပြီး ကာလကြာရှည် လက်တွဲပူးပေါင်းလာခဲ့သည့် မိတ်ဖက်နိုင်ငံများဖြစ်ပါကြောင်း၊ လွန်ခဲ့သည့် နှစ်နှစ်အတွင်း မိမိတို့နှစ်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုများ အရှိန်မြင့်တိုးတက်လာခဲ့ပြီး အနာဂတ်တွင် အဆွေတော် သမ္မတကြီးနှင့်အတူ လုံခြုံရေးတိုးမြှင့်ရန်၊ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများအပါအဝင် ဆက်ဆံရေးတိုးတက်ခိုင်မာစေရန် ပူးပေါင်းဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌတာဝန်ယူပြီး ခရီးသစ်ကို လျှောက်လှမ်းရမည်ဖြစ်ပြီး အဆွေတော် သမ္မတကြီးအနေဖြင့် အာဆီယံဥက္ကဋ္ဌတာဝန်ကို အောင်မြင်စွာ ထမ်းဆောင်နိုင်ပါစေဟု ဆန္ဒပြုပါကြောင်းဖော်ပြထားသည်။

ဩစတြီးယားနိုင်ငံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဩစတြီးယားနိုင်ငံသမ္မတမစ္စတာ ဟိန့်ဇ်ဖစ်ရှာထံမှ ပေးပို့သော သဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယအတွက် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် မြန်မာပြည်သူများအတွက် အနာဂတ်တွင် သာယာပျော်ရွှင်ဖွယ်ဖြစ်ပါစေဟု ဆန္ဒပြုပါကြောင်း ဖော်ပြထားသည်။

ရိုမေးနီးယားနိုင်ငံ

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယအတွက် ရိုမေးနီးယားပြည်သူများနှင့် မိမိကဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဖွံ့ဖြိုးတိုးတက်ပါစေဟု ဆုတောင်းမေတ္တာပို့သပါကြောင်း၊ ရိုမေးနီးယားနိုင်ငံနှင့် မြန်မာနိုင်ငံ ရင်းနှီးချစ်ကြည်စွာဆက်ဆံပြီး အပြန်အလှန်ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍများနှင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးကျေးဇူးကို ဖော်ဆောင်နိုင်မည်ဟု မျှော်လင့်ပါကြောင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ပေးပို့သော ရိုမေးနီးယားနိုင်ငံ သမ္မတ မစ္စတာ ထရာယန် ဘာဆက်စ်ကူ၏ သဝဏ်လွှာတွင် ဖော်ပြထားသည်။

ဟယ်လင်းနစ်သမ္မတနိုင်ငံ

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်သမ္မတကြီးအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ချစ်ခင်နှစ်သက်ဖွယ်ကောင်းသော မြန်မာပြည်သူများအတွက် ကောင်းကျိုးချမ်းသာသုခပြည့်ဝပါစေဟု ဆုတောင်းမေတ္တာပို့သပါကြောင်း ဟယ်လင်းနစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်မစ္စတာအန်တိုးနစ်စီဆာမာရက်မှ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ပေးပို့သော သဝဏ်လွှာတွင် ဖော်ပြထားသည်။

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

ရန်ကုန်တိုင်းဒေသကြီး (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်၌ ကျင်းပသည်။**(ယာပုံ)**

ရှေးဦးစွာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် ၂၀၁၄ ခုနှစ် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကိုကျင်းပရာ အလံတင်တပ်စုက နိုင်ငံတော်အလံကို လွှင့်တင်သည်။

ထို့နောက် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ပြည်သူ့ရင်ပြင်၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေတက်ရောက်သည်။ အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းရင်းသား တိုင်းရင်းသူများ၊ ခရိုင်/မြို့နယ်များမှ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၃၃၀၀ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်သူ့ရင်ပြင်အတွင်း စစ်ရေးပြတပ်ခွဲနှင့် စစ်တီးဝိုင်းအဖွဲ့များ နေရာယူကြပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်ရောက်ရှိကာ တိုင်းဒေသကြီးဝန်ကြီးချုပ်အား အလေးပြုကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့၊ အခမ်းအနားသို့ တက်ရောက်လာသူများနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော ခေါင်းဆောင်များနှင့် တပ်မတော်သားများအား အလေးပြုခြင်း၊ သစ္စာလေးချက်ရွတ်ဆိုခြင်းများ ပြုလုပ်သည်။

ဂင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာအား တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖတ်ကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သင့်စီးပွားရေး အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

အထူးလှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

ချစ်ညီမလေး မဖြူဖြူစိမ်း(ခ)စတယ်လာ (Managing Director, Cho Cho Phyu Industrial & Manufacturing Co.ltd) (SPIKE)အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၄ ဖြင့် နိုင်ငံတော်မှ ပေးအပ်ချီးမြှင့်သော“သုဓမ္မသိင်္ဂီဘွဲ့”ကို ထိုက်ထိုက်တန်တန်ချီးမြှင့် အပ်နှင်းခြင်းခံရသည့်အတွက် အထူးလှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူမိပါ ကြောင်းနှင့် နိုင်ငံအကျိုး၊ သာသနာတော်အကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

မမကြီး သီဟသုဓမ္မသိင်္ဂီ ဒေါ်ဖြူဖြူဝင်း
မမလတ် ဒေါ်ဘေဘီစိမ်း-ဦးကျော်သူရ

ဒဏ်ရာပြဿနာကြောင့် ငါးပတ်အနားယူရသည့် မက်ဆီ ဘာစီလိုနာ၏လေ့ကျင့်ရေးကွင်းသို့ ပြန်လာပြီ

တံကောက်ကြောဒဏ်ရာရရှိခဲ့ခြင်းကြောင့် ရက်သတ္တ ငါးပတ်ကြာ အနားယူခဲ့ရသည့် စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းမှ အာဂျင်တီးနားတိုက်စစ်မှူး လီယွန်နယ်မက်ဆီသည် လက်ရှိတွင် အသင်းအတွက် ပြန်လည်ပါဝင်ကစားရန် အခြေအနေကောင်းနေပြီး ဘာစီလိုနာလေ့ကျင့်ရေးကွင်းတွင် လေ့ကျင့်ကစားနေပြီဖြစ်သည်။

တိုက်စစ်မှူးမက်ဆီသည် ၎င်း၏ တံကောက်ကြောဒဏ်ရာကို အာဂျင်တီးနားနိုင်ငံ ဗျူနိုအေးရိစ်တွင် သွားရောက် ခွဲစိတ်ကုသမှုပြုလုပ်ခဲ့ပြီးနောက် ဇန်နဝါရီ ၂ ရက်က စပိန်နိုင်ငံသို့ ပြန်လာခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် မက်ဆီ၏ဒဏ်ရာသည် သက်သာနေပြီ ဖြစ်သောကြောင့် ဇန်နဝါရီ ၅ ရက်တွင် အဲလ်ချီအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် လာလီဂါပွဲစဉ်တွင် မက်ဆီပါဝင်လာမည်ဖြစ်ကြောင်းသိရသည်။

မက်ဆီသည် ဒဏ်ရာပြဿနာကြောင့် ဘာစီလိုနာအသင်း၏ပြိုင်ပွဲ

ရှစ်ပွဲနှင့် လွဲချော်ခဲ့ရသည်။ သို့ရာတွင် ယင်းပြိုင်ပွဲရှစ်ပွဲတွင် နှစ်ပွဲသာ ရှုံးပွဲကြုံခဲ့ပြီး ခြောက်ပွဲအနိုင်ကစားနိုင်ခဲ့သည်။ ထို့ကြောင့် လာလီဂါအမှတ်ပေးဇယားတွင် ဘာစီလိုနာအသင်းသည် အဆင့်(၃)နေရာမှ ရီးယဲလ်မက်ဒရစ်ကို ငါးမှတ်ဖြတ်ကာ အဆင့်(၂)နေရာမှ အက်သလက်တီကိုမက်ဒရစ်ကို ရမှတ်တူဂိုးကွာခြားချက်ဖြင့် အသာစီးရကာ အမှတ်ပေးဇယားကို ထိပ်ဆုံးမှ ဦးဆောင်ဆဲဖြစ်သည်။

လီဗာပူးနည်းပြဘရန်ဒန်ရော့ဂျာအား အက်ဖ်အေတရားစွဲဆို

ဒီဇင်ဘာ ၂၆ ရက်က မန်စီးတီး အိမ်ကွင်း၌ လီဗာပူးအသင်းက မန်စီးတီးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် လီဗာပူးအသင်းနည်းပြ ဘရန်ဒန်ရော့ဂျာအနေဖြင့် ပြိုင်ပွဲနှင့်သက်ဆိုင်သည့် တာဝန်ရှိသူများအား ဝေဖန်မှုများပြုလုပ်ခဲ့ခြင်းကြောင့် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အေ)က တရားစွဲဆိုထားကြောင်း သိရသည်။

မန်စီးတီးနှင့်လီဗာပူးတို့ပွဲစဉ်တွင် ဆိုးရွားသောအပြုအမူများဖြင့်ဝေဖန်ခဲ့ခြင်းကြောင့် အက်ဖ်အေ၏တရားစွဲမှုခံထားရပြီး ရော့ဂျာအနေဖြင့် ယင်းတရားစွဲဆိုမှုကို ဇန်နဝါရီ ၈ ရက်အထိ ရင်ဆိုင်ဖြေရှင်းရမည်ဖြစ်သည်။

လီဗာပူးအသင်းသည် ယင်းပွဲစဉ်မတိုင်မီက ပရီမီယာလိဂ်အမှတ်ပေးဇယားတွင် ထိပ်ဆုံးမှဦးဆောင်နိုင်ခဲ့သော်လည်း မန်စီးတီးအားရှုံးနိမ့်ခဲ့ခြင်းကြောင့် အမှတ်ပေးဇယားအဆင့်(၄)နေရာသို့ ပြန်ဆင်းပေးလိုက်ရသည်။

ထို့ကြောင့် လီဗာပူးနည်းပြ ရော့ဂျာက ဝေဖန်မှုများပြုလုပ်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် ယူ ၁၆ အသင်းအတွက် အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်တို့တွင် ကစားသမား ရွေးချယ်မှုများ ပြုလုပ်မည်

နေပြည်တော် ဇန်နဝါရီ ၄

၂၀၁၄ ခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ကစားရန်အတွက် မြန်မာ့လက်ရွေးစင်ယူ ၁၆ အသင်းကို ဖွဲ့စည်းသွားမည်ဖြစ်ရာ အဆိုပါအသင်းအတွက် ကစားသမားရွေးချယ်မှုများကို အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည် ဇုန်နှစ်ခုခွဲ၍ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) အနေဖြင့် ကစားသမားများအား ဘောလုံးကျွမ်းကျင်မှုအပြင် အသက်မှန်ကန်မှုရှိရေးအတွက်ပါ ကစားသမားရွေးချယ်ရေးကော်မတီဖြင့် စိစစ်ရွေးချယ်သွားမည်ဖြစ်သည်။ ကစားသမား ရွေးချယ်ရေးကော်မတီတွင် မြန်မာ့လက်ရွေးစင် ယူ ၁၆ အသင်းနည်းပြအဖြစ် တာဝန်ယူမည့် ဘူလ်ဂေးရီးယားနိုင်ငံသား နည်းပြမင်ကော့ဗ်စကီး၊ MFF နည်းစနစ်ဒါရိုက်တာများဖြစ်ကြသည့် ဦးဝင်းသူမိုး၊ ဦးတင်မြင့်အောင်၊ ဦးစိုးမြင့်လွင်၊ မန္တလေးမြို့ မြန်မာဘောလုံးအကယ်ဒမီမှ နည်းပြဦးသန်းလွင်၊ ဇွဲကပင်ယူနိုက်တက်အသင်း CEO ရွှေခေတ်လက်ရွေးစင်ဟောင်း ဦးအေးမောင်ကြီး တို့ပါဝင်ကြပြီး အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည် ဇုန်များခွဲ၍တာဝန်ယူရွေးချယ်သွားမည်ဖြစ်သည်။

အဆိုပါ ကစားသမားရွေးချယ်မှုကို အထက်မြန်မာပြည်အတွက် မန္တလေးမြို့ ဘောလုံးအကယ်ဒမီတွင် ဇန်နဝါရီ ၁၅၊ ၁၆ ရက်များတွင် လည်းကောင်း၊ အောက်မြန်မာပြည်အတွက် သုဝဏ္ဏလေ့ကျင့်ရေးကွင်း(၁)နှင့်ကွင်း(၂)တို့တွင် ဇန်နဝါရီ ၁၈ နှင့် ၁၉ ရက်များတွင်လည်းကောင်း နေ့စဉ် နံနက် ၇ နာရီမှစတင်ကာ ကစားသမားရွေးချယ်မှုများပြုလုပ်သွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် လူငယ်အသင်းများသည် ယခုနှစ်အတွင်း အာဆီယံယူ ၁၆ ပြိုင်ပွဲများ၊ ဂျပန်-အာဆီယံ ယူ ၁၄ ဖိတ်ခေါ်ပြိုင်ပွဲများ၊ မြန်မာနိုင်ငံမှအိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာရှယူ ၁၉ ပြိုင်ပွဲများ စသည်ဖြင့် သက်တမ်းအလိုက် နိုင်ငံတကာပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်ကစားရန်ရှိနေသည်။

(ဖိုးသော်ဇင်)

အားကစားမြင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး



ကားရောင်း

Light Truck 97,8L /. . ၉၂သိန်း
M-mini Taxi ၅၆သိန်း
Nissan CERENA, Diesel ၇၅သိန်း
Grand Tiger 2c/. . . သိန်း၉၀
ဖုန်း-၀၉-၃၁၀၇၅၃၆၈

ကျေးဇူးဆပ်ပါမည်

ကျွန်တော်ဦးစိုးနိုင်(ခ)နူရ်အီစွလာမ်၏ မှတ်ပုံတင် S/DGNMTT.000278 သည် ခရီးသွားရင်းပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။ဖုန်း-၀၉-၇၃၀၅၃၈၅၂

အသိပေးကြေညာချက်

ဂျပန်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့်စင်ကာပူနိုင်ငံတို့မှ မော်တော်ယာဉ်များတင်ဆောင်လာသည့် M.V TRANS PACIFIC 5(V:363) သင်္ဘောသည် ၆-၁-၂၀၁၄ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှ ချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက်လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ် သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဖုန်း-၂၅၆၉၁၃၊ ၂၅၆၉၀၃၊ ၂၅၆၉၂၄၊ ၂၅၆၉၁၄

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်ဆုများစွာကို ရယူပေးမည့် မြန်မာမသန်စွမ်းရေကူးအသင်း

နေပြည်တော် ဇန်နဝါရီ ၄

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။ ထိုသို့သော မသန်စွမ်း အားကစားပွဲကြီးကျင်းပခွင့်ရရှိခဲ့သည်မှာ ကမ္ဘာ့ကုလသမဂ္ဂမသန်စွမ်းသူများ အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်ပါ မသန်စွမ်းသူများ၏ အခွင့်အရေးတစ်ရပ်ကို မြန်မာပြည်သူတစ်ရပ်လုံးက အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခွင့် ရရှိခဲ့ခြင်းဟု ဆိုထိုက်ပေသည်။ မသန်စွမ်းသူများသည် သူတို့၏ ဆန္ဒအလျောက် သူတို့၏ အားကစားစွမ်းရည်သတ္တိများနှင့် အမိမြန်မာနိုင်ငံကို ကိုယ်စားပြု၍ ရွှေတံဆိပ်ဆုများစွာကို ဝေဝေဆာဆာ ယူပေးလိမ့်မည်မှာ မလွဲပေ။

(၇)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲကို မြန်မာနိုင်ငံမှ အားကစားပြိုင်ပွဲကစားနည်း ၁၂ မျိုး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ရာ ရေကူးအားကစားနည်းကို ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာမသန်စွမ်း ရေကူးအသင်းများမှ မသန်စွမ်းရေကူးအားကစားအဖွဲ့ ခေါင်းဆောင် ဦးမြခိုင်နှင့် နေပြည်တော် ဝဏ္ဏသိဒ္ဓိရေကူးအားကစားရုံ၌ တွေ့ဆုံမေးမြန်းခဲ့သည်။ မသန်စွမ်း ရေကူးအသင်းတွင် နည်းပြချုပ်တစ်ဦး၊ နည်းပြလေးဦးရှိကြောင်းနှင့် နည်းပြချုပ်မှာ လူမှုကူညီရေးအဖွဲ့ (JICA)မှ ဂျပန်နိုင်ငံသား SAKAI MASAT က လာရောက်ကူညီပေးလျက်ရှိကြောင်း၊ ကျန်နည်းပြလေးဦးမှာ မြန်မာနိုင်ငံသားများဖြစ်သော ဦးတင်ရ၊ ဦးစိုးမင်းနိုင်၊ ဦးမျိုးမြင့်လှိုင်၊ ဦးတင်ထွန်းတို့ဖြစ်ကြသည်။ အသင်းအုပ်ချုပ်သူမှာ အမျိုးသားများ အုပ်ချုပ်သူ ဦးဇော်မင်းအောင်နှင့် အမျိုးသမီးများ အုပ်ချုပ်သူ ဒေါ်သူဇာအေး တို့နှစ်ဦးရှိပြီး ရေကူးအားကစားသမားများမှာ အမျိုးသား ၂၀ နှင့် အမျိုးသမီး ၁၀ ဦးစုစုပေါင်း အားကစားသမား ၃၀ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ပြိုင်ပွဲများတွင် မသန်စွမ်းရေကူး အားကစားသမားများမှာ ဆေးအဆင့် လိုက်သတ်မှတ်ပြီး သက်ဆိုင်ရာပြိုင်ပွဲ အမျိုးအစားအလိုက် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲဝင်ကစားနည်း လေးမျိုးပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ယင်းပြိုင်ပွဲများမှာ (၁) အလွတ်ကူး၊ (၂)လိပ်ပြာကူး၊ (၃)ရင်ပေါင်တန်းကူး၊ (၄)ပက်လက်ကူးများဖြစ်သည်။

ပြိုင်ပွဲဝင်ရန် စတင်လေ့ကျင့်ခဲ့သည်မှာ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၅ ရက်မှ စပြီး ရန်ကုန်မြို့ မြောက်ဒဂုံ နိုင်ငံတကာအဆင့်မီ ရေကူးကန်တွင် စတင်လေ့ကျင့်ခဲ့ပြီး ယခုလက်ရှိတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ ရေကူးအားကစားရုံ၌ နေ့စဉ်မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ စခန်းသွင်းလေ့ကျင့်လျက်ရှိကြောင်းနှင့် ယခင်နှစ် အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပသော (၆)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု ခြောက်ခုဆွတ်ခူးနိုင်ခဲ့ကြောင်း၊ ယခုမြန်မာနိုင်ငံတွင် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ၎င်းတို့အသင်းအနေဖြင့် ရွှေတံဆိပ်ဆု ၁၅ ခုမှန်းထားကြောင်းနှင့် ပြိုင်ပွဲဝင်နိုင်ငံမှာ မြန်မာနိုင်ငံအပါအဝင် ၁၁ နိုင်ငံရှိကြောင်း ရေကူးအဖွဲ့ခေါင်းဆောင် ဦးမြခိုင်က ပြောကြားသည်။

ထို့ကြောင့် မြန်မာပြည်သူတစ်ရပ်လုံးမှ ယင်းမသန်စွမ်းအားကစားပွဲတော်ကြီးကို ပါဝင်ဆင်နွှဲကြည့်ရှုအားပေးခြင်းသည် မသန်စွမ်းသူတို့၏ စိတ်သဘောထားပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ လူမှုရေးပိုင်းဆိုင်ရာ အတားအဆီးများကို ပိုမိုကျော်လွှားနိုင်မည်ဖြစ်သည်။ လူသားတိုင်းခံစားခွင့်ရှိသည့် အခြေခံလူ့အခွင့်အရေးများကို အသိအမှတ်ပြု၍ မသန်စွမ်းသူများကို အတားအဆီးများကြားမှ ဆွဲခေါ်ပြီး (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲကြီးကို ကြည့်ရှုပါဝင်အားပေးသင့်သည်။ **သန်းနိုင်(ဇမ္ဗူသီရိ)**

၂၀၁၄ နှစ်သစ်တွင် ပထမဦးဆုံး အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

၂၀၁၄ နှစ်သစ်တွင် ပထမဆုံးအကြိမ် ပြုလုပ်သည့် အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲကို ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ဇန်နဝါရီ ၃ ရက်မှ ၆ ရက်အထိ လေးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲကြီးတွင် အိန္ဒိယနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ နီပေါနိုင်ငံနှင့် ဂျပန်နိုင်ငံမှ လူသုံးကုန်နှင့် စားသောက်ကုန်ပစ္စည်းများ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"၂၀၁၄ ခုနှစ်မှာ ပထမဆုံးအကြိမ် ကျင်းပတဲ့ပွဲပါ။ နိုင်ငံတကာကုမ္ပဏီတွေနဲ့ ပြည်တွင်းမှာရှိတဲ့ ကုမ္ပဏီတွေ ပူးပေါင်းပြသတာပါ။ အိန္ဒိယနိုင်ငံက ဆေးဝါးတွေနဲ့ အိမ်သုံးပစ္စည်းတွေ၊ လူသုံးကုန်ပစ္စည်းတွေကို အဓိကထားပြသထားပါတယ်"ဟု ပွဲစီစဉ်ကျင်းပခဲ့သည့် SMART BUSINESS GROUP မှ ဒါရိုက်တာ ဒေါ်ရွှေစင်ဝင်းက ပြောသည်။ **(ကေသိန်းဆွေ)**

မွေးနေ့မင်္ဂလာဆုတောင်း

ဆရာနှင့် အစ်မတို့၏ ၅-၁-၂၀၁၄ရက် မင်္ဂလာရက်မြတ်မှသည် စိန်ရတုတိုင် ကျန်းမာ ချမ်းသာ အောင်မြင်စွာဖြင့် ပျော်ရွှင်စွာ လက်တွဲ လျှောက်လှမ်းနိုင်ပါစေ။

ကိုမြတ်သူ-မကေ

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ချစ်ရသောမေမေ ဒေါ်ထွေးထွေးခိုင်၏ ဇန်နဝါရီလ ၅ရက်နေ့တွင်ကျရောက်သည့် မွေးနေ့မင်္ဂလာရက်မြတ်မှသည် အသက်ရာကျော်တိုင်အောင် ချစ်ရသောဖေဖေ၊ ချစ်သမီး ချစ်သားတို့နဲ့အတူ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် ပျော်ရွှင်သောမိသားစု ဘဝကို ထာဝရပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်ခင်ပွန်း -ဗိုလ်ကြီးညွန့်ဝင်း(ငြိမ်း)
ချစ်သမီးလေး -မအေးချမ်းမိုး**(Grade-10 (B)**၊ အထက(၂)စမ်းချောင်း)
ချစ်သားလေး -မောင်ကျော်ပုညဟိန်း**(Grade-4(B)**၊ အထက(၃)မရမ်းကုန်း)

အောင်သာယာကျေးရွာချင်းဆက် RC ကွန်ကရစ်တံတား ဆောက်လုပ်ပြီးစီး၍ ပြည်သူများ သွားလာမှုအဆင်ပြေ

ဖျာပုံ ဇန်နဝါရီ ၄

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်အတွင်းရှိ အောင်သာယာကျေးရွာ(အခြားကြီး)နှင့် အေးသာယာကျေးရွာ(အခြားလေး) မြစ်တန်းအဖောင်ကျေးရွာများသို့ ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်းနှင့် ဆက်သွယ်ထားရာ RC ကွန်ကရစ်ချောင်းကူးတံတားကို နိုဝင်ဘာလမှ စတင်ဆောက်လုပ်ခဲ့ရာ ယခုဇန်နဝါရီလတွင် တည်ဆောက်ပြီးစီးခဲ့ပြီး ဖြစ်သည်။

အဆိုပါချောင်းကူးတံတားသည် ကျေးရွာချင်းဆက်ကျောက်ချောလမ်းမှ ဖျာပုံမြို့သို့ ဆက်သွယ်ရာတွင် ခရီးသွားကျေးလက်နေပြည်သူများ အသုံးပြုသော အရေးပါသည့် တံတားတစ်စင်းဖြစ်သည်။ အေးသာယာကျေးရွာနေပြည်သူတစ်ဦးက "ကျွန်တော်တို့ကျေးရွာက အောင်သာယာကျေးရွာနှင့် ကျောက်ချောလမ်း(၃)မိုင်ကျော်ရှိပြီး ဖျာပုံ-ကျုံးကဒွန်း အဝေးပြေးလမ်းမကြီးဘေးတွင်တည်ရှိပြီး အဖောင်ကျေးရွာ မြစ်တန်းရေလုပ်ငန်းရှင်တွေနဲ့ လယ်ယာထွက်ကုန်ပစ္စည်းများနှင့် ပင်လယ်ပြင်ရေလုပ်ငန်းထွက်ကုန်ပစ္စည်းများကို တင်ပို့ရာမှာ အဓိကအားထားရတဲ့ ကျေးလက်လမ်းဖြစ်ပါတယ်။ ကားလမ်းဘေး ချောင်းကိုဖြတ်တဲ့ ယခုတံတားက အကြီးဆုံးဖြစ်ပြီး အရေးကြီးတဲ့တံတားဖြစ်လို့ RC ကွန်ကရစ်တံတားဆောက်လုပ်ပြီးနေပြီဖြစ်တော့ ကိုယ်ပိုင်ကား၊ သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီတွေနဲ့ လူမှုစီးပွားရေးမှာ တွင်ကျယ်စွာ အသုံးပြုနိုင်တော့မှာ ဖြစ်တဲ့အတွက် ရွှေ့လျှောက်ပြီး ကျွန်တော်တို့ ပြည်သူတွေ အဆင်ပြေပြီပေါ့ဗျာ"ဟု ပြောသည်။

အဆိုပါကျေးရွာချင်းဆက် RC ကွန်ကရစ်တံတားကို ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ခွင့်ပြုရန်ပုံငွေ သန်းတစ်ထောင်မှ ဖျာပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် ခွင့်ပြုငွေ ကျပ် ၃၆၄သိန်း ခွဲဝေချထားငွေမှ ငွေကျပ်သိန်း ၅၀နှင့် ကျေးလက်ပြည်သူထည့်ဝင်ငွေ ၇၅ သိန်း အပါအဝင်စုစုပေါင်းငွေကျပ် ၁၂၅သိန်းဖြင့် အရှည် ၄၃ ပေ၊ အကျယ် ၁၅ ပေ၊ အမြင့် ၁၀ ပေရှိ RC ကွန်ကရစ်တံတားအဖြစ် ဖျာပုံမြို့နယ် ဖွံ့ထောက်ကူပြုအဖွဲ့နှင့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ ပူးပေါင်းကြီးကြပ်ဆောင်ရွက်မှုဖြင့် ဆောက်လုပ်ပြီးစီးခဲ့ကြောင်း သိရသည်။ **ချမ်းသာ(ဖျာပုံ)**

ကလေး-ဂန့်ဂေါရထားတွင် စာပေလေ့လာဖတ်ရှုနိုင်ရန်ဆောင်ရွက်

ဂန့်ဂေါ ဇန်နဝါရီ ၄

ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာ့မီးရထားတို့ ပူးပေါင်း၍ ကလေး-ဂန့်ဂေါ ရထားလူစီးတွဲ လေးတွဲတွင် နံရံကပ်စာပေရေချမ်းစင်များကို(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အား ဂုဏ်ပြုလျက် ဒီဇင်ဘာ ၃၁ရက်တွင် စတင်ဖွင့်လှစ်ထားရှိသည်။ နံရံကပ်စာပေရေချမ်းစင်တစ်ခုတွင် စာပေရေချမ်းစင် စာစဉ်ဘာသာရပ် ၁၂မျိုးပါရှိ၍ အတွဲ(၁) အမှတ်စဉ်(၁)မှ (၆)အထိ ၇၂စောင်ပါရှိသဖြင့် ရထားစီးခရီးသွားများသည် စာပေကို လွယ်လင့်တကူ လေ့လာဖတ်ရှုရင်း ခရီးသွားနိုင်ပြီဖြစ်သည်။

ကလေး-ဂန့်ဂေါရထားသည် ကလေးမြို့မှ ဂန့်ဂေါမြို့သို့ နံနက် ၅နာရီတွင် ထွက်ရှိ၍ ဂန့်ဂေါမြို့သို့ မွန်းလွဲ ၁နာရီခန့်တွင်လည်းကောင်း၊ ဂန့်ဂေါမြို့မှ မွန်းလွဲ ၂နာရီတွင်ထွက်ရှိ၍ ကလေးမြို့သို့ ည ၉ နာရီခန့်တွင်လည်းကောင်း ရောက်ရှိကာ နေ့စဉ် ခရီးသွားပြည်သူ ၂၀၀ ကျော်တို့ လိုက်ပါလျက်ရှိသည်။

ဂန့်ဂေါမြို့နယ်အတွင်းရှိ ဘူတာကြီး ၆ခုတွင်လည်း နံရံကပ်စာပေရေချမ်းစင်များ ဆက်လက်ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(၄၆၅)

ပုသိမ်မြို့ မူလတန်းကြိုကျောင်းကလေးငယ်များ ကာယစွမ်းရည် ပြိုင်ပွဲကျင်းပ

ပုသိမ် ဇန်နဝါရီ ၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ လူမှုဝန်ထမ်းဦးစီးဌာန ပုသိမ်မူလတန်းလွန်ကျောင်း ကျောင်းသား၊ ကျောင်းသူများ၏ ကာယစွမ်းရည်ပြိုင်ပွဲကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၇နာရီက အမှတ်(၂)အခြေခံပညာအလယ်တန်း ကျောင်းဝင်းအတွင်းရှိ ဘောလုံးကွင်း၌ ကျင်းပသည်။

ပြိုင်ပွဲကို မူလတန်းကြို ကျောင်းအုပ်ဆရာမကြီး ဒေါ်မြတ်မြတ်သိန်း၊ အိမ်တွင်းမှုကျောင်းအုပ် ဆရာမကြီးနှင့် ဆရာမတစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းသူလေးများက ပန်းဖွားအကဖြင့် ကပြဖျော်ဖြေကြသည်။

ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မူလတန်းကြို ကျောင်းသား၊ ကျောင်းသူ ၂၇၀တို့က အားကစားနည်း ၂၈မျိုးကို ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု ရရှိသူများကို ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်း အကျိုးတော်ဆောင်အဖွဲ့တို့က ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်းသိရသည်။ **ခရိုင်ပြန်/ဆက်**

အစိုးရကြော်ငြာ

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဗဟိုစာရင်းအင်းအဖွဲ့ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဗဟိုစာရင်းအင်းအဖွဲ့၏ အိမ်ထောင်စုတစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်း စစ်တမ်းနှင့် မြန်မာနိုင်ငံပုဂ္ဂလိကစက်မှုကဏ္ဍ တိုးမြှင့်ရေးစစ်တမ်းများ ကောက်ယူရန်မေးခွန်းလွှာရိုက်နှိပ်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။	တင်ဒါပုံစံထုတ်ယူရမည့်ရက်	- ၅-၁-၂၀၁၄ရက်မှ ၆-၁-၂၀၁၄ရက်အထိ ဗဟိုစာရင်းအင်းအဖွဲ့၊ ရုံးအမှတ်(၃၂)၊နေပြည်တော်နှင့် အမှတ်(၁)၊ သစ္စာလမ်းမကြီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ထုတ်ယူနိုင်ပါသည်။
၃။	တင်ဒါတင်သွင်းမည့်ရက်	- ၇-၁-၂၀၁၄ရက်(၁၀း၀၀)နာရီမှ (၁၂း၀၀)နာရီအတွင်း၊ ဗဟိုစာရင်းအင်းအဖွဲ့ ၊ ရုံးအမှတ် (၃၂)၊ နေပြည်တော်၊ တင်ဒါကြီးကြပ်မှုကော်မတီ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။
၄။	တင်ဒါဖွင့်လှစ်မည့်အချိန်	- ၇-၁-၂၀၁၄ရက်၊ (၁၄း၀၀)နာရီ၊ ဗဟိုစာရင်းအင်းအဖွဲ့၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်။

၅။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်းအမှတ် ၀၆၇-၄၀၆၃၃၆ နှင့် ၀၆၇-၄၀၆၃၃၁၊ ၀၁-၆၅၇၃၀၇သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဗဟိုစာရင်းအင်းအဖွဲ့
ရုံးအမှတ်(၃၂)၊နေပြည်တော်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား ဂိုဒေါင်ရောက်တန်ဖိုး D.D.P (Paung Laung) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	Spare Parts for Geological Machinery	1 Lot

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal) အား ၉-၁-၂၀၁၄ ရက် ၁၂း၀၀ နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ နည်းပညာစံချိန်စံညွှန်းကိုက်ညီသော ကုမ္ပဏီများအား ပြန်လည် အကြောင်းကြားပေးမည်ဖြစ်ပြီး ဈေးနှုန်းအဆိုပြုလွှာ (Price Proposal) အား ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ (၁၄) ရက် မွန်းတည့် ၁၂း၀၀ နာရီတွင် နောက်ဆုံးထားတင်သွင်းရန်နှင့် ၁၃း၀၀ နာရီတွင် အများရှေ့မှောက်၌ ဖွင့်ဖောက်ကြေညာရွေးချယ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်နေ့မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ်(၃၈)၊ နေပြည်တော်၊ ဖုန်း- ၀၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၀၈၁

စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း) (၁၈/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-156(2013-2014)	Gas Detector Equipment with Complete Accessories	(2) Sets	US$
(၂)	IFB-157(2013-2014)	N 69 & GD 75 Swivel Complete Sets	(2) Items	US$
(၃)	IFB-158(2013-2014)	Assorted Sizes of ERW Steel Line Pipes (API 5L Grade X42, 3LPE Coated) & Pipe Accessories	(1) Lot	US$
(၄)	IFB-159(2013-2014)	Welding Electrode	(3) Items	US$
(၅)	IFB-160(2013-2014)	50 Ton Tractor with Low Bed Trailer	(2) Units	US$
(၆)	IFB-161(2013-2014)	Assorted Sizes of Tri-Cone Rock Bits & PDC Bits	(5) Items	US$
(၇)	IFB-162(2013-2014)	10 Ton Dump Truck	(1) Unit	US$
(၈)	IFB-163(2013-2014)	CAT D 3508 Engine	(3) Nos	US$
(၉)	DMP/L-048(2013-2014)	Electrical Spares for ZJ 70L Drilling Rig	(4) Items	Ks
(၁၀)	DMP/L-049(2013-2014)	Portable Fire Pump, Transformer Welding Set & Gas Cutting Torch	(3) Items	Ks
(၁၁)	DMP/L-050(2013-2014)	Geological Survey Instruments & Mud Testing Equipments	(1) Lot	Ks

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၃-၂-၂၀၁၄ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ မိုင်းဆတ်မြို့ အောင်ဇေယျအားကစားကွင်း၌ ကျင်းပ

မိုင်းဆတ် ဇန်နဝါရီ ၄

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁ ရက် နံနက် ၁၀ နာရီက ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ အောင်ဇေယျ ဘက်စုံအားကစားကွင်း၌ ကျင်းပသည်။

အားကစားနည်းများ

ရှေးဦးစွာ အပြေးပြိုင်ပွဲများနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲများ ကျင်းပပြုလုပ်ခဲ့ပြီး သံလုံးပစ်၊ သံပြားပစ်၊ လှံတံပစ်၊ ဂုံနီအိတ်စွတ်၊ လက်ဆင့်ကမ်း၊ ဖားခုန်၊ အာလူးကောက်၊ မုန့်စားပြိုင်ပွဲနှင့် မြန်မာ့ရိုးရာ ခြင်းအလှပြိုင်ပွဲအပါအဝင် စုစုပေါင်း အားကစားနည်း (၃၀)ကျော်ကို ဇန်နဝါရီ ၃ ရက်ထိ ကျင်းပသည်။

ဆုချီးမြှင့်

ဇန်န ဝါရီ ၄ ရက်(လွတ်လပ်ရေးနေ့)တွင် ဆုချီးမြှင့်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

စစ်ကိုင်းမြို့နယ်၌ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အားကစားပွဲများကျင်းပ

စစ်ကိုင်း ဇန်နဝါရီ ၄

"လွတ်လပ်ရေးနေ့ကို ပြည်သူတွေက မေ့မေ့ပျောက်ပျောက် မဖြစ်စေချင်ဘူး၊ နိုင်ငံတော်ကလည်း ပြည်သူတစ်ရပ်လုံး ပါဝင်စေချင်တယ်၊ လူကြီးတွေက လွမ်းတသသဖြစ်နေတယ်၊ ကျွန်တော်တို့ငယ်ငယ်တုန်းက လွတ်လပ်ရေးနေ့ဟာ ခမ်းနားခဲ့သလို ယခုလူငယ်တွေကို မကျွိုင်ထားပြီး ဒီနှစ်မှာ ခမ်းနားအောင် ကျင်းပချင်ပါတယ်"လို့ စစ်ကိုင်းမြို့နယ်အုပ်ချုပ်ရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းဝင်းအောင်က ပြောသည်။

လွတ်လပ်ရေးနေ့အားကစားပြိုင်ပွဲ ဆုရရှိသူများအား စစ်ကိုင်းမြို့ ငြိမ်းသီရိ ဧည့်ရိပ်သာ ပိုင်ရှင် ဦးတင်ထွန်း(သမာဓိ)မှ ဆုငွေများကို ပံ့ပိုးပေးခြင်းဖြစ်သည်။

အားကစားပြိုင်ပွဲများ ကျင်းပသည့် စစ်ကိုင်းမြို့ ရွှေမင်းဝံပန်းခြံအတွင်းရှိ လွတ်လပ်ရေးကျောက်တိုင်နှင့် ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်ကို ပုံပါအတိုင်း တွေ့ရသည်။

(၂၂၅)

တစ်သက်တာ စာပေဆုရ ဆရာကြီး၊ ဆရာမကြီးများအား ဂုဏ်ပြု

ရန်ကုန် ဇန်နဝါရီ ၄

မြန်မာစာပေကို ထိန်းသိမ်းစောင့်ရှောက်ရန် မြန်မာစာပေ ပြန့်ပွားတိုးတက်စေရန်၊ မြန်မာစာပေ၏ ဂုဏ်ကို မြှင့်တင်ရန်၊ မြန်မာစာပေ ချစ်မြတ်နိုးသူများ တိုးပွားစေရန်၊ မြန်မာစာပေ ချစ်မြတ်နိုးမှုကို အခြေခံ၍ မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကောင်းများ ထိန်းသိမ်းတတ်စေရန်နှင့် မြန်မာစာပေစွမ်းအားဖြင့် နိုင်ငံနှင့် နိုင်ငံသားတို့၏အကျိုးကိုသယ်ပိုးရန် စသော ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားသည့် မြန်မာစာပေ ချစ်မြတ်နိုးသူများအသင်း၏ နှစ်ပတ်လည်အစည်းအဝေးနှင့် တစ်သက်တာစာပေဆုရ စာရေးဆရာကြီး၊ ဆရာမကြီးများအား ဂုဏ်ပြုခြင်းအခမ်းအနားကို ဒီဇင်ဘာ ၂၉ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ တော်ဝင်နှင်းဆီခန်းမ၌ ပြုလုပ်ခဲ့သည်။

"မြန်မာစာပေကို ချစ်တဲ့လူများနဲ့ဖွဲ့စည်းထားတာပါ၊ မြန်မာစာကို ချစ်မြတ်နိုးသူတိုင်း ဒီအသင်းထဲကို ဝင်လို့ရတယ်။ မြန်မာစာနဲ့ပတ်သက်လို့ တစ်သက်တာ စာပေဆုရသူတွေ အမျိုးသား စာပေဆုရသူတွေ၊ ကျောင်းသူ၊ ကျောင်းသားတွေ မြန်မာစာပါမောက္ခတွေနဲ့ ပြင်ပ ဝါသနာရှင်တွေစုပေါင်းပြီး ဒီနေ့ မြန်မာစာပေမှာ အားနည်းချက်တွေ ရှိနေတာကို ပြင်ကြမယ်။ အနာဂတ်မှာမြန်မာစာပေ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ကြမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီနေ့လိုပွဲတွေလုပ်တာပါ"ဟု မြန်မာစာပေ ချစ်မြတ်နိုးသူများအသင်း၏ အတွင်းရေးမှူး ဦးအောင်စိုးဦးက ပြောကြားသည်။

မြန်မာစာပေသည် ကမ္ဘာ့အလယ်၌ မိမိအဆင့်အတန်းနှင့် မိမိရပ်တည်နိုင်သော စာပေဖြစ်သည့်အပြင် မိမိကိုယ်ပိုင် သဒ္ဒါ၊ စည်းကမ်းများနှင့်အညီ ခံ့ညားထည်ဝါစွာ ရပ်တည်နိုင်သော ဘာသာစကားတစ်ရပ်လည်းဖြစ်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် မြန်မာစာကို ရုံးသုံးဘာသာစကားအဖြစ် အသိအမှတ်ပြုခဲ့ပြီး ကျောင်းများ၌ မြန်မာစာပေကို အလေးထားသင်ကြားလာခဲ့သည်။

ခေတ်ကာလပြောင်းလဲလာသည့် အခါတွင် မြန်မာစာပေကိုကျောင်းများ၌ သင်ကြားပေးကြသော်လည်း အလေးဂရုပြုသူ နည်းပါးလာသည့်အတွက် စီးပွားရေး နယ်ပယ်အသီးသီးနှင့် ပညာရပ်နယ်ပယ်အသီးသီးတို့တွင် မြန်မာစာအရေးအသား သဒ္ဒါအထားအသိုများ ချွတ်ယွင်းယိမ်းယိုင်လာသည်ကို တွေ့ရသည့်အပြင် မြန်မာစာပေကို မြန်မာများကိုယ်တိုင်က မြတ်နိုးလေးစားမှုလျော့ပါးလာသည်ကို တွေ့ရသည့်အတွက် မြန်မာစာပေ ဆက်လက်အဆင့်အတန်းမြင့်မားနေရန်မှာ အားလုံးတွင် တာဝန်ရှိကြောင်း အဆိုပါ အခမ်းအနားမှ သိရသည်။

အခမ်းအနားသို့ မြန်မာစာချစ်သူများ တစ်သက်တာစာပေဆုရစာရေးဆရာ၊ ဆရာမကြီးများ မြန်မာစာ ကျောင်းသား၊ ကျောင်းသူများ ပါမောက္ခ၊ ဆရာ၊ ဆရာမများ၊ အမျိုးသားစာပေဆုရ ဆရာကြီး၊ ဆရာမကြီးများ စာရေးဆရာ၊ ဆရာမများ စာနယ်ဇင်းများမှ ဖိတ်ကြားထားသူများနှင့် ကဗျာဆရာများ တက်ရောက်ခဲ့သည်။

သီသီမင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အုပ်ချုပ်မှုအောက်ရှိ ရေအားလျှပ်စစ်စီမံကိန်းများ၏ အောက်ဖော်ပြပါလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံ ဆောင်ရွက်လိုပါသည်-

(က)	အထက်ပေါင်းလောင်းစီမံကိန်း	လမ်းဖောက်လုပ်ခြင်းလုပ်ငန်း	(၁၂)မိုင်
(ခ)	ဂမုန်းတောင်-လွဲကြီးလမ်း မိုင်တိုင်၂/၀မှ စူးစမ်းလေ့လာရေး လုပ်ငန်းဆောင်ရွက်မည့် ရေအားအရင်းအမြစ်တည်နေရာ	ချဉ်းကပ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း (Road Structures များ အပါအဝင်)	(၈)မိုင်
(ဂ)	အထက်ပေါင်းလောင်းစီမံကိန်း	ချဉ်းကပ်လမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်း (၁၈'×၉")	(၂၀၀၀)ကျင်း

၂။ တင်ဒါပုံစံအရောင်းပိတ်ရက် - ၇-၁-၂၀၁၄ ရက်၊ ၁၆း၃၀နာရီ
Company Profile အပါအဝင် Technical Proposal နောက်ဆုံးထား၍တင်သွင်းရမည့်ရက် - ၁၄-၁-၂၀၁၄ ရက်၊ ၁၆း၃၀ နာရီ

၃။ Technical အောင်မြင်သည့် လုပ်ငန်းရှင်များအား Price Proposal တင်သွင်းရန် ဌာနမှ အကြောင်းကြားပေးမည် ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှ စတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ်-၂၇၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၄၃၁၊ ဖက်စ်-၀၆၇-၄၁၀၄၃၁

ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့ရုပ်ရှင်လုပ်ငန်းအတွက်
e-Government နှင့် ပတ်သက်သည့်ပစ္စည်းများဝယ်ယူရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းအတွက် အသုံးပြုရန် လိုအပ်လျက်ရှိသည့် ကုန်ကြမ်းပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	ရေတွက်ပုံ	ဦးရေ
၁။	(i7) Desktop Computer (Full Accessories)	Nos	10
၂။	4 in 1 Printer	Nos	10
၃။	Server	Nos	2
၄။	Online UPS	Nos	3
၅။	LAN network (for 12 Pts)	Pts	12

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂-၁-၂၀၁၄ရက်မှ ၂၁-၁-၂၀၁၄ရက်ထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၃-၁-၂၀၁၄ ရက် ၁၂း၀၀နာရီမှ ၁၃း၀၀ နာရီအတွင်း အမှတ်(၂၈)၊ ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်ရှိ မြန်မာ့ရုပ်ရှင်လုပ်ငန်း(ရုံးချုပ်)တွင် တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ တင်ဒါပေးသွင်းသည့်အချိန်တွင် တစ်ခါတည်း ဖွင့်ဖောက်စစ်ဆေးမည်ဖြစ်ပါ၍ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖုန်း-၀၉ ၄၃၁ ၂၂၀၉၂၊ ၀၁- ၅၁၃၉၈၂ နှင့် ၀၁- ၅၃၉၈၅၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ	တင်ဒါတင်သွင်းရန်လိပ်စာ
မြန်မာ့ရုပ်ရှင်လုပ်ငန်း	မြန်မာ့ရုပ်ရှင်လုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန	ပြန်ကြားရေးဝန်ကြီးဌာန
အမှတ်(၂၈)၊ ကုက္ကိုင်းရိပ်သာလမ်း	အမှတ်(၂၈)၊ ကုက္ကိုင်းရိပ်သာလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။	ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများတွင် အသုံးပြုရန် အောက်ဖော်ပြပါ မော်တော်ယာဉ်များအား DDP (ပေါင်းလောင်း) မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-
Tender No. 24/HP GE/2013-2014
(က) Fire Fighting Vehicle (1600 Gallon) (၅)စီး

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့် ပစ္စည်းများ၏ (Technical Specification)များ၊ အသေးစိတ်အချက်အလက်များအား ကြော်ငြာပါသည့်ရက်မှ စတင်၍ ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါများအား ၂၀-၁-၂၀၁၄ ရက် ၁၆း၀၀ နာရီအရောက် နောက်ဆုံးထား၍ တင်သွင်းရပါမည်။

ပစ္စည်းဖြည့်တင်းရေးဌာနခွဲ၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရုံးအမှတ်(၃၈)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၁၆၈၊ ၀၆၇-၄၁၁၀၇၆

ပြင်ဆင်ပြီး တိုက်ခန်းရောင်း

စမ်းချောင်း၊ လမ်းသန့်၊ ပေ(၁၇½×၆၀)စတုတ္ထထပ်၊ ကျွန်းပါကေး၊ ကျွန်းအိပ်ခန်း ၂ခန်း၊ သံပန်းပြည့်၊ ဆန်းရှိတ်၊ ကိုယ်ပိုင်ရေ၊ မီး၊ (ဝရန်တာ၊ ရေချိုးခန်း၊ မီးဖိုခန်း၊ ဘိုထိုင်အိမ်သာ) ကြွေပြားခင်း၊ ကပ်၊ မျက်နှာကြက်၊ ဂျက်ဆင်ဘုတ်၊ အဆင့်မြင့် ပြင်ဆင်ပြီး တိုက်သန့်။
(၅၉၅)သိန်း **ဖုန်း-၀၉-၄၄၉၀၀၂၈၆၅၊ ၀၉-၇၃၁၅၆၄၉၄**



နံ့ယောကျေးလက်တံတား တည်ဆောက်

ရန်ကုန် ဇန်နဝါရီ ၄

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၏ စီမံကြီးကြပ်မှုဖြင့် သုံးခွမြို့နယ် အမှတ်(၉)ရပ်ကွက်နှင့် နံ့ယောကျေးရွာကို ဆက်သွယ်ထားသော နံ့ယောကျေးလက်တံတားကို တည်ဆောက်လျက်ရှိကြောင်းသိရသည်။ ယခင်တံတားဟောင်းမှာ သစ်သားတံတားဖြစ်ပြီး ယိုယွင်းပျက်စီး၍ ကြံ့ခိုင်မှုမရှိသောကြောင့် အသစ်ပြန်လည်တည်ဆောက်ရခြင်း ဖြစ်ကြောင်းသိရသည်။ ယခုတည်ဆောက်လျက်ရှိသော တံတားသစ်မှာ သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး အလျား ပေ ၇၀၊ အနံ ၁၂ပေ၊ အမြင့် ၁၄ ပေဖြစ်၍ ခံနိုင်ဝန် ၁၀ တန်ဖြစ်ကြောင်း သိရသည်။ လောလောဆယ်တွင် အများပြည်သူ သွားလာရေးအဆင်ပြေစေရန် အကျယ် ၆ ပေရှိ သစ်သားယာယီ ရှောင်လွှဲတံတားတစ်ခု တည်ဆောက်ပေးထားပြီး တံတားအသစ်ကို ၂၀၁၄ ခုနှစ် မတ်လတွင် အပြီးတည်ဆောက်မည်ဟုသိရသည်။

ထိုတံတားကိုအခြေပြု၍ ကျေးရွာအုပ်စု (၅)အုပ်စု၊ ကျေးရွာပေါင်း ၁၁ ရွာ၊ အိမ်ခြေပေါင်း ၂၆၉၈ မှ လူဦးရေ ၁၁၄၅၅ ဦးသည် နေ့စဉ်သွားလာနေကြောင်း သိရသည်။ တံတားအသစ်ပြီးစီးပါက မိမိတို့၏ လယ်ယာထုတ်ကုန်ပစ္စည်းများကို အချိန်တိုအတွင်း သယ်ယူပို့ဆောင်နိုင်ကာ ကျေးလက်ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူ ဖြစ်စေကြောင်း သိရသည်။

ကိုကျော်(သုံးခွ)

မိုးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စစ်ဆေး

ကလေး ဇန်နဝါရီ ၄

ယခုအခါ ပွင့်လင်းရာသီသို့ ရောက်ရှိပြီဖြစ်၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စီမံချက်ဖြစ်သော ကောင်းလေးကောင်း၊ ဆင့်လေးဆင့်၊ မြန်သုံးမြန်တို့ ဆောင်ရွက်ခြင်း ပြည့်စုံမှုရှိ၊ မရှိကို ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် ဒီဇင်ဘာ ၃၀ရက် နံနက် ၉ နာရီက ကလေးခရိုင် မီးသတ်ဦးစီးဌာနသို့ သွားရောက်စစ်ဆေးသည်။

ယင်းနောက် ကလေးခရိုင်မီးသတ်ဦးစီးဌာန၏ ဗဟိုမီးသတ်ယာဉ်(၅)စီးဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက်ပြည်သူများ သတိမူရေးကို လှုံ့ဆော်သည့်အနေဖြင့် ကလေးမြို့တွင် အချက်ပြဥသြဆွဲ၍ လှည့်လည်ဆော်သြကြကြောင်း သိရသည်။

ဂျူနိုင်း

မလုံ့တလုံ လုံမလေးများသို့

အနုပညာလောကသို့ အပြင်းစား Sexy Pose ဖြင့် ဝင်ရောက်လာသည့် သမီးပျိုတစ်ဦး၏ ဓာတ်ပုံများကို ဂျာနယ်တစ်စောင်တွင် တွေ့မြင်ရ၍ ဤဆောင်းပါးကို စာရေးသူရေးမိပေသည်။ စာရေးသူသည် ပညာရေးလောကမှဖြစ်၍ ဆယ်ကျော်သက်ရွယ်လူငယ်များနှင့် ထိတွေ့နေသူတစ်ဦးဖြစ်ပါသည်။ ခေတ်မီခြင်းကို လက်ခံပါသည်။ သို့သော်ခေတ်လွန်၍မြန်မာ့ယဉ်ကျေးမှုကွယ်ပျောက်မည်ကိုတော့ စိုးကြောက်မိပေသည်။ ခေတ်အဆက်ဆက်လုံခြုံစွာဝတ်စားဆင်ယင်တတ်သည့် မြန်မာ့သမီးပျို လုံမလေးများ၏ ကြန္ဒြေသိက္ခာရှိသောအလှကို တိုင်းတစ်ပါးသားတို့ကပင် လေးစားတန်ဖိုးထားကြသည်။ ယဉ်ကျေးသောနိုင်ငံဟု ကမ္ဘာက အသိအမှတ်ပြုထားသည့် မြန်မာနိုင်ငံမှ သမီးပျို၏ ဟီရိဩတ္တပ္ပကင်းမဲ့သော ဝတ်စားဆင်ယင်မှုနှင့် အမြင်မသင့်လျော်သည့် နေထိုင်ပုံဟန်ပန်ကို တိုင်းတစ်ပါးသားတို့ မြင်တွေ့ရပါက ရှက်ဖွယ်ဖြစ်ပေသည်။

ရဟန်းရှင်လူ ပြည်သူအများနှင့် အရွယ်သုံးပါးတို့၏ ရှေ့မှောက်သို့ ရောက်ရှိနေကြသည့် စာစောင်များတွင် ရောင်းအားကောင်းရေးတစ်ခုတည်းကိုမကြည့်ဘဲ မြန်မာ့သမီးပျိုများ၏ အမြင်သင့်လျော်သော ဓာတ်ပုံများကိုသာ ရွေးချယ်ဖော်ပြသင့်ပေသည်။ ပျိုမြစ်နုနယ်သည့်မြန်မာ့သမီးပျိုလုံမငယ်တို့သည် လျှို့ဝှက်ထိန်းသိမ်းအပ်သည့် မိမိတို့၏ပင်ကိုယ်အလှကို ထုတ်ဖော်ပြသမှ အလှသည် ပေါ်လွင်သည်မဟုတ်ပေ။ ကြန္ဒြေသိက္ခာရှိစွာ ဝတ်စားဆင်ယင်ခြင်းဖြင့်လည်း မိမိတို့၏ပြေပြစ်လှပမှုသည် ပေါ်လွင်ပါသည်။ မလုံခြုံသော ဝတ်စားဆင်ယင်မှုနှင့် အမြင်မသင့်လျော်သောနေထိုင်မှုတို့သည် အန္တရာယ်ကို ဖိတ်ခေါ်နေသကဲ့သို့ ဖြစ်ပေသည်။ ယနေ့ အနုပညာလောကတွင် အောင်မြင်စွာ ရပ်တည်နေကြသော အနုပညာရှင်များသည် စိတ်ရောကိုယ်ပါ အနုပညာတွင်မြှုပ်နှံ၍ မိမိတို့ကျရာ ဇာတ်ရုပ်ကို အကောင်းဆုံးဖြစ်အောင် ကြိုးစားသရုပ်ဆောင်ကြ၍ ပရိသတ်၏အားပေးမှုကိုရရှိပြီး အောင်မြင်နေကြခြင်းဖြစ်ပေသည်။ အနုပညာကို အမှန်တကယ်မြတ်နိုးပြီး အောင်မြင်မှုရလိုပါက အနုပညာအရည်အသွေးပြည့်ဝသည့် သရုပ်ဆောင်တစ်ဦး ဖြစ်ရန်ကြိုးစားသင့်ပေသည်။ လက်ဦးဆရာ မည်ထိုက်စွာပုပ္ပစရိယမိနှင့်ဖဆိုသကဲ့သို့ ဆရာသမားတို့၏ ဆိုဆုံးမမှုအပြင် သားသမီးတို့နှင့်အနီးကပ်ရှိနေသည့် မိဘများကလည်း မိမိတို့၏သားသမီးများကို မှန်ကန်သည့် လမ်းညွှန်မှုများ ပေးသင့်ကြောင်း စေတနာကောင်းဖြင့် တင်ပြအပ်ပါသည်။

လုံမပျိုများ ကြန္ဒြေရှိသောအလှနှင့် ဇာတိဂုဏ်၊ အမျိုးဂုဏ်၊ ယဉ်ကျေးဂုဏ်ကို ထိန်းသိမ်းနိုင်ကြပါစေ။

အလှတွင်အယဉ်ဆင့်၍ ဘဝတွင် အသွင်တင့်နိုင်ကြပါစေ။

အိမ့်ကြည်ဖြူ(ပညာရေး)





ဝန်ထမ်းအလိုရှိသည်

(အထည်ချုပ်စက်ရုံ)

အမှတ်-၁၀၀၀/D၊ ရွှေနှင်းဆီ(၅)လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၆၆၁၈၆၈

(၁) မော်တာစက်ချုပ်ဝန်ထမ်း	အသက်(၂၂-၃၀)	ကျား/မ(၁၀)ဦး
(၂) အထည်ချုပ်စက်ပြင်		ကျား(၂)ဦး
(၃) Cutting Worker		ကျား/မ(၂)ဦး
(၄) Quality Controller		ကျား/မ(၂)ဦး
(၅) Store Keeper		ကျား/မ(၂)ဦး
(၆) Admin Staff		ကျား/မ(၂)ဦး

အမှတ်စဉ်(၂ မှ ၅)အတွက် အသက်(၂၂-၃၅)ကြား၊ လုပ်ငန်းအတွေ့အကြုံ (၂)နှစ်အထက်ရှိသူ၊ ၁၀တန်း/ဘွဲ့ရဖြစ်ရမည်။ အမှတ်စဉ် (၆)အတွက် အသက် (၂၂-၃၀)ကြား၊ ၁၀တန်း/ဘွဲ့ရ၊ Computer ကျွမ်းကျင်စွာသုံးနိုင်သူ၊ တရုတ်/အင်္ဂလိပ်ရေးဖတ်ပြော ကျွမ်းကျင်သူဦးစားပေးမည်။ လျှောက်ထားလိုသူများ သည် CV နှင့်တကွ (၃)လအတွင်း ရိုက်ထားသော လိုင်စင်ဓာတ်ပုံ(၁)ပုံ၊ ပညာအရည်အချင်းအထောက်အထား၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်း၊ ရဲစခန်း၊ ရပ်ကွက်ထောက်ခံချက်မိတ္တူတို့နှင့်အတူ လူကိုယ်တိုင် ရုံးချိန်(Mon-Fri) 8:00am-12:00pm အတွင်းလာရောက်လျှောက်ထားနိုင်ပါသည်။ ပဲခူးမြို့တွင် လုပ်နိုင်သူဖြစ်ရမည်။

စာမေးပွဲအောင်ပွဲဝင်ယတြာများ

စာမေးပွဲဆိုတာ ပြိုင်ပွဲတစ်ခုပါပဲ။ အောင်မြင်ရန် ကံတရားလည်း အရေးကြီးပါတယ်။ ဒီအဆိုကို လက်ခံလျှင် လာခဲ့ပါ။ **ဖုန်း-၀၉-၅၀၇၅၈၂၇**



ယခုနှစ်ဆောင်းရာသီတွင် မြူမိုင်းများတိုက်ခတ်ခံရသည့် နှစ်ရှည်သီးနှံပင်များ ပျက်စီးထိခိုက်မှုရှိ

ပြင်ဦးလွင်   ဇန်နဝါရီ ၄

ယခုနှစ် ဆောင်းတွင်းကာလတွင် အအေးပိုမှု၊ မြူမိုင်းများတိုက်မှုကြောင့် ပြင်ဦးလွင်မြို့နယ်ရှိ နှစ်ရှည်သီးနှံစိုက်ခင်းများတွင် စိုက်ပျိုးထားကြသည့် သက်တမ်းနုအပင်များ ထိခိုက်ပျက်စီးမှုရှိခဲ့ကြောင်း အင်းယားကျေးရွာအုပ်စုမှ စိုက်ပျိုးလုပ်ကိုင်နေသူတစ်ဦးက ပြောပြသည်။ သက်တမ်းတစ်နှစ်ဝန်းကျင်ရှိ နှစ်ရှည်သီးနှံပင်များသည် အရွက်များကြွေကျကာ အပင်ရိုးတံချည်းသာ ကျန်တော့ကြောင်း၊ အပင်ရိုးတံများမှာလည်း တဖြည်းဖြည်းနှင့် ခြောက်သွေ့လာသည်ကို တွေ့နေရကြောင်း၊ အပင်များ ပြန်လည်ရှင်သန်လာစေရန် ရေဖျန်း၊ ရေလောင်းပြုစုပေးနေရကြောင်းသိရသည်။ ပြင်ဦးလွင်မြို့၏ ပတ်ဝန်းကျင်တွင် ငွေကြေးချမ်းသာသူများက မြေယာဧကကွက်ကြီးများ ဖော်ဆောင်ကာ သစ်မွှေး၊ မက်မန်း၊ မက်မွန်၊ ပျားလိမ္မော်၊ တညင်း၊ ပိန္နဲ၊ ကော်ဖီစသည့် နှစ်ရှည်သီးနှံပင်စိုက်ခင်းကြီးများကို စိုက်ပျိုးထားကြသည်။ ယခုနှစ် ဆောင်းရာသီကာလတွင် အအေးလွန်ကဲခြင်း၊ မြူမိုင်းများတိုက်ခြင်းကြောင့် သက်တမ်းနုနှစ်ရှည်သီးနှံပင်များမှာ အရွက်များကြွေကျခြင်း၊ အပင်များခြောက်သွေ့ခြင်း ဖြစ်ပေါ်နေကြောင်း သိရသည်။

"ဒီနှစ် အအေးပိုတော့ နှင်းခါးရိုက်ပြီး အပင်တွေနာကုန်တယ်။ အရွက်တွေကြွေကုန်တယ်။ ခြောက်ကုန်တယ်။ အထူးသဖြင့် လေကြောင်းကျတဲ့နေရာက အပင်တွေပိုပျက်စီးတယ်။ မိုင်းထတဲ့ရက်တွေမှာ နှင်းခါးရိုက်ပြီး အပင်မသေအောင် အပင်အရွက်တွေကို ရေဖျန်းဆေးကြောပေးနေရတယ်။ အခုတော့ အပင်တော်တော်များများ ရိုးတံချည်း ကျန်တော့တာ။ အပင်မသေအောင် ရေလောင်းပေးနေရတယ်။ အရင်ကအပင်ငယ်တွေ နှင်းခါးရိုက်တာ၊ အပူလောင်တာသက်သာအောင် သက်ငယ်ပင်တွေရိတ်ပြီး လေးတိုင်စင်ထိုးကာ အမိုးလုပ်ပေးကြတယ်။ အခု သက်ငယ်က ရှားပါးလာတော့ သစ်ခက်သစ်ကိုင်းတွေ ခုတ်ပြီး အကာအကွယ်ပေးနေရတယ်။ သစ်ကိုင်းသစ်ခက်နဲ့ကာရတော့ လုံလုံခြုံခြုံမရှိလှဘူး"ဟု စိုက်ပျိုးရေးခြံစိုက်သူတစ်ဦးက ပြောပြသည်။

ယခုအခါ ပြင်ဦးလွင်မြို့ဝန်းကျင်တွင် သစ်တောများ ပြုန်းတီးလာခြင်း၊ တောမီးရှို့ခြင်း၊ အလုပ်ရုံစက်ရုံများမှ မီးခိုးများလွှတ်ထုတ်ခြင်း စသည်တို့ကြောင့် လေထုအတွင်း သန့်ရှင်းမှုနည်းပါးလာကာ မြူနှင်းများအတွင်း အက်စစ်ဓာတ် ပိုမိုပါဝင်လာပြီး သစ်ပင်များပျက်စီးခြင်းဖြစ်သည်ဟု ယူဆမိကြောင်း ခြံစိုက်ပျိုးနေသူ အငြိမ်းစား သစ်တောဝန်ထမ်းတစ်ဦးက ပြောပြသည်။

နန္ဒာမင်းလွင်

အင်းတော်အင်းပတ်ဝန်းကျင်တွင် နွေစပါးများစိုက်ပျိုး

အင်းတော်   ဇန်နဝါရီ ၄

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် အင်းတော်အင်းအောက်ပိုင်းရှိ တိမ်ကောလာသော မြေများပေါ်တွင် နွေစပါးများ စိုက်ပျိုးလာကြပြီဖြစ်ကြောင်း သိရသည်။**(အပေါ်ပုံ)**

အောက်တိုဘာ၊ နိုဝင်ဘာလများက ပျိုးထောင်ခဲ့သော စပါးပျိုးပင်များ ဒီဇင်ဘာလကုန်ပိုင်းမှ စတင်ကာ စိုက်ပျိုးလာပြီး အင်းတော်အင်းကြီး၏ အောက်ပိုင်းတွင် အနယ်ပို့ချမှုများကြောင့် တိမ်ကောလာသော မြေပေါ်ရှိဖော့မြက်၊ မြက်ရဲ၊ ကြာပင်များရောစုနေသော ဒိုက်ပုံများအားဖယ်ရှားကာ ကျွဲနွားများဖြင့် ထွန်ယက်စရာမလိုဘဲ နွေစပါးများအောင်မြင်စွာ စိုက်ပျိုးနေကြပြီဖြစ်ကြောင်း၊ တပို့တွဲ၊ တပေါင်းလတွေမှာ မိုးရေရပါက ပိုမိုအထွက်နှုန်းကောင်းကြောင်း၊ မိုးရေမရပါက စက်ရေတင်ရကြောင်း၊ ဓာတ်မြေဩဇာကျွေးရကြောင်း၊ လိုင်ဇာ၊ ရွှေဘို ၁၊ ပုလဲသွယ်စပ်မျိုး၊ ချင်းတုံးစပါးမျိုးများကိုစိုက်ပျိုးကြပြီး တစ်ဧကစပါးတင်း ၈၀ မှ ၁၀၀ အထိ ထွက်ရှိနိုင်ကြောင်း နတ်မဟုတ်ကလေး ကျေးရွာနေတောင်သူ ဦးနေမျိုးအောင်က ပြောပြသည်။ အဆိုပါ အင်းတော်အင်းပတ်ဝန်းကျင်၌ စိုက်ပျိုးသော နွေလယ်ဧရိယာမှာ အင်းတော်မြို့နယ်အတွင်း အများဆုံးစိုက်ပျိုးသောနေရာဖြစ်ကြောင်း သိရသည်။

(မောင်ချစ်လင်း)

ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် ညောင်လေးပင်မြို့၌ကျင်းပ

ညောင်လေးပင်   ဇန်နဝါရီ ၄

ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကို ဒီဇင်ဘာ ၃၁ ရက် ညနေ ၆ နာရီက ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ဝါးရုံကုန်းကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျူဗလီစံလှ၏ နှစ်သစ်ကူးသဝဏ်လွှာကို ဦးစောမြင့်ဆွေက ဖတ်ကြားသည်။ ဆက်လက်၍ သဘာပတိ ဦးလွန်းမြ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်အေး၊ ညောင်လေးပင်မြို့မှ ဒုံးယိမ်းဆရာ ဦးစောထူးဖွယ်မော၊ လသာကုန်းကျေးရွာမှ လူငယ်ကိုယ်စားပြု စောထူးစေးနှင့် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ဖြစ်မြောက်ရေးဥက္ကဋ္ဌ ဦးစောငြိမ်းအောင်တို့က အဖွင့်အမှာစကားပြောကြားပြီး နှစ်သစ်ကူးပွဲတော်ဆုတောင်းစကားများဖြင့် ကြိုဆိုနှုတ်ဆက်စကားပြောကြားသည်။

ထို့နောက် သဘာပတိ ဦးလွန်းမြက နိဂုံးချုပ်စကားပြောကြားကာ ကရင်နှစ်သစ်ကူးပွဲတော်တွင် ကရင်တိုင်းရင်းသားအကများ၊ ဒုံးယိမ်းများ၊ တေးသီချင်းများဖြင့် ကပြဖြေဖျော်ကာ အားကစားပြိုင်ပွဲအမျိုးမျိုးနှင့် မိတ်ဆုံစားပွဲများ၊ ကရင်တိုင်းရင်းသားများ၏ ရိုးရာဓလေ့များဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပကြောင်း သိရသည်။

(နေလင်း-ညောင်လေးပင်)

မီးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆောင်ရွက်

မကွေး   ဇန်နဝါရီ ၄

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့တွင် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအတွက် လောင်စာဆီများ သယ်ယူသိုလှောင်ဖြန့်ဖြူးမှုများနှင့် ပတ်သက်၍ မြို့မရဲတပ်ဖွဲ့စခန်း မီးသတ်တပ်ဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်အထောက်အကူပြုအဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ "မင်းလှမြို့တွင်းကို လောင်စာဆီတင်တဲ့ယာဉ်တွေ မဝင်ရန် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်ကစပြီး ဆောင်ရွက်နေပါတယ်။ မြို့တွင်း၊ မြို့ပြင်မှာလည်း လောင်စာဆီတွေရောင်းချတာ၊ သိုလှောင်တာမရှိအောင် ဆောင်ရွက်မှာဖြစ်ပါတယ်"ဟု မြို့နယ်အထောက်အကူပြုကော်မတီဝင်တစ်ဦးက ပြောသည်။

(မကွေး-လှမြင့်)

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲကျင်းပ

ရေး   ဇန်နဝါရီ ၄

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂ ရက်က မွန်ပြည်နယ် ရေးမြို့ မြကန်သာကျုံး၌ ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်လှေလှော်အားကစားသမားများက ပြိုင်ပွဲအဓိဋ္ဌာန်ရွတ်ဆိုကြပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်းဟန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်နိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ကျော်စိုးလွင်တို့က ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆိုပါ လှေလှော်ပြိုင်ပွဲကို ဇန်နဝါရီ ၂ ရက်မှ ၄ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)







ကျေးဇူးဆပ်ပါမည်

ကျွန်မ ဒေါ်စန်းယုယုနိုင်၊ ၁၂/မဂဒ(နိုင်)၁၅၇၂၀၅၊ မော်တော်ယာဉ်လိုင်စင်နံပါတ်ရရှိရန်ပြုလုပ်နေစဉ် ကား၏MV.Statement နှင့် မော်တော်ယာဉ်ဓာတ်ပုံပျောက်ဆုံးသွားသည်။ တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။

ဖုန်း-၀၉ ၇၃၁၆၇၃၃၆

ပျောက်ဆုံး

ကျွန်တော် မောင်ညီညီဇော်(ဘ)ဦးကျော်ဆွေ၏ ပတ်စ်ပို့ No.M 115474 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက Ph:09 4211 36661 ကို ဆက်သွယ်ပေးပါရန်။

အဆင့်မြင့်မော်တော်ယာဉ်များ ပြစ်ချက်ရှာဖွေစစ်ဆေးခြင်းနှင့် ပြင်ဆင်ခြင်းသင်တန်း

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် မြန်မာမော်တော်ကော်ပိုရေးရှင်းတို့ ပူးပေါင်း၍ အဆင့်မြင့် မော်တော်ယာဉ်များကို ပြစ်ချက်ရှာဖွေစစ်ဆေးခြင်းနှင့် ပြင်ဆင်ခြင်းသင်တန်းအား (၁၈-၁-၂၀၁၄)မှ (၁၀-၄-၂၀၁၄)အထိ (၃)လတာသင်တန်းကို နိုင်ငံခြားပြန်ဝါရင့်ကျွမ်းကျင်သူ ပညာရှင်များမှ ပို့ချပြီးနိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ စာတွေ့လက်တွေ့သင်တန်းဖွင့်လှစ် မည်ဖြစ်ပါသည်။ သင်တန်းသားတစ်ဦးလျှင် သင်တန်းကြေး တစ်လလျှင်(၅၀၀၀၀ိ/-) ကျပ်နှုန်းဖြင့် စုစုပေါင်း (၁၅၀၀၀၀ိ/-)ပေးသွင်းရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပြီး အောင်မြင်ပါက ကျွမ်းကျင်ယာဉ် ပြင်ပညာသည် လက်မှတ်ကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း Automobile Technical Division မှ ထုတ်ပေးမည်ဖြစ်ပါသည်။ သင်တန်းသားဦးရေကို (၃၀)ဦးသာကန့်သတ်ထားပြီး ပညာအရည်အချင်း အနေဖြင့် အနည်းဆုံးအခြေခံပညာအထက်တန်းအဆင့်ရှိရမည် ဖြစ်ပါသည်။ သင်တန်း အတွက် လျှောက်လွှာများကို (၁-၁-၂၀၁၄)ရက်မှ စတင်လက်ခံပြီး(၁၀-၁-၂၀၁၄)ရက်၌ လျှောက်လွှာပိတ်မည် ဖြစ်ပါသည်။ လျှောက်ထားသူများထဲမှ လူတွေ့စနစ်ဖြင့် (၃၀)ဦးသာ ရွေးချယ်မည်ဖြစ်ပါသည်။ လျှောက်လွှာနှင့်အတူ လိုင်စင်ဓာတ်ပုံ (ကာလာ)နှင့် CVများ၊ ပညာအရည်အချင်း သက်သေခံလက်မှတ်မိတ္တူများပါဝင်ရပါမည်။

လျှောက်လွှာတင်ရန် -

(၁) မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း
Automobile Technical Division
လှိုင်တက္ကသိုလ်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁-၅၁၉၆၇၃၊ ၀၁-၅၁၉၆၇၄၊
၀၁-၅၁၉၆၇၅၊ ၀၁-၅၁၉၆၇၆

(၂) မြန်မာမော်တော်ကော်ပိုရေးရှင်း
ချယ်ရီ ဥယျာဉ်အိမ်ရာ၊ အမှတ်(၁၄/၃)ရပ်ကွက်
တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း- ၀၉-၈၆၁၈၃၈၆၊၀၉-၂၅၀၁၃၆၈၈၁၊
၀၉-၅၁၀၈၈၀၁

ရှာင်မြေသို့ အလည်တစ်ခေါက် လာရောက်လှည့်ပါ

လှိုင်ဘွား (စီမံကိန်း)

ရှာင်မြို့ကလေးသည် ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းပါဝင်သော မြို့နယ်ကလေးဖြစ်ပါသည်။ ဓနုတိုင်းရင်းသားများ အများစုနေထိုင်ပြီး ရှမ်း၊ ပအိုဝ်း၊ ပလောင်၊ တောင်ရိုး၊ ဗမာတိုင်းရင်းသားများနှင့် အခြားတိုင်းရင်းသားအနည်းငယ် ပေါင်းစုနေထိုင်သော မြို့နယ်လေးဖြစ်ပါသည်။ အများစုမှာ ဗုဒ္ဓဘာသာကိုးကွယ်ကြပါသည်။ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၄၀၈၂ ပေတွင် တည်ရှိသော မြို့ကလေးတစ်မြို့ဖြစ်ပါသည်။ ရာသီဥတုမှာ အေးမြစိုစွတ်သောရာသီဥတု ဖြစ်ပါသည်။ အပူအအေးမျှတပြီး နွေရာသီတွင် ပြင်ဦးလွင်ကဲ့သို့ အပန်းဖြေလာရောက်သင့်သော ဒေသတစ်ခုဖြစ်ပါသည်။ သဘာဝတောတောင် ရေမြေများ သာယာလှပလျက်ရှိပြီး သစ်တောသစ်ပင်များမှာလည်း ပေါကြွယ်ဝဆဲဖြစ်ပါသည်။ စိမ့်စမ်း၊ ရေတံခွန်၊ လှိုဏ်မြောင်လိုဏ်ဂူ၊ ငှက်တွင်းများသည် သဘာဝကပေးသော တန်ဖိုးမဖြတ်နိုင်သည့် နေရာများဖြစ်လျက်ရှိ၏။

ရှာင်မြို့နယ်သည် မြန်မာသက္ကရာဇ် (၅၃၅-၅၇၂) အေဒီ (၁၁၂၀-၁၁၇၃) ခုနှစ်အထိနန်းစံခဲ့သော ပုဂံဘုရင် အလောင်းစည်သူမင်း တိုင်းခန်းလှည့်လည်လာရာမှ ယခုဒေသရောက်ရှိစဉ် နောက်မှလိုက်ပါလာသော မှူးမတ်များကို "ရပ်ငံ့" စောင့်ဆိုင်းနေရသောကြောင့် "ရပ်ငံ့"ရွာဟုမူလက ခေါ်တွင်ခဲ့ပါသည်။ နောင်ကာလ ရွေ့လျားလာသောအခါ "ရှာင်" ဟုခေါ်တွင်လာခဲ့ပါသည်။ မြန်မာမင်းများ အုပ်ချုပ်ပုံစာတမ်းအရ ရှမ်းကမ္ဘောဇနယ်စာရင်းတွင် ဘော်နယ်၊ ရှာင်နယ်ဟုဖော်ပြထားပါသည်။ ဘော်နယ်ဆိုသည်မှာ ခဲသတ္တု၊ ငွေသတ္တုတစ်မျိုးမျိုးကို ခေါ်ဝေါ်ပြီး ယင်းသတ္တုများ ထွက်ရှိရာဒေသကို ဘော်နယ်ဟုခေါ်ပါသည်။ ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၇-၇-၁၉၇၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀၅/၄ စိတ် ၁ အရ "ရှာင်မြို့"အဖြစ် သတ်မှတ်ခဲ့ပါသည်။

နွေရာသီကျောင်းပိတ်ရက် ရှမ်းပြည်နယ်သို့ ဒေသန္တရဗဟုသုတ ရှာမှီးလို၍ဖြစ်စေ၊ အင်းလေးဖောင်တော်ဦးဘုရား၊ ပင်းတယပုန်းတလုတ်ကန်နှင့် ရွှေဦးမင်လိုဏ်ဂူဘုရား၊ တောင်ကြီးကက္ကူစေတီဘုရား၊ ဟိုပုန်းထန်းစမ်းဂူဘုရားများကို ဘုရားဖူးလာလျှင် ရှာင်မြို့နယ်အတွင်းရှိ တန်ခိုးကြီးဘုရားများအား ဝင်ရောက်ဖူးမြော်နိုင်ပါသည်။ ထူးခြားသည့် ရှာင်မြို့ပေါ်ရှိ ကန်ကိုးကန်၊ မိုးမခကန်နှင့်မြို့နယ်အတွင်း ထူးခြားသောနေရာများအား လာရောက်လေ့လာနိုင်ပါသည်။

ကန်ကိုးကန်မှာ ရေချောင်းများမှစီးဝင်လာသော ရေကန်များမဟုတ်ဘဲ သဘာဝရေထွက်များဖြစ်သည်။ ၎င်းရေထွက်ကန်များမှာ မြနန္ဒာကန်၊ မင်းသောက်ကန်၊ ကျူအင်းကန်၊ ဆင်ဖြူကန်၊ ဘုန်းကြီးကန်၊ သိမ်အင်းကန်၊ ငါးဆူကန်၊ ကိုးခန်းကန်၊ သဲတွင်းကြီးကန် စသည်တို့ဖြစ်ပါသည်။ ထူးခြားချက်မှာ မိုးတွင်းကာလတွင် ကန်ကိုးကန်ရှိသည့်အနက် ခြောက်ကန်ခန့်ရေခန်းခြောက်သွားပြီး သုံးကန်လောက်သာရေအနည်းငယ်ရှိသည်။ မိုးနှောင်းပိုင်းနှင့် နွေကာလများတွင် ရေများထွက်လာခြင်းဖြစ်ပါသည်။

ရွှေပွင့်လင်းဘုရားပွဲတော်အား ပြာသိုလပြည့်ကျော် ၈ ရက်မှ ၁၂ ရက်အထိ နှစ်စဉ်နှစ်တိုင်းခြိမ့်ခြိမ့်သဲသဲ စည်ကားသိုက်မြိုက်စွာကျင်းပသည်။ တပို့တွဲလဆန်း ၈ ရက်တွင် ရွှေပွင့်လင်းဘုန်းတော်ကြီးကျောင်းတွင် အမြဲထာဝစဉ်ကိန်းဝပ်စံပယ်တော်မူသည့် ရှေးဟောင်းသမိုင်းဝင်ဖောင်တော်ဦးဘုရားမှာ မြို့တွင်းသို့ဒေသစာရီကြွချီတော်မူပါသည်။ ထိုနေ့တွင် ဆွမ်းဆန်စိမ်းလောင်းလှူခြင်းမှာ သဒ္ဓါတရားထက်သန်စွာလှူဒါန်းကြပုံများမှာ လေးစားဂုဏ်ယူဖွယ်အားကျစဖွယ် ကောင်းပါ၏။ ဖျော်ဖြေမှုအတွက် နှစ်စဉ်နှစ်တိုင်းအငြိမ့်ဇာတ်သဘင်များလည်းပါ၏။ ဈေးဆိုင်ခန်းများလည်းစုံ၏။ အနယ်နယ်အရပ်ရပ်မှ ဓနုတိုင်းရင်းသားများ၊ ရှမ်းတိုင်းရင်းသားများ၊ ပအိုဝ်းတိုင်းရင်းသားများ အများအပြားလာရောက်ဆင်နွှဲကြပါသည်။

ထူးခြားပုံမှာ ပြာသိုလပြည့်ကျော် ၁၂ ရက် နံနက်ပိုင်းတွင် မြို့တွင်းသို့ ဖောင်တော်ဦးဘုရားဒေသစာရီကြွချီရာတွင် ရှေ့ဆုံးမှ နိဗ္ဗာန်ဆော်ကြေးစည်တီးခတ်သူ၊ ၎င်းနောက် ဓနုရိုးရာယဉ်ကျေးမှုစည်တော်အဖွဲ့၊ ၎င်းနောက် ဖောင်တော်ဦးဘုရားမှာ ဟင်္သာရုပ်ဖြင့်အလှဆင်ယင်ထားသော ကားဖြင့်ကြွချီတော်မူပြီး ၎င်းနောက်မှ ဆင်ဖြူတော်၊ ၎င်းနောက်မှ လှူဖွယ်ဝတ္ထုအစုစုကိုင်ဆောင်ထားသည့် ဓနုလုံမေပျိုဖြူများ၊ ၎င်းနောက် ဓနုရိုးရာအိုးစည်နှင့် တိုးနရားအကများဖြင့် မြို့တွင်းလှည့်လည်အပူဇော်ခဲ့ပါသည်။ နေ့လယ်ပိုင်းတွင် ဆင်ဖြူတော်အား ဆင်ဖြူကန်တွင် ရေချပါသည်။ ဆင်ဖြူတော်ရေချခြင်းဖြင့် ကန်ကိုးကန်တွင်ရေများဖူလုံစွာထွက်ရှိပြီး ဆန်ရေစပါးကောက်နှံပေါများသည့်အပြင် တိုင်းပြည်အေးချမ်းသာယာ စည်ကားသည်ဟု အယူအဆရှိပါသည်။

ရှာင်မြို့နယ်အတွင်းမှာ ရှေးဟောင်းစေတီပုထိုးများ ထူးခြားမှုရှိသောအံ့ဩစရာကောင်းသော၊ လေ့လာစရာ၊ အထူးစိတ်ဝင်စားစရာကောင်းမွန်သောနေရာများ ပြောမဆုံးအောင် များပြားလွန်းလှပါသည်။ စာရေးသူမည်ကဲ့သို့ စာဖွဲ့ရမည်မသိ၊ စာဖွဲ့မကုန်နိုင်ပေ။ ကျောက်ခေတ်လူသားများနေထိုင်ခဲ့သည့် ပြဒါးလင်းဂူ၊ ကျောက်ငှက်ရေဝင်ဂူ၊ ကပြင်ရေဝင်ဂူ၊ ဆင်ခေါင်းဇော်ဂျီဂူ (ဇော်ဂျီချောင်)၊ မျှားကလေးငှက်တွင်း၊ လေတွင်း၊ ထီလှိုင်ငှက်တွင်း၊ ဆင်ခေါင်းအင်း၊ ရေထွက်၊ ရေတံခွန်၊ အလယ်ချောင် "စယဉ်" ရေတံခွန်၊ ကျောက်ဂူထိရေတံခွန်၊ ယကြီးရှေးဟောင်းနီးဘုရားနဲ့ယစဂျီတောင်၊ ကျန်တောကျေးရွာအုပ်စုရှိ အရှေ့မြင်အနောက်မြင်တောင်၊ တောကျယ်ကျေးရွာရှိရေပြာအိုင်၊ နွားဘန်းကြီးကျေးရွာရှိ ရွှေဂူကြီးဘုရား၊ မြို့ပေါ်ရှိ ရွှေပွင့်လင်းဘုရား၊ ရွှေပေါ်ကျွန်းဘုရား၊ ရွှေဖူးရုံဘုရား၊ မြင်းကျဒိုးကျေးရွာ၊ မိန်းမရဲသခင်မတောင်၊ ဖက်ဆစ်ဂျပန်အား တော်လှန်တိုက်ခိုက်စဉ် ဗိုလ်မှူးကြီးဗထူးကျဆုံးခဲ့သည့် သမိုင်းဝင်အထိမ်းအမှတ် ကျောက်တိုင်ရှိသော တဲလုကျေးရွာ၊ ငုတ်ချောင်းများ၊ ရေထွက်၊ ရေကန်များ စသည့်နေရာများပြားစွာ ရှိပါသည်။

စာရေးသူသည် ရှာင်မြို့နယ်အကြောင်း အမွှမ်းတင်လွန်ကဲစွာ ရေးသားခြင်းမဟုတ်ပါ။ လက်တွေ့လာရောက်လှည့်ပါ။ မြင်ရပါမည်။ တွေ့ရပါမည်။ ကြည့်ရှုခံစားရပါမည်။ ရှေးဟောင်းစေတီပုထိုးများ၊ သဘာဝတောတောင်ရေမြေ၊ စိမ့်စမ်းရေတံခွန်များ၊ ရှုမျှော်ခင်းများ၊ သစ်တောများအတွင်း သံစုံဟစ်ကြွေးသီကျူးမြူးထူးပျော်ပါးပြေးလွှားနေကြသော ကျေးငှက်သာရကာများ၊ သစ်ခွပန်းများ၊ တောပန်းများ၏ အလှအပနှင့်သင်းပျံ့မွှေးကြူသောပန်းရနံ့များအား အားပါးတရ ကြည့်ရှုခံစားလေ့လာမှတ်တမ်းတင်နိုင်ရန် ရှာင်မြေသို့ တစ်ခါတစ်ခေါက် လာရောက်စေချင်ပါသည်။ ။

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ရေနစ်ကွင်းကျေးရွာအနီး တောင်သူတစ်ဦး နွေစပါးစိုက်ပျိုးရန်အတွက် လက်တွန်းထွန်စက်ဖြင့် မြေပြုပြင်ထွန်ယက်နေမှုကို ဇန်နဝါရီ ၃ ရက်က တွေ့ရစဉ်။

နေဝင်းဇော်(မြန်အောင်)



မြေကွက်များ ဝယ်လိုသည်

ဒဂုံအရှေ့ပိုင်း၊ တောင်ပိုင်း၊
ဆိပ်ကမ်း၊ အိမ်အရောက်
ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၂၅၄၁၁၇၅၈၂

ကျေးဇူးဆပ်ပါမည်

ဦးထွန်းပိုင်၏သင်္ဘောသားလုပ်သက်မှတ်တမ်းစာအုပ်အမှတ် ကွေး-၁၀/၁၂ သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉၄၃၁၃၄၀၉၆

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဗမာအေး၊ မြေကွက်အမှတ်-၁၄၈၊ မြေကွက်တည်နေရာအမှတ်(၁၄၈)၊ အေးစေတီလမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ် (ဦးလှသိန်း)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးလှသိန်း(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်အုံးမေ[၁၂/မဂတ(နိုင်) ၀၀၄၈၆၉]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



မန္တလေး၌ ဒုတိယအကြိမ် အိန္ဒိယကုန်စည်ပြပွဲကျင်းပမည်

မန္တလေး ဇန်နဝါရီ ၄

နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှု တိုးတက်စေရန် ရည်ရွယ်၍ ဒုတိယအကြိမ် အိန္ဒိယကုန်စည်ပြပွဲကို ဇန်နဝါရီ ၁၇ ရက်မှ ၁၉ ရက်အထိ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ မြို့တော်ခန်းမ၌ ကျင်းပသွားမည်ဖြစ်သည်။ အိန္ဒိယနိုင်ငံမှ အဆင့်မြင့် အထည်အလိပ်များ၊ လျှပ်စစ်ထုတ်စက်ပစ္စည်းများ၊ စားသုံးကုန်ထုတ်စက်ပစ္စည်းများ၊ စိုက်ပျိုးရေးသုံးစက်ပစ္စည်းများ၊ ရေသန့်စက်များ ပါဝင်ပြသသွားမည်ဖြစ်သောကြောင့် မြန်မာနိုင်ငံအတွင်းရှိ ထုတ်ကုန်လုပ်ငန်းရှင်များ ပါဝင်ပြသလိုပါက အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံးသို့ဆက်သွယ်စာရင်းပေးသွင်းရမည်ဖြစ်သည်။

ဇန်နဝါရီ ၁၈ ရက်တွင် အိန္ဒိယရိုးရာအကပဒေသာများကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ အမျိုးသားပြဇာတ်ရုံတွင် ကပြဖျော်ဖြေသွားမည့်အပြင် ဇန်နဝါရီ ၁၆ ရက်တွင် မုံရွာမြို့ မြစန္ဒာခန်းမတွင်လည်း ကပြဖျော်ဖြေသွားမည်ဖြစ်သည်။လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်စေရန် ရည်ရွယ်၍ လယ်ယာစိုက်ပျိုးရေးဝန်ကြီး ဦးမြင့်သန်း၊ မန္တလေးမြို့မှ တောင်သူလယ်သမား ၁၂ ဦး၊ စစ်ကိုင်းမြို့မှ တောင်သူလယ်သမား ၁၇ ဦး အပါအဝင် ၄၆ ဦးတို့သည် အိန္ဒိယသို့ ဇန်နဝါရီ ၇ ရက်မှ ၁၂ ရက်အထိ လေ့လာရေးခရီးစဉ်ဖြင့် သွားရောက်လေ့လာမည် ဖြစ်သည်။ ဇန်နဝါရီ ၂၂ ရက်မှ ၂၄ ရက်အထိ အိန္ဒိယနိုင်ငံတွင် ပြုလုပ်မည့် အင်ဂျင်နီယာနည်းပညာပြပွဲသို့ သွားရောက်လေ့လာလိုသော အင်ဂျင်နီယာပညာရှင်များသည် အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံးသို့ ဆက်သွယ်စာရင်းပေးသွင်းရမည်ဖြစ်သည်။ အိန္ဒိယ- မြန်မာ တရားဝင်ကုန်သွယ်ရေးလမ်းကြောင်း ကောင်းစေရန်အတွက် ရန်ကုန်မြို့တွင် ယခုလအထိ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ သန်း ရင်းနှီးမြှုပ်နှံထားပြီး ၂၀၁၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ သုံးသန်းအထိ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်သည်။ အိန္ဒိယ-မြန်မာ ကုန်သွယ်မှုများအတွက် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရန် ကလေး၀-ရာဇီလမ်းကိုလည်း ယခုလမှစတင်၍ အကောင်အထည်ဖော်ကာ ၂၀၁၆ ခုနှစ်တွင် အပြီးတည်ဆောက်မည်ဖြစ်သည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက် သန်း ၃၅၀ ရင်းနှီးမြှုပ်နှံ၍ မီးရထား၊ ရေ၊ လျှပ်စစ်လုပ်ငန်းများတွင်လည်း သန်း ၂၇၀ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း အိန္ဒိယကောင်စစ်ဝန်မှ ပြောကြားသွားခဲ့ကြောင်း သိရသည်။

(ကျော်ထူး)

မန္တလေးတွင် အုတ်ဈေးမြင့်ပြီး ဆောက်လုပ်ရေးပစ္စည်းများ အရောင်းအဝယ်အေး

မန္တလေး ဇန်နဝါရီ ၄

ပွင့်လင်းရာသီသို့ ရောက်ရှိလာသဖြင့် အဆောက်အအုံများ တိုးမြှင့်ဆောက်လုပ်လာကြသော မန္တလေးမြို့တွင် အုတ်များရှားပါးလာပြီး ဈေးနှုန်းများလည်း မြင့်တက်လျက်ရှိသည်။ ပုသိမ်ကြီးမြို့နယ်နှင့် မတ္တရာမြို့နယ်များရှိ အုတ်ဖိုများ စတင်လည်ပတ်နေချိန်ဖြစ်ပြီး လှောင်အုတ်များလည်း ရှားပါးလာသောကြောင့် အကောင်းစားအုတ်တစ်ချပ်လျှင် ကျပ် ၁၀၀ ဝန်းကျင်ဈေးရှိသည်။ မန္တလေး-ပြင်ဦးလွင်လမ်းဘေးတွင်လည်း ကွန်ကရစ်အုတ်လုပ်ငန်းများရှိသော်လည်း သုံးစွဲမှုနည်းပါးသည်။ အဆင့်မြင့်ကွန်ကရစ်အုတ်တစ်ချပ် ၇၅ ကျပ်ဈေးရှိသည်။

အုတ်ဈေးနှုန်းမြင့်တက်နေသော်လည်း ဘိလပ်မြေ၊ သံချောင်း၊ ကျောက်စရစ်ဈေးနှုန်းများ အနည်းငယ်ကျဆင်းလာသည်။ ဇန်နဝါရီပထမပတ်အတွင်း မန္တလေးမြို့တွင်း အရောက် သံတစ်ကျင်းကျပ် ၁၂၀၀၀၊ ကျောက်စရစ်တစ်ကျင်းကျပ် ၅၀၀၀၀၊ ဇီးပင်ကြီးထုံးတစ်အိတ် ကျပ် ၁၀၀၀ ဈေးရှိပြီး အရောင်းအဝယ်အေးလျက်ရှိသည်။

အုတ်လုပ်ငန်းရှင်များအနေဖြင့် မြေနေရာအခက်အခဲနှင့်လုပ်သားရှားပါးမှုကြောင့် အုတ်အသစ်ပေါ်ချိန် နောက်ကျနေပြီး လှောင်အုတ်များ ဈေးတက်ခဲ့ကြောင်း သိရသည်။

(သီဟကိုကို-မန္တလေး)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၄

နေပြည်တော်ကောင်စီနယ်မြေအတွင်း ယာဉ်မတော်တဆထိခိုက်မှုများ လျော့နည်းရေးအတွက် နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့များအနေဖြင့် လမ်းအသုံးပြုသည့် မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်မောင်းနှင်သူများ ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း စနစ်တကျလိုက်နာဆောင်ရွက်ရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲများ ကျင်းပခြင်းနှင့် ရှောင်တခင်စစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီက ဇမ္ဗူသီရိမြို့နယ် (ပျဉ်းမနား-တောင်ညိုလမ်း) ဘူးကွဲဘုန်းတော်ကြီးကျောင်းရှေ့တွင် နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ်ကျော်ဇောအောင်ဦးစီး၍ ဒုရဲအုပ် စိုးမိုးသိန်း၊ ဒုတပ်ကြပ်စုမြတ်နိုး၊ ဒုတပ်ကြပ်လွင်နိုင်ဦး နှင့်ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များပါဝင်သော ယာဉ်စစ်ဆေးရေးအဖွဲ့သည် လမ်းအသုံးပြုသည့် မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်မောင်းနှင်သူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ရှောင်တခင်စစ်ဆေးခဲ့ကြောင်း သိရသည်။

ကျော်သူရ(နေပြည်တော်)

စာအုပ်စာပေ လူ့မိတ်ဆွေ

စီးပွားရေးကြော်ငြာ

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

၂၀၁၃ ခုနှစ်၊ ဇာရီမှုအမှတ်-၁၅၉

ဦးမျိုးဝင်း	နှင့်	ဦးဝင်းလွင်
အမှတ်၄၈၊ ကုန်ဈေးတန်းလမ်း၊		အမှတ်-၂၁၊ တိုက်-၈၊ ယုဇနလမ်း၊
ပန်းဘဲတန်းမြို့နယ်၊		ယုဇနကွန်ဒို၊ မင်္ဂလာတောင်ညွန့်
ရန်ကုန်တိုင်းဒေသကြီး		မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဒီကရီရသူ		**တရားရှုံး**

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်က ၂၀၀၆ ခုနှစ်၊ တရားမမှုအမှတ်-၁၉၉တွင် ငွေကျပ်သိန်း၁၀၀နှင့် ၂၇-၃-၂၀၁၃ရက်မှစ၍ တစ်နှစ်လျှင် ၉%ဖြင့် နစ်နာကြေးငွေအတွက် ဒီကရီအတည်ဇာရီပြုရာ စာရင်း၌ဖော်ပြထားသောပစ္စည်းများတွင် တရားရှုံး အကျိုးသက်ဆိုင်ခြင်းကို ၂၀၁၄ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ရက်၊ မြန်မာသက္ကရာဇ် ၁၃၇၅ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ရက်၊ မွန်းမတည့်မီ ၁၀ နာရီတွင် အောက်ဖော်ပြပါ ပစ္စည်းစာရင်းကို လေလံတင်၍ ရောင်းချလိမ့်မည်။

လေလံဆွဲဝယ်သူများသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတရားဝင်လွှဲအပ်ထားသော ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

ပစ္စည်းစာရင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ နှင်းဆီလမ်း၊ ပေ(၂၅×၅၀)အကျယ်ရှိ၊ တိုက်-၈၊ အခန်း-၂၁၊ ယုဇနအဆင့်မြင့်အိမ်ရာတိုက်ခန်း၊ (ဓာတ်လှေကားပါ)၊ရေ၊ မီးပါ)တရားရှုံး လက်ရှိနေထိုင်သော တိုက်ခန်းကြမ်းခင်းဈေး ကျပ်သိန်း ၁၀၀၀ တိတိ

ရောင်းချရန် နောက်ထပ်စည်းကမ်းအချက်များ

၁။ စာရင်းပေါ်တွင် ဖော်ပြပါရှိသောအချက်များမှာ ရုံးတော်က သတင်းစကား ရရှိသိသာနိုင်သမျှဖြစ်သည်။ သို့သော်လည်း ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကွင်းကျန်ခြင်းတစ်ခုခုအတွက် ရုံးတော်က တာဝန်ခံမည်မဟုတ်။

၂။ လေလံဆွဲတက်ရာ မည်မျှမည်၍ တိုးတက်ရမည်ကို ရောင်းချသူအရာရှိက ဆုံးဖြတ်လိမ့်မည်။ ဆွဲတက်သည့်ငွေအတွက်နှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ မည်သူကဆွဲတက်သည်နှင့်စပ်လျဉ်း၍ သော်လည်းကောင်း၊ တစ်ခုခုအငြင်းအခုံဖြစ်ပွားသည့်အချက်တွင် ၎င်းပစ္စည်းစုကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းလိမ့်မည်။

၃။ အများဆုံး တိုးတက်ဆွဲဝယ်ယူသူမှာ ၎င်းပစ္စည်းတစ်ခုခုကို ဆွဲဝယ်ယူသူဖြစ်ကြောင်း ပြဌာန်းလိမ့်မည်။ သို့သော်လည်း ၎င်းလူမှာ တရားဥပဒေနှင့်အညီ တိုးတက်ဆွဲဝယ်ယူရန် အရည်အချင်းနှင့်ပြည့်စုံသူ ဖြစ်စေရမည့်ပြင် အမြင့်ဆုံးတိုးတက်ဆွဲဝယ်သည့်အဖိုးမှာ နည်းပါးကြောင်း ထင်ရှား၍ လက်ခံရန် မသင့်လျော်ကြောင်း လေလံရောင်းချသည့်အရာရှိက သို့တည်းမဟုတ် ရုံးတော်က ထင်မြင်လျှင် လက်မခံငြင်းပယ်ရန် ရုံးတော်က သို့တည်းမဟုတ် ၎င်းအရာရှိက ချင့်ချိန်တိုင်းထွာ၍ ဆောင်ရွက်ခွင့်ရသည်။

၄။ အမိန့်နံပါတ်-၂၁၊ နည်းဥပဒေ-၆၉ပါ ပြဌာန်းချက်များကို အမြဲအထောက်အထားပြု၍ ရောင်းချမှုကို ဆောင်ရွက်သူအရာရှိက စဉ်းစားဆင်ခြင်၍ အကြောင်းဖော်ပြရေးသားပြီးလျှင် ရောင်းချခြင်းကို ရွှေ့ဆိုင်းခွင့်ရသည်။

၅။ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းဖြစ်သည့်အချက်တွင် ပစ္စည်းစုအသီးသီး၏အဖိုးငွေကို ရောင်းချသည့်အခါတွင် ပေးချေရမည်။ သို့တည်းမဟုတ် ရောင်းချသူအရာရှိက ဆင့်ဆိုသည့်အတိုင်း ရောင်းချပြီးနောက် မြန်နိုင်သမျှ အချိန်အခါတွင် ပေးချေရမည်။ ပေးချေမပြု ပျက်ကွက်လျှင် ပစ္စည်းကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၆။ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းဖြစ်သည့်အချက်တွင် ဆွဲဝယ်သူအဖြစ် ပြဌာန်းခံရသူမှာ ရောင်းချသည့်အရာရှိထံသို့ ဝယ်ငွေတစ်ရာလျှင် နှစ်ဆယ့်ငါးကျပ်ကျသည့်ကဲ့သို့ ပြဌာန်းပြီးသည်နှင့် တစ်ပြိုင်နက် ပေးသွင်းရမည်။ သည်ကဲ့သို့ ပေးသွင်းမပြု ပျက်ကွက်ခဲ့လျှင် ပစ္စည်းကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းလိမ့်မည်။

၇။ ဆွဲဝယ်သည့်ငွေအလုံးကို ဆွဲဝယ်သူက ပစ္စည်းရောင်းချသည့်နေ့ကိုပယ်၍ ပစ္စည်းကို ရောင်းပြီးနောက် ၁၅ရက်မြောက်နေ့တွင် ရုံးမဆင်းမီ ပေးဆောင်ရမည်။ ၁၅ရက်မြောက်နေ့မှာ တနင်္ဂနွေနေ့သော်လည်းကောင်း၊ အခြားရုံးပိတ်ရက်နေ့သော်လည်းကောင်း ဖြစ်လျှင် ၎င်း ၁၅ ရက် မြောက်နေ့နောက် ရုံးပထမဖွင့်သည့်နေ့တွင် ပေးဆောင်ရမည်။

၈။ အထက်ခွင့်ပြုသည့် အချိန်ကာလအတွင်း ဆွဲဝယ်ရာကျန်ငွေကို မပေးမဆောင် ပျက်ကွက်ခဲ့လျှင် ရောင်းချရန် ကြော်ငြာစာအသစ်ထုတ်ပြီးနောက် ၎င်းပစ္စည်းကို တစ်ဖန်ပြန်၍ ရောင်းချလိမ့်မည်။ တင်ထားသည့် ကြေးငွေကိုလည်း ရောင်းချသည့်အတွက် စရိတ်များကိုပေးပြီးနောက် ရုံးတော်က သင့်သည်ထင်မြင်ခဲ့လျှင် အစိုးရမင်းသို့ ဆုံးရှုံးခံစေ၍ ငွေမပေးမဆောင်ပျက်ကွက်သူမှာ ၎င်းပစ္စည်းကိုဖြစ်စေ နောက်တစ်ဖန်ရောင်းချရာ ရရှိသည့် ငွေတစ်စိတ်တစ်ဒေသကိုဖြစ်စေ ဆိုင်ရာဆိုင်ခွင့် အရပ်ရပ်မှ ဆုံးရှုံးစေရမည်။

၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ ၃၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နှင်းသီတာ)
တွဲဖက်ခရိုင်တရားသူကြီး(၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး





ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/ထူပါရုံ၊ မြေကွက်အမှတ်-၁၁၃၇၊ မြေကွက်တည်နေရာအမှတ်(၁၁၃၇)၊ ထူပါရုံ (၁)လမ်း၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးထွန်းလှ)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးထွန်းလှ(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်သောင်းမြ[၁၂/သကတ(နိုင်)၀၉၉၅၉၂]မှ သေစာရင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမြန်ပြန်လာပါ

မကလျာအောင်[၁၂/တမန(နိုင်)၀၉၁၅၄၇]အား ခင်ပွန်းဖြစ်သူ ကျော်မင်းဦးက အပြစ်အားလုံးကို ခွင့်လွှတ်သည်။ အမေ နေမကောင်းဖြစ်နေ၍ အမြန်ပြန်လာပါ။ ခင်ပွန်းဖြစ်သူနှင့် မိသားစုအားလုံး စိတ်ပူနေသည်။ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ကျော်မင်းဦး
ဖုန်း-၀၉-၂၅၀၀၀၇၂၉၈၊ ၀၉-၄၃၁၄၂၆၁၆



ချစ်ခင်ပွန်း ဦးခွန်နောင်မြင့်ဝေအတွက် မွေးနေ့ဆုတောင်း

၅-၁-၂၀၁၄ ရက်တွင် ကျရောက်သော မောင့်မွေးနေ့ မင်္ဂလာရက်မြတ်မှသည် အသက်ရာကျော်တိုင် ချစ်ဇနီး၊ ချစ်သားကြီး၊ ချစ်သားလေးတို့နှင့်အတူ ကျန်းမာ၊ ချမ်းသာ၊ ပျော်ရွှင်မှုများစွာဖြင့် ဘဝခရီးမှာ အောင်မြင်မှုများစွာနှင့် လျှောက်လှမ်းနိုင်ပါစေ။

ချစ်ဇနီး - ဒေါ်အဏ္ဏဝါလင်းဦး
ချစ်သားကြီး - ထိပ်ခွန်နောင်မြင့်ဝေ
ချစ်သားလေး - လွင်နောင်မြင့်ဝေ

မြေကွက်ရောင်းရန်ရှိသည်

ဒဂုံတောင်မြို့နယ်၊ ကျန်စစ်သားစက်မှုဇုန်၊ ၉ဧကနီးပါး ကျယ်သော မြေကွက်၊ ခြံစည်းရိုးကာပြီး နေရာကောင်း။

ဆက်သွယ်ရန်
ဖုန်း-၀၉-၇၃၁၀၆၂၂၂

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀/စီ၊ မြေကွက်အမှတ်-၇၊ မြေတိုင်းရပ်ကွက်အမှတ်-၉ဒီ၊ မြေကွက်အမှတ်-၆၊ မြေကွက်တည်နေရာအမှတ်-၂၁၂၇၊ မင်းကွန်းကျောင်းလမ်း၊ တောင်သူကုန်းရပ်ကွက်၊ အင်းစိန်၊ မခိုင်သွီး မကလရာ အမည်ပေါက် မြေငှားဂရန်မြေအား အမည်ပေါက် မခိုင်သွီး မကလရာ ထံမှ အရောင်းအဝယ်စာချုပ်-၈၆၇/၇၆၊ အင်းစိန်မြို့နယ်တရားရုံး တရားမကြီးမှုအမှတ် ၆/၁၁ တရားမဇာရီမှုအမှတ်-၂၃/၂၀၁၁တို့တင်ပြ၍ ဒေါ်အုန်းသွင်(ဘီလစ်)[၁၂/အစန(နိုင်)၀၀၄၀၈၀]က အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်များတင်ပြ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၅၊ မြေကွက်အမှတ်-၂၇၃၊ မြေကွက်တည်နေရာအမှတ်-၂၇၃၊ ၁၄၅ ရပ်ကွက်၊ ဒဂုံတောင်မြို့နယ် (ဒေါ်တင်နွဲ့)[၁၄/ဟသတ(နိုင်)၀၅၉၁၆၅]အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်တင်နွဲ့မှ ပါမစ်ပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက်ထောက်ခံချက်များ၊ ဌာနဝန်ခံချက်နှင့် ကျမ်းကျိန်လွှာတို့တင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

မြန်မာ့သစ်လုပ်ငန်း
ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
သစ်အခြေခံ စက်မှုလုပ်ငန်းဌာနတို့မှ အငြိမ်းစားသက်ကြီးဆရာများ ကန်တော့ပွဲ

နဝမအကြိမ်ကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၂ရက် (တနင်္ဂနွေနေ့)၊ နံနက် ၉နာရီ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး၊ သီရိရတနာခန်းမတွင် ကျင်းပမည်ဖြစ်ရာ တပည့်များအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အခမ်းအနား တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကန်တော့ပွဲကျင်းပရေးကော်မတီ

အခြေခံ သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း၏ အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

သံတမန်ရေးရာကျွမ်းကျင်မှု သင်တန်းဆင်းများအသင်း(DSTO)မှ ဦးဆောင်ကျင်းပသော ဒုတိယအကြိမ် အာစရိယပူဇော်ပွဲအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အပတ်စဉ်အားလုံးမှ BDS/EDS သင်တန်းသား/သူများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက်၊ အချိန်	-	၁၂-၁-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီ
နေရာ	-	ဝန်ဇင်းမင်းရာဇာခန်းမ၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်။
ဝတ်ဆင်မှု	-	အမျိုးသား(တိုက်ပုံဖြူ ပုဆိုး)၊ အမျိုးသမီး (မြန်မာပွဲထိုင်ဝတ်စုံ)

ညနေ ၆ နာရီမှ ၉ နာရီ ပြည်သူ့ရင်ပြင်၊ VIP မြက်ခင်းပြင်တွင် Gala Night Dinner ရှိပါသည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၇၃၁၀၃၁၈၀၊ ၀၉-၅၀၁၈၀၉၀၊ ၀၉-၅၀၄၁၃၈၁၊ ၀၉-၅၀၈၅၉၉၀၊ ၀၉-၅၁၆၁၈၉၉

အလက(၁) မြောက်ဥက္ကလာပ (ယခင်ပွင့်ကောင်းကျောင်း) အဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

အလက(၁)မြောက်ဥက္ကလာပ (ယခင်ပွင့်ကောင်းကျောင်း)တွင် ၁၉၆၀ မှ ပညာသင်ကြားပေးခဲ့ပြီး ၂၀၁၃တွင် အငြိမ်းစားယူသွားခဲ့သည့် အသက်(၆၀)နှစ်အထက် ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများမှ (အဌမ)အကြိမ်မြောက် ပူဇော်ကန်တော့မည်ဖြစ်ပါ၍ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ (မည်သည့်နှစ်မဆို) ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက်	-	၁၂-၂-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) (ပြည်ထောင်စုနေ့)
အချိန်	-	နံနက် ၉ နာရီ
နေရာ	-	"ငုဝါခန်းမ"၊ အလက(၁)၊ မြောက်ဥက္ကလာ
ဆက်သွယ်ရန်	-	ဆရာမ ဒေါ်ခင်နုစံ (ကျောင်းဖုန်း-၀၁-၉၆၉၉၃၆၃)
		ဆရာမဒေါ်ခင်အေးဝင်း ဖုန်း-၀၉-၄၂၀၇၄၃၂၆၊
		ဆရာမ ဒေါ်ခင်လေးငယ် ဖုန်း-၀၉-၄၂၀၄၁၆၉၅

အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
(တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ပဲခူးမြို့နယ်တရားမရုံးတော်၌
၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၈၁နှင့်ဆက်သွယ်သည့် ၂၀၁၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၈၀

ကိုဇော်လတ်	နှင့်	ဒေါ်မြင့်မြင့်အေး
ဒီကရီအနိုင်ရသူ		အမှတ်(၁၄၇၁)၊ ဆိုရှယ်လစ်(၁၄)လမ်း၊ ပဲခူး (ယခုလိပ်စာမသိ) သိစေရမည်။

၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၈၁တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၉ ရက်၊ (၁၃၇၅ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်) မွန်းမတည့်မီ ၁၁ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(တက်ထွန်း)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
ပဲခူးမြို့နယ်တရားရုံး

ဆိပ်ကြီးခနောင်တို အထက မြတ်ဆရာပူဇော်မည်

ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ အထက၏ ဒသမအကြိမ်မြောက် အသက်(၆၀)နှစ်နှင့်အထက် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား မြတ်ဆရာပူဇော်ပွဲကို ၂၀၁၄ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက် (တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် အဆိုပါကျောင်း ပြည်ထောင်စုခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ဆက်သွယ်လှူဒါန်းလိုပါက ဦးညွန့်လွင် ဖုန်း-၀၉-၄၉၅၇၀၉၉၁၊ ဦးအောင်ကျော် ဖုန်း-၀၉-၅၁၄၉ ၅၆၂၊ ဦးအုန်းသန်း ဖုန်း-၀၉-၂၅၀၀၃၉၇၀၃၊ ဒေါ်သီတာမြင့် ဖုန်း-၀၉-၇၃၁၂၇၂၁၆၊ ဦးစိုးဝင်း ဖုန်း-၀၉-၄၂၀၂၆၀၃၅၅၊ ဦးအေးမြင့် ဖုန်း-၀၉-၄၃၁၅၂၃၃၄၊ ဦးလှဝင်း(သမားတော်) ဖုန်း-၀၉-၄၂၁၁၄၈၆၅၉၊ ဦးဇော်လွင်မြင့် ဖုန်း-၀၉-၅၁၄၃၁၈၆၊ ဒေါ်တင်တင်ဝင်း ဖုန်း-၀၁-၂၂၁၅၉၆သို့ ဆက်သွယ်နိုင်ပါသည်။

မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

ကျုံမငေးမြို့၊ ကျောင်းသားဟောင်းများ (၂၀)ကြိမ်မြောက် မြတ်ဆရာကန်တော့ပွဲ ကျင်းပမည်

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ကျုံမငေးမြို့(ယခင်Board-School၊ ယခု-အထက)မှ သက်ပြည့်အငြိမ်းစားယူပြီးကြသော ကျေးဇူးရှင် ကျောင်းအုပ်ကြီးများနှင့် ဆရာကြီး၊ ဆရာမကြီးတို့အား (၂၀)ကြိမ်မြောက် မြတ်ဆရာကန်တော့ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ကျုံမငေးမြို့(အထက) ရွှေကျုံရတနာအားကစားခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။ ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကန်တော့ပန်းဆင်နိုင်ရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၃၇၅ ခုနှစ်၊ ပြာသိုပြည့်ကျော် ၈ ရက်၊ ၂၃-၁-၂၀၁၄ရက် (ကြာသပတေးနေ့)
အချိန် - နံနက် ၁၀ နာရီ(နေ့ဆွမ်းကပ်အလှူ)၊ ညနေ ၅နာရီ (မြတ်ဆရာပူဇော်ပွဲနှင့်ဆုပေးပွဲ)

ဆက်သွယ်လှူဒါန်းရန်

၁။ ဗိုလ်မှူးကြီး အောင်သန်း(ငြိမ်း)(ဥက္ကဌ-ကျုံမငေးအသင်း)(ရန်ကုန်)	ဖုန်း-၀၁-၅၇၈၁၉၇
၂။ ဦးချစ်သန်း(ကျောင်းသားဟောင်း)(ဥက္ကဌ-ကျုံမငေးအသင်း)(ရန်ကုန်)	ဖုန်း-၀၉-၇၃၂၀၁၅၉၈
၃။ ဦးဖိုးလုံး(ကျောင်းသားဟောင်း)(ဥက္ကဌ-ကျုံမငေးအသင်း)(ရန်ကုန်)	ဖုန်း-၀၉-၇၃၁၈၃၄၉၇
၄။ ဦးကြည်ခင်(ပညာရေး-ငြိမ်း)(ဒု-ဥက္ကဌ)ဖြစ်မြောက်ရေးကော်မတီ(ကျုံမငေး)	ဖုန်း-၀၉-၈၅၃၇၇၃၃
၅။ ဦးသိန်းနိုင်(အထပြ)(အတွင်းရေးမှူး)ဖြစ်မြောက်ရေးကော်မတီ(ကျုံမငေး)	ဖုန်း-၀၉-၄၂၂၄၅၈၈၇၄
၆။ ဦးမြင့်သိန်း(ရတနာ့ဂုဏ်ရည်ရွှေဆိုင်)(အဖွဲ့ဝင်)(ကျုံမငေး)	ဖုန်း-၀၉-၈၅၉၈၄၆၂

ဖြစ်မြောက်ရေးကော်မတီ၊ ကျုံမငေးမြို့

လွမ်းဆွတ်သတိရအမှျပေးဝေခြင်း

ဒေါ်ညွန့်တင်(ခ)ဒေါ်ဆွေဆွေသက်

အသက်(၇၇)နှစ်

ရေးမြို့

ချစ်လှစွာသော မိခင်ကြီးကွယ်လွန်ခဲ့သည်မှာ ယနေ့ဆိုလျှင် (၁)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါတယ်။

- မိခင်ကြီး သက်ရှိထင်ရှားရှိစဉ်ကာလအတွင်း ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားများအား ရိုသေကိုင်းရှိုင်းခဲ့ခြင်း။
- ဆွေမျိုးများ၊ သူငယ်ချင်းများ၊ မိတ်ဆွေများအား အဘက်ဘက်မှကူညီခဲ့ခြင်း။
- ခင်ပွန်းနှင့်သားသမီးများအပေါ် ဂရုဏာတရားအပြည့်ဖြင့် ပြုစုစောင့်ရှောက်ခဲ့ခြင်း

အစရှိသော စေတနာအကျိုးကျေးဇူးများကြောင့် မိခင်ကြီး ကောင်းရာဘုံတွင် ရောက်ရှိနေမည်ဟု ယုံကြည်ပါသည်။

မိခင်ကြီးကွယ်လွန်ခဲ့ချိန်မှ ယနေ့အထိ လစဉ်ဆွမ်းကပ်လှူဒါန်းခြင်း၊ ကထိန်သင်္ကန်းကပ်လှူခြင်း၊ တစ်နှစ်ပတ်လုံးပြုလုပ်သောအလှူများကို ရောက်ရာဘုံဘဝမှ သာဓုခေါ် ဆိုနိုင်ပါစေ။

အနှိုင်းမဲ့မိခင်ကြီး အမျှ---အမျှ---အမျှ

လရောင်ကဲ့သို့ အေးမြသော မိခင်ကြီး၏မေတ္တာနှင့် သွန်သင်ဆုံးမမှုများကို အမြဲသတိတရရှိပါသည်။

စိမ်းလဲ့ကန်သာမိသားစု

ဒေါ်တင်တင်ဦး
(မေယု/တက္ကသိုလ်တင်တင်ဦး)
အသက်(၈၄)နှစ်
(မဟာဝိဇ္ဇာ)
(စာတည်းမှူး-ငြိမ်း၊ မြန်မာစာအဖွဲ့)
(ကန်တော့ခံစာပေ၊ ဂီတပညာရှင်)

ရန်ကုန်မြို့နေ (ဦးဘညွန့်-ဒေါ်မင်နီဘ၏)-ဒေါ်အုန်းခင်တို့၏သမီးကြီး၊ (ဦးဝင်းညွန့်)၊ (ဦးဝင်းဦး)၊ (ဦးအောင်မိုး)-ဒေါ်မေမြင့်ရီ၊ (ဦးကြည်ရွှင်)-ဒေါ်ကြူကြူသင်း၊ ဦးစိုးညွန့်-ဒေါ်လှဇေ၊ ဦးအေးညွန့်-ဒေါ်ဝင်းဝင်းကြည်၊ ဦးသန်းကျော်ညွန့်-ဒေါ်အေးအေးမွန်၊ ဒေါ်မာလာညွန့်-(ဦးမြင့်ဦး)တို့၏ အစ်မသည် ၃-၁-၂၀၁၄ ရက် နံနက်ပိုင်းတွင် ဝိတ္ထိရိယ ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ နံနက် ၁၁ နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
Ida ဒေါ်တင်တင်ယု(ခ)မစန်း
အသက်(၆၆)နှစ်
(ဇလွန်)

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နေ (ဦးကျင်ဝမ်)-ဒေါ်လုံးမှူးတို့၏သမီးကြီး၊ ဇလွန်မြို့နေ (ဦးလှဖေ-ဒေါ်ကျင်ညွန့်) တို့၏သမီးချွေးမ၊ ဦးသိန်းငွေ၏ဇနီး၊ မဉာဒ်သင်းအေး၊ မောင်ဝင်းမြင့်နိုင်-မအေးကြူမြင့်၊ မောင်ကျော်ဆန်း၊ မဒီလျှံသိန်း၊ မောင်ဝင်းဝင်းသိန်းတို့၏မွေးသမိခင်၊ မြေးနှစ်ယောက်တို့၏ အဘွားIda ဒေါ်တင်တင်ယု(ခ) မစန်းသည် ၃၀-၁၂-၂၀၁၃ (တနင်္လာနေ့)တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂-၁-၂၀၁၄ (ကြာသပတေးနေ့)တွင် မေရီလန်း ရွှေနှုတ်ဒေါ်ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်း ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
လောင်းလုံးမြို့နယ် မူလသုမ္မာဂိုဏ်းချုပ်၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ဘဒ္ဒန္တဓမ္မသာမိ
သိက္ခာတော် (၇၆)ဝါ၊ သက်တော်(၉၆)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ ဝပြောရွာ ဝပြောတိုက်ကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တဓမ္မသာမိ (အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ)သည် (၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၁ရက်) ၁-၁-၂၀၁၄(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဉာဏ်တော်ကို (၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ရက်) ၂၉-၁-၂၀၁၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ဝပြောတိုက်ကျောင်းအနီး လယ်ကွင်းပြင်၌ အမြိတ်အင်္ဂါရပ်နှင့်မီးပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး တပည့် သံဃာနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။ စျာပနကျင်းပရေးကော်မတီ

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ နန္ဒမာလာ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
ဒီပဘာဏက ဒီပနိကာယကောဝိဒ၊ သာသနဓဇ ဓမ္မာစရိယ
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်(၁၃၇၀ မှ ၁၃၇၄ ထိ)
မဟာနာယကဆရာတော်(ဝေဠုဝန်)
သိက္ခာတော်(၄၈)ဝါ၊ သက်တော်(၆၈)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ တဂေါင်းဘုရားလမ်း၊ ရတနာအဉ္စကျောင်း ပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာနနာယက ဆရာတော်ကြီး ဘဒ္ဒန္တနန္ဒမာလာသည် (၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၂ရက်) ၂-၁-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၈း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူ သွားပါပြီဖြစ်ပါသဖြင့် ကြွင်းကျန်ရစ်သော ဉာဏ်တော်ကို (၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၈ရက်) ၈-၁-၂၀၁၄ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် အမြိတ်အင်္ဂါရပ်ဖြင့် ကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ **နာယကဆရာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ**

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တဉာဏဝံသ
သိက္ခာတော်(၁၉)ဝါ၊ သက်တော်(၆၈)နှစ်

ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ကင်းသေကျွန်းကျေးရွာ၊ သဒ္ဓမ္မရံသီကျောင်း၊ ကျောင်းထိုင်ဆရာတော်သည် (၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်)တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဉာဏ်တော်ကို (၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်)တွင် အမြိတ်အင်္ဂါရပ်ဖြင့် ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများ
ကင်းသေကျွန်းကျေးရွာ၊ သံတွဲမြို့နယ်၊ ရခိုင်ပြည်နယ်

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးအေးချို (စစ်ကျုံးရွာ၊ အင်ပု) (၉၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၆)ရပ်ကွက်၊ အောင်ဇေယျာအိမ်ရာ၊ ရတနာသိဒ္ဓိလမ်း၊ တိုက်အမှတ်(၁၉/၁၀)နေ ဒေါ်ဝင်းကြည်၏ခင်ပွန်း၊ ဦးလှရွှေ-ဒေါ်မြင့်မြင့်၊ (ဦးလှမြင့်)-ဒေါ်စန်းဝင်း၊ ဦးသောင်း-ဒေါ်စန်းအေး၊ ဦးမောင်မောင်-ဒေါ်အေးအေးထွန်း၊ ဦးမောင်မောင်သောင်း-ဒေါ်စန်းစန်းအေး၊ ဦးမောင်မောင်ငွေ (U.S.A)-ဒေါ်ယဉ်နု(U.S.A)၊ မောင်ဝင်းကိုကိုထိုက်[Ph.D (Y.T.U)] တို့၏ဖခင်၊ မြေး ၁၀ယောက်၊ မြစ်လေးယောက်တို့၏အဘိုးသည် ၂-၁-၂၀၁၄ (ကြာသပတေးနေ့) ညနေ ၆ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၄(စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဂန္ဓကုဋိတိုက်၊ ဘုရားမှန်စီး ဒါယကာကြီး
တပ်မြေရှေ့ပန်းထိမ်ဆရာကြီး ဦးအေးမောင် (၈၁)နှစ်

ချရမ်းမြို့၊ ရွှေပန်းထိမ်ဆရာကြီး(ဦးဘကြွယ်-ဒေါ်စောသင်)တို့၏ သား၊ အမှတ်(၂) ဆပ်သွေးလမ်း၊ ဝဲမြေပဇွန်တောင်နေ ဒေါ်ကျင်မွှေး(တပ်မြေရှေ့ပန်းထိမ်)၏ခင်ပွန်း၊ ကိုအောင်ကြိုင်-မစန်းစန်းရီ(ပတ္တမြားသီကြီးရွှေဆိုင်)၊ ကိုဘသန်း-မပြုံးကြည်(တပ်မြေရှေ့ပန်းထိမ်)၊ မစောစော(ကိုဆွေတင်)-မခင်စိုးပိုင်(ရှိနတ်သီးရွှေဆိုင်) (ကိုတင်မောင်လတ်)၊ မောင်မင်းမောင်ထွန်း(အထက-၄ ပုဇွန်တောင်)တို့၏ဖခင်၊ ဦးတင်မောင်-ဒေါ်တင်ရီ(ရွှေပန်းထိမ်၊ ချမ်း)တို့၏ညီ၊ ဦးမောင်(ဘတ်တောကျောင်း-၃ ပိုင်း၊ တောင်ဥက္ကလာ)၏နောင်တော်၊ မြေးလေးယောက်တို့၏အဘိုး တပ်မြေရှေ့ပန်းထိမ်ဆရာကြီး ဦးအေးမောင်သည် ၃-၁-၂၀၁၄ ရက် မွန်းလွဲ ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ်-၂ ဆပ်သွေးလမ်း၊ ဝဲမြေပဇွန်တောင်နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ညွန့်ရီ
အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗိုလ်ရွာမရပ်ကွက်၊ သမာဓိလမ်း၊ တိုက်(၁၂)၊ မြေညီထပ်နေ (ဦးကာသမ်-ဒေါ်မြမေ)တို့၏သမီး၊ ဦးကြည်မောင်၏ဇနီး၊ ဦးမြင့်ဆွေ-ဒေါ်ချိုချို၊ ဦးမောင်ထွန်း(ထက်မြက်ဖွေးမြူဆေးဆိုင်၊ ဗိုလ်ချုပ်ဈေးသစ်)-ဒေါ်မြသန္တာအေး၊ တတကာ မောင်မောင်(အင်းတကော်)တို့၏ မိခင်ကြီး၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၃-၁-၂၀၁၄ ရက် နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၄ ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ (ကွယ်လွန်သူအား ရည်စူး၍ ၉-၁-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။) ကျန်ရစ်သူမိသားစု

---

(၁၀)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း (၂၀၀၄-၂၀၁၄)
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးဟန်မြတ်မော် (မြန်မာ့ရုပ်မြင်သံကြားဦးစီးအရာရှိ(ငြိမ်း)၊
တေးသံရှင်တက္ကသိုလ်ဟန်မြတ်မော်(နတ်မောက်)

ကျေးဇူးရှင် ဆရာဦးဟန်မြတ်မော် ကွယ်လွန်ခဲ့သည်မှာ ၅-၁-၂၀၁၄ ရက်တွင် (၁၀)နှစ် တင်းတင်းပြည့်ခဲ့သော်လည်း စက္ကန့်နှင့်အမျှ သတိရလျက်ရှိပါသည်။ သမီးတို့မိသားစုပြုသမျှ ကုသိုလ်ကောင်းမှုများကို အမျှအတမ်းပေးဝေရင်း ဆရာကောင်းရာဘုံဘဝမှ သာဓု ခေါ်နိုင်ပါစေ။ ဆရာ၏ကျေးဇူးတရားများကို နေ့စဉ်ကျေးဇူးဆပ်ရင်း သတိရလွမ်းဆွတ်လျက်ပါဆရာ။

ချစ်ဇနီးတပည့်	-	တစ်နိုင်လုံးရွှေ အေးအေးမြင့်
သားလေး	-	မောင်မြင့်မြတ်မောင်(ခ) မော်ဒယ်သရုပ်ဆောင် မင်းဆက်သစ် KMD BIT(UK) နောက်ဆုံးနှစ်
ညီမများ	-	ဒေါ်သန်းသန်းအေး၊ ဒေါ်သန်းသန်းငွေ ဒေါ်ခင်ခင်စု(တစ်နိုင်လုံးရွှေ မိသားစု)

WWW.aye myanmar culture show.com

ကျေးဇူးတင်ရှိခြင်း

၂၈-၁၂-၂၀၁၃ ရက် စနေနေ့ မွန်းလွဲ ၂း၃၀ နာရီတွင် ကွယ်လွန်သွားခဲ့သော ဗိုလ်မှူးကိုကိုလတ်(ငြိမ်း) အသက်(၅၄)နှစ်၊ ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူး ပြည်တွင်းအခွန်များဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၏ကွယ်လွန်သည့်ရက်မှ ရက်လည်သည့်ရက်အထိ နာရေးကိစ္စကိုလိုလေသေးမရှိ ပြည့်စုံစွာဆောင်ရွက်ပေးပါသော ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့်ဝန်ထမ်းများ၊ စစ်ကိုင်းတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ၊ မန္တလေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ၊ ကိုယ်တိုင်လာရောက်နှစ်သိမ့်အားပေးသော တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း၊ သဝဏ်လွှာဖြင့်သော်လည်းကောင်း နှစ်သိမ့်အားပေးသော တိုင်းဒေသကြီး/ပြည်နယ် အခွန်ဦးစီးဌာနအသီးသီးမှဝန်ထမ်းများ၊ ဗိုလ်သင်တန်းအပတ်စဉ်(၆၆)၊ စိုက်ပျိုးရေးတက္ကသိုလ်(၁၉၈၄)သူငယ်ချင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ လွမ်းသွေ့နေ့များနှင့်လှူဖွယ်ပစ္စည်းများ ကောင်းမှုပြုသူများ၊ မုံရွာမြို့ကြီးရပ်နာရေးကူညီမှုအဖွဲ့နှင့် သင်္ချိုဟ်ရေးကူညီမှုအဖွဲ့ အားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သောပုဂ္ဂိုလ်များအား အထူးကျေးဇူးတင်ရှိပါသည်။ **ကျန်ရစ်သူမိသားစု**

အထူးကျေးဇူးတင်ရှိခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးသက်တင်
အသက်(၅၀)
စိန်ပေါလ်ကျောင်းသားဟောင်း

၂-၁-၂၀၁၄ (ကြာသပတေးနေ့)တွင် နာရေးလိုက်ပါပို့ဆောင်ပေးသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း။ **ကျန်ရစ်သူမိသားစု**

ဝမ်းနည်းကြေကွဲခြင်း
ဦးရွှင် (၈၉)နှစ်

စည်ပင်သာယာရေးတပ်ဖွဲ့(ရန်ကုန်)တပ်ဖွဲ့မှူးရဲမှူးကြီးကျော်ဆွေ-ဒေါ်ကြည်ကြည်ဆန်း(ခ)ဒေါ်ခင်ဆွေငြိမ်းတို့၏ မွေးသမိခင်သည် ၃၁-၁၂-၂၀၁၃(အင်္ဂါနေ့)တွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **စည်ပင်သာယာရေးတပ်ဖွဲ့(ရန်ကုန်)မိသားစု**

ဝမ်းနည်းကြေကွဲခြင်း

လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ လေကြောင်း ဆေးပညာပါရဂူ ဆေးမှူးချုပ်ဒေါက်တာဒေါ်ခင်နုနင်(ဒုတိယဗိုလ်မှူးကြီး-ငြိမ်း)၏အစ်မကြီး ဒေါ်ခင်အုန်း(၆၇)နှစ်သည် ၂၉-၁၂-၂၀၁၃(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

သူငယ်ချင်းများ
အထက(၂)ဗဟန်း၊
ဆေးတက္ကသိုလ်(၁)(၁၉၇၃-၁၉၈၀)

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးကိုလတ်(ငြိမ်း)

သူငယ်ချင်း ဦးကိုလတ်သည် ၂၈-၁၂-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်းသိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြောင်း။ သူငယ်ချင်း ကောင်းရာသုဂတိလားပါစေ။

သစ်လွင်၊ ဝင်းရှိန်၊ လွင်မောင်ရွှေ

အထူးဝမ်းနည်းကြေကွဲခြင်း
ကိုငယ်လေး(ခ)ကိုမင်းနိုင်ထွန်း
အသက်(၃၀)

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်၊ ရွှေပြည်ဖြိုးကျေးရွာတွင် ၂၉-၁၂-၂၀၁၃ရက် ည ၉း၃၀နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးလွမ်းမြင့်-ဒေါ်မြင့်သန်း
အချစ်ဆုံးမမနှင့် လုပ်ဖော်ကိုင်ဖက်သူငယ်ချင်းများ ရန်ကုန်

ပျောက်ဆုံး

ကျွန်ုပ် ချိုမာဦး [၁၂/ရပသ(နိုင်)၀၀၀၉၂၂]၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ဆက်သွယ်အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၁၀၇၉၈၆၀**

ကျေးဇူးဆပ်ပါမည်

ကျွန်တော်ဦးကျော်ဝင်းထွန်း၏ (CDC-73320)၏ Sea Training Record စာအုပ်မှာ Taxi ပေါ်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဖုန်း-၀၉-၅၃၁၁၀၇၃၀ သို့ ဆက်သွယ်ပေးပါရန်။

ဦးအောင်မင်း(ခ)ဦးအောင်နိုင်
အသက်(၄၈)နှစ်
(အတွင်းရေးမှူး၊ ဆိပ်ကမ်းသာ သ/မ ဆေးခန်း)
(အတွင်းရေးမှူး၊ ကျောက်တံတား မြို့နယ် သ/မ အသင်းစု)

ရန်ကုန်မြို့နေ ဦးမောင်မောင်-(ဒေါ်ရီရီမေ)တို့၏သားထွေး၊ ရန်ကုန်မြို့ (၁၆)လမ်း၊ အမှတ်(၁၂၄)နေ ဦးစိုးမြင့်-(ဒေါ်ရင်မြ)၊ ဒေါ်လှမြင့်တို့၏သားသမက်၊ ဒေါ်မြမြနိုင် (ဆိပ်ကမ်းသာဆေးခန်း)၏ ခင်ပွန်း၊ ဦးစိုးဝင်း-ဒေါ်စန္ဒာမောင်၊ ဦးသက်နိုင်-ဒေါ်သီတာမောင်၊ (ဦးဝင်းသိန်းအောင်)-ဒေါ်သန္တာမောင်တို့၏မောင်၊ မောင်အိအိကျော်(အထက-၄၊ ဗိုလ်တထောင်)၏ ဖခင်၊ တူ/တူမ ငါးယောက်တို့၏ဦးလေး ဦးအောင်မင်း(ခ)ဦးအောင်နိုင်သည် ၂-၁-၂၀၁၄ ရက် ညနေ ၄း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၄ရက် ညနေ ၄ နာရီတွင် ရေဝေးအေးငြိမ်းရာ သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

အလွှာတ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
ဦးမိုဟမ္မဒ်အလီ(ခ)ဦးနန္ဒာထွန်း
အသက်(၃၆)နှစ်
BA(Eco), DBA,DA(UK), ACCA Part II
(သစ္စာမွန်အဝေးသင်ကျူရှင်-မော်လမြိုင်)

မော်လမြိုင်မြို့နယ်၊ တောင်ပိုင်းရပ်၊ တောင်ဝိုင်းလမ်း၊ အမှတ်(၁၈)နေ ဟာဂျီဒေါက်တာဦးသန်းစင်-ဒေါ်ခင်စုလှိုင်တို့၏ တစ်ဦးတည်းသောသား၊ ဦးသန်းနိုင်-ဒေါ်သန်းလှိုင်၊ ဒေါ်ဝင်းသန်းလှိုင်တို့၏မောင်၊ မခင်သန်းစင်၏အစ်ကို၊ မမြေမြင့်ဦး၏ဦးလေး၊ ဒေါ်သူဇာမျိုး၏ခင်ပွန်းသည် ၂-၁-၂၀၁၄(ကြာသပတေးနေ့) ည ၉း၄၀ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၃-၁-၂၀၁၄ (သောကြာနေ့) ဗွဲ့ဗွဲ့ဆွလာသ်အပြီးတွင် မော်လမြိုင်မြို့၊ စမ်းကြီး ရပ်၊ စမ်းကြီး ဗဟိုမသ်ဂျစ် ကဘရ်စတန်ဥယျာဉ်တွင် ဒါဖွာနာပြုလုပ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး
ဒေါ်ခင်ခင်မြင့်(ပေါက်စံ)
အသက်(၅၃)နှစ်
(ကျောက်မြို့ စစ်တွေ)

စစ်တွေမြို့၊ ပြည်တော်သာရပ်ကွက်၊ (၁၂/၈)နေ (ဦးစံသိန်း-ဒေါ်သိန်းဟန်)တို့၏သမီး၊ မောင်စိုးလင်းကျော်-မသဲသဲ၊ မောင်ရန်လင်းဇော်၊ မောင်သီဟအောင်စိုး (စက်မှုသင်တန်း၊ သာဂရ)၊ မနှင်းဝတ်မှုံစိုး(ILMC Private School) - မောင်ရာဇာဝင်း (Good Brothers)၊ မောင်စိုးလင်းနိုင်၊ မောင်စိုးကျော်လွင် (ကမ္ဘောဇဘဏ်၊ စစ်တွေ)၊ မောင်နေလင်းထက်(Grade-4)တို့၏အဒေါ်၊ မရွှေရတီကျော်(Grade-1)၏အဘွား ဒေါ်ခင်ခင်မြင့်သည် ၃-၁-၂၀၁၄ ရက် နံနက် ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၄ရက် နံနက် ၉နာရီတွင် စစ်တွေမြို့ အာကျိပ်တောကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး
ယူဟန်ဟိုက်(ခ)ဦးစိန်မောင်(သုံးခွ)
အသက်(၉၀)

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ (၁၀)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၄၅)နေ (ယူတင်ကျန်-တန်ကျင်လ)တို့၏သား၊ (ဦးရေတီလင်း-ဒေါ်တန်ပိန်)တို့၏သားသမက်၊ ဒေါ်လေးဂျိတ်၏ခင်ပွန်း၊ ဒေါ်ဝေါ်ပိုမြင့်၊ ကိုကျော်မိုန်-ဒေါ်သဇင်မြင့်၊ ကိုစိုးအောင်-ဒေါ်အေးအေးမြင့်၊ ဒေါ်ချယ်ရီမြင့်-ဦးမင်းစိန်၊ ဦးအောင်ဝင်းမာ၊ ဦးထွန်းအောင်-ဒေါ်ခင်ခင်စိုးတို့၏မွေးသဖခင်၊ မြေး ၁၀ယောက်တို့၏အဘိုးသည် ၃-၁-၂၀၁၄ (သောကြာနေ့) နံနက် ၈း၄၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၁၄ (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် သုံးခွမြို့ ကရင်စုသုသာန်သို့ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (ကွယ်လွန်သူအားရည်စူး၍ ၉-၁-၂၀၁၄(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။) ကျန်ရစ်သူမိသားစု

ဦးကြင်ထွန်း (၉၀)နှစ်

ဆရာစံမြောက်/အနောက် သမဝါယမဉက္ကဋ္ဌ

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၊ ဆရာစံ မြောက်/အနောက်ရပ်ကွက် အနောက်ဗဟိုလမ်း တိုက်အမှတ်(၁၅)နေ (ဦးအန်နာ-ဒေါ်အေးလှ)တို့၏သား၊ (ဒေါ်သန်းမြ)၏ ခင်ပွန်း၊ (ဦးတင်ဝင်း)-ဒေါ်နီနီဝင်း (အမက-၇၊ ဗဟန်း)၊ ဒေါ်ကြည်ကြည်ဝင်း(ကျောင်းအုပ်ဆရာမကြီး၊ ထ/ခွဲ-ပျဉ်းမကန်၊ သုံးခွမြို့နယ်)၊ ဦးကိုကို (သု/ဖွံ့ဖြိုးရေးတိုင်းရင်းဆေး)-ဒေါ်သန်းသန်းရီ၊ ဒုတိယဗိုလ်မှူးကြီးသန်းထွန်း (စက်ရုံမှူး၊ ကပစ-၁၅)-ဒေါ်ဆွေမာတင်တို့၏ ဖခင်၊ ဦးကျင်ချို(အကောက်ခွန်-ငြိမ်း)၏ ဦးလေး၊ မအိသဥ္ဇာဝင်း(ပထမနှစ်၊ သူနာပြုတက္ကသိုလ်၊ မန္တလေး)၊ မောင်ဟိန်းထွဋ်ဝင်း-မသင်းသင်းအေး၊ မောင်ရဲထွဋ်ဝင်းတို့၏အဘိုး၊ မောင်အောင်သွေးသစ်ဟိန်း၏ ဘိုးဘိုးကြီးသည် ၄-၁-၂၀၁၄ ရက်(စနေနေ့)ညနေ ၄ နာရီ ၅၅ မိနစ်တွင် ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၄ (တနလ်ာနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီခွဲတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်မေမေသန်း (၇၈)နှစ်

ဒေါက်တာထွန်းနိုင်ဦး(ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန)-ပါမောက္ခဒေါ်ရီရီသန်း(ဌာနမှူး၊ဝါဏိဇ္ဇဗေဒဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်) တို့၏မိခင် ဒေါ်မေမေသန်း အသက်(၇၈)နှစ်သည် ၃၀-၁၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါက်တာသန်းဇော်မြင့်(ညွှန်ကြားရေးမှူးချုပ်၊ ဆေးသိပ္ပံပညာဦးစီးဌာန)
ဒေါက်တာဝင်းမာ(တွဲဖက်ပါမောက္ခ၊မြန်မာနိုင်ငံရေကြောင်းတက္ကသိုလ်)

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်မေမေသန်း (၇၈)နှစ်

ဒေါက်တာထွန်းနိုင်ဦး (ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန)-ပါမောက္ခဒေါ်ရီရီသန်း (ဌာနမှူး၊ ဝါဏိဇ္ဇဗေဒဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်) တို့၏မိခင် ဒေါ်မေမေသန်း အသက်(၇၈)နှစ်သည် ၃၀-၁၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများမိသားစု
ကျန်းမာရေးဦးစီးဌာန

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်မေမေသန်း (၇၈)နှစ်

ဒေါက်တာထွန်းနိုင်ဦး(ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန)-ပါမောက္ခ ဒေါ်ရီရီသန်း(ဌာနမှူး၊ ဝါဏိဇ္ဇဗေဒဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်) တို့၏မိခင် ဒေါ်မေမေသန်း အသက်(၇၈)နှစ်သည် ၃၀-၁၂-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများမိသားစု
ဆေးသိပ္ပံပညာဦးစီးဌာန

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်မေမေသန်း
အသက် (၇၈)နှစ်

ဒေါက်တာဦးထွန်းနိုင်ဦး(ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန)-ပါမောက္ခဒေါ်ရီရီသန်း(ဌာနမှူး၊ ဝါဏိဇ္ဇဗေဒဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)တို့၏ မွေးသမိခင်၊ ဒုတိယဗိုလ်မှူးကြီးဘရီ(ငြိမ်း)၏ ဇနီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်မေမေသန်း အသက်(၇၈)နှစ်သည် ၃၁-၁၂-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ကေသီပန်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

အထူးကျေးဇူးတင်ရှိခြင်း

ဦးနေဝင်း [(၅၉)နှစ် CHIEF Of DEPARTMENT(ADMINISTRATION) JGS Comp; Ltd.] သည် ၂၂-၁၂-၂၀၁၃ ရက် ညနေ ၄ နာရီတွင် ကရင်ပြည်နယ် သောင်ရင်းမြစ်အတွင်း မယ်သဝေါနှင့် မုအေးပူကြား၌ ကုမ္ပဏီတာဝန်ထမ်းဆောင်ရင်း ရုတ်တရက်ကွယ်လွန်ခဲ့စဉ်က ဆွေမျိုးရင်းချာကဲ့သို့ မေတ္တာစေတနာအပြည့်ဖြင့် လိုလေသေးမရှိ ဝိုင်းဝန်းကူညီကြသော အဖွဲ့အစည်းများ၊ ကျောင်းသားကျောင်းသူများ၊ ဌာနေလူများ၊ ကရင်အမျိုးသားများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း၊ မေးလ်၊ စာတို့ဖြင့်လည်းကောင်း စာနာစွာသတင်းမေး၊ ကူညီကြသော လုပ်ဖော်ကိုင်ဖက်များ၊ ဝန်ထမ်းများ၊ ရပ်ဝေးရပ်နီးမှ သူငယ်ချင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးမင်းဇေယျ
(B.Ag) 1993 ခုနှစ်
အသက်(၄၆)နှစ်

အောင်လံမြို့၊ ကံကြီးရပ်ကွက်၊ ဈေးလမ်းနေ (ဦးလှထွန်း)-ဒေါ်သောင်းတို့၏ သား၊ အောင်လံမြို့၊ကံကြီးရပ်ကွက်နေ (ဦးမြသိန်း-ဒေါ်ခင်လေး)တို့၏သားသမက်၊ မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ အမှတ်(၃၈၃) နေ ဒေါ်မြမြ ဝင်း (ခ)ဒေါ်နီနီ (အလပြ၊ငြိမ်း)၏ ခင်ပွန်း ဦးမင်းဇေယျသည် ၄-၁-၂၀၁၄ ရက် နံနက် ၁း၃၀နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၄ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါ၍ သူငယ်ချင်းမိတ်ဆွေများ လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါသည်။ (ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးမှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်တင်မြ
အသက် (၇၈)နှစ်
(ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ အဗျားကြီးကျေးရွာ)

ရန်ကုန်မြို့၊ အမှတ်(၄၄၂)၊ မှန်ခန်း (A)၊ အပိုင်း(၂)၊ ငမိုးရိပ်(၅)လမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်နေ (ဦးအောင်ရွှေ)၏ ဇနီး၊ (ဦးလူကြီး-ဒေါ်စောရှင်)တို့၏ သမီး၊ ဦးတင်မောင်ရွှေ-ဒေါ်ရီရီမြင့်(သဘော်ဆေး၊ သာပေါင်း)၊ ဦးမြကျော်(ကောင်းခန့်ဒိုင်နမို)-ဒေါ်ချယ်ရီရွှေ(ဝါးရိပ်စတိုး)၊ ဦးညီညီနိုင်-ဒေါ်စပ္ပါယ်ဝင်းရွှေ၊ ဒေါ်သီတာမိုးရွှေတို့၏ မိခင် သည် ၄-၁-၂၀၁၄(စနေနေ့) နံနက် ၉း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၄(တနလ်ာနေ့) ညနေ ၃ နာရီတွင် စံပြဆေးရုံအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးထွန်းညွှန့်
အသက်(၉၃)နှစ်
(မင်းရွာ)

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်နေ ဒေါ်ပိန်၏ခင်ပွန်း၊ (ဦးစန်းကြည်-ဒေါ်သိန်းချစ်)၊ ဦးချစ်သန်း-ဒေါ်သိန်း၊ ဦးကျော်လွင်-(ဒေါ်ဝင်း)၊ (ဦးခင်မောင်ဌေး)-ဒေါ်ခိုင်ခိုင်ဝင်း၊ ဦးမြင့်မော်-ဒေါ်စန်းစန်းတင့်၊ ဦးစောလွင်-ဒေါ်စန်းစန်းမြင့်၊ ဦးမောင်ဌေး-ဒေါ်သိန်းသိန်းမြင့်တို့၏ ဖခင်၊ မြေး၂၃ယောက်၊ မြစ်၁၀ယောက်တို့၏ အဘိုး ဦးထွန်းညွှန့်သည် ၃-၁-၂၀၁၄ရက် နံနက်၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ၁၂း၃၀နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၉-၁-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ မြနန္ဒာလမ်း၊ (၁/စ)သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး
ဒေါ်ကြည် (၈၆)နှစ်
(ကျုံပျော်)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၁၇)နေ (ဦးသိန်းမောင်-ဒေါ်သိန်းရင်)တို့၏ သမီးကြီး၊ (ဦးထွန်းကြည်)၏ ဇနီး၊ (ဦးမောင်မောင်ထွန်း)-ဒေါ်မြင့်ရီတို့၏ အစ်မ၊ ဦးကျော်မြင့်-ဒေါ်အေးအေးလွင်၊ (ဦးအောင်သန်း)-ဒေါ်တင်တင်ဝင်း၊ ဦးဝင်းထွန်း-ဒေါ်ခင်စန်းဝင်း၊ ဦးနေမျိုးဝင်း-ဒေါ်လှလှဝင်းတို့၏ မိခင်၊ မြေး ၁၀ ယောက်၊ မြစ်လေးယောက်တို့၏ အဘွား ဒေါ်ကြည်သည် ၃-၁-၂၀၁၄(သောကြာနေ့) ညနေ ၆း၀၆ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၄ (တနင်္ဂနွေနေ့) ညနေ ၅း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြား အပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၄ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်လှကြည်
အသက်(၇၃)နှစ်
(ငါန်းဇွန်)

ငါန်းဇွန်မြို့၊ ရွာသစ်ကျေးရွာနေ (ဦးလွန်းမောင်-ဒေါ်ငြိမ်းရင်) တို့၏သမီး၊ (ဦးအောင်ငြိမ်း)၏ ဇနီး၊ ငါန်းဇွန်မြို့နေ ဒေါ်သောင်းရီ၊ (ဒေါ်သောင်းမြ)၊ ဒေါ်သောင်းခတို့၏ညီမ၊ ဒေါ်တုတ်၊ ဦးလှဆွေ၊ ဦးဆွေဝင်းတို့၏ အစ်မ၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ် (၁၆)ရပ်ကွက် အခန်း(၇၀၈)၊ တိုက်(၇+၁/အေ)၊ ပါရမီကွန်ဒိုနေ ဗိုလ်မှူးဇော်ဇော်အောင် (ငြိမ်း)၊ ဒေါ်အေးအေးခိုင်၊ ဒေါ်ကြေးမုံဝင်း (ရှိုမဘဏ်)တို့၏ ချစ်လှစွာသော မိခင်ကြီးသည် ၄-၁-၂၀၁၄(စနေနေ့)နံနက် ၇ နာရီတွင် ဆာကူရာဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၄(တနလ်ာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်ငွေသန်း
အသက်(၇၂)နှစ်
(အငြိမ်းစားဆရာမ၊အထက-၅၊ ကမာရွတ်)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဖျာပုံလမ်း၊ အမှတ်(၃၁)(ဒု-ထပ်)နေ(ဦးစံမြင့်)၏ ဇနီး၊ဦးခင်ဇော်မြင့် E/O (W.T.M)-ဒေါ် ဖြိုးဖြိုးသိန်းဇံ၊(ဦးအောင်ဇော်မြင့်)-ဒေါ်ဆွေဆွေဦး၊ဦးတက်နေထွန်း-ဒေါ်နီလာမြင့်တို့၏ မိခင်၊မအိမြတ်မွန်(East - West Seed Int'l)၊မသဉ္ဇာဖြိုး (FM BAGAN)၊ မောင်ကျော်ဖြိုးထွန်း (HUAWEI)၊ မမေမြတ်မွန် (Third Years , Eco)၊မပိုတိခင် (Grade 10, G,TTC ကမာရွတ်)၊ မောင်ထိန်လင်းဇော်(Grade 7 B TTC ကမာရွတ်)တို့၏ အဘွားသည် ဒေါ်ငွေသန်းသည် ၃-၁-၂၀၁၄ (သောကြာနေ့)နံနက် ၄း၄၅ နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဒုတိယဗိုလ်မှူးကြီးဇော်ဝင်း(ငြိမ်း)
အသက်(၈၅)နှစ်
တပ်မတော်အင်ဂျင်နီယာကျောင်းအုပ်ကြီး(ငြိမ်း)
ဗိုလ်သင်တန်းအမှတ်စဉ်(၈)
(ကြည်း-၆၄၅၈)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ကျားကွက်သစ်စံပြရပ်ကွက်၊ မဂ္ဂင်လမ်း၊ အမှတ်(၂၃)နေ (ဦးမောင်စိန်-ဒေါ်စိန်အိ)တို့၏သား (ဝဏ္ဏကျော်ထင် ဦးကောင်းရှိန်-ဒေါ်မြရင်)တို့၏သားသမက်၊ ဒေါ်သုံး၏တူ၊ [ဒေါ်ခင်ခင်ရှိန်(ခ)ဒေါ်စောစောမြင့်-အထက(၂)ဒဂုံ]၏ခင်ပွန်း၊ ပါမောက္ခဒေါက်တာသန္တာ(ရုက္ခဗေဒဌာန-တောင်ငူတက္ကသိုလ်)၊ ဦးသန့်ဇင်ဦး တို့၏ဖခင်၊ ဒေါ်ခင်စန်းဝေ၊ (ဦးအုန်းမောင်-ဒေါ်အေးမေ)၊ ဦးသန့်ဇင်-(ဒေါ်ရီရီဝင်း)၊ ဒေါ်မေမြတ်အေး၊ ဒေါက်တာကိုကိုလတ်-ဒေါ်အေးအေးသန်း၊ ဦးတင်စိန်-ဒေါ်ဝင်းဝင်းခင်၊ ဒေါက်တာဌေးဝင်း၊ ဒေါက်တာသဉ္ဇာတို့၏အစ်ကိုကြီး၊ ဒုတိယဗိုလ်မှူးကြီးဇော်ဝင်း(ငြိမ်း)သည် ၄-၁-၂၀၁၄(စနေနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၁-၂၀၁၄(တနလ်ာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဗိုလ်မှူးလှမင်း(ငြိမ်း)
(ကြည်း-၁၁၉၅၂)၊ အမှတ်စဉ်(၄၂)
သူရတပ်ခွဲ
စာရေးဆရာဦးလှမင်း
အသက်(၇၅)နှစ်
ဒု-ပါမောက္ခချုပ်(ငြိမ်း) ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)

ဧရာဝတီတိုင်းဒေသကြီး၊ ငါးသိုင်းချောင်းမြို့နေ (ဦးမောင်ဆင်-ဒေါ်စိန်လှ) တို့၏ သား၊ (ဦးမောင်တင်-ဒေါ်ကျုတ်) တို့၏ သားသမက်၊ (ဒေါ်ထွေး)၏ ခင်ပွန်း၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၁)ရပ်ကွက်၊ ဇေယျာဒီပလမ်း၊ အမှတ်(၁၀၆)နေ ဦးအောင်ကျော်မင်း၊ ဦးရဲမင်းလတ်၊ မအိအိမင်း၊ မခင်ကြည်ကြည်မင်းတို့၏မွေးသဖခင်သည် ၄-၁-၂၀၁၄ ရက် နံနက် ၇း၅၂ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၄ ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ခင်သန်းဦး(ခ)နီနီ
အသက်(၆၅)နှစ်
(လပြ-ငြိမ်း)
(ပန်းတနော်/မအူပင်)

ပန်းတနော်မြို့နေ (ဦးမောင်စု-ဒေါ်သန်းနွဲ့)တို့၏ သမီး၊ ချမ်းမြသာစည်မြို့နယ်၊ (မမ-၁၂/၆၉)နေ ဦးခင်မောင်ရွှေ(တိုင်းရင်းသားဖွံ့ဖြိုးရေးကျောင်းအုပ်ကြီး-ငြိမ်း)၏ ဇနီး၊ (ဦးအောင်ဝင်း)၊ (ဦးသန်းဝင်း)တို့၏ အစ်မ၊ ကိုကျော်ဇေယျ-မနီလာမြင့်၊ ကိုအောင်သူရတို့၏ မွေးသမိခင်၊ မြေးနှစ်ယောက်တို့၏ အဘွား ဒေါ်ခင်သန်းဦး (ခ)နီနီသည် ၁-၁-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၁၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁-၂၀၁၄(ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် သဂြိုဟ်ပြီးစီးပါသဖြင့် ၄-၁-၂၀၁၄ ရက် နံနက်ပိုင်းတွင် ရက်လည်ဆွမ်းကျွေး ပြီးစီးပါကြောင်း။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ကျောင်း ဒါယိကာမကြီး
ဒေါ်သန်းရင်
အသက်(၈၁)နှစ်

အမှတ်(၂၀၃)၊ မြေညီထပ်၊ (၂၈) လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့နေ (ဦးဖိုးခွေး-ဒေါ်စန်းကြည်)တို့၏ သမီး၊ ဦးမြင့်ဆွေ၏ ဇနီး၊ ဦးတင်ဦး-ဒေါ်ခင်ခင်ရီ၊ ဦးထိန်လင်း-ဒေါ်သင်းသင်းမြတ်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မောင်ဝေလွင်(ခ)ကျားဝေ၊ မောင်မင်းနောင်(ခ)ကျားစင့်၊ မသီသီဝေ(ခ)ရှုဝေတို့၏ အဘွားသည် ၄-၁-၂၀၁၄(စနေနေ့) မွန်းလွဲ ၁၂း၄၀ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၄(တနလ်ာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဆရာဦးကြည်သန်း
အသက်(၅၄)နှစ်
၈၈ ကျောင်းသားခေါင်းဆောင်
ရွှေမင်းသားဖောင်ဒေးရှင်း
(ဟသ်ာတခရိုင်ရုံး)

အမှတ်(၃၆၆)၊ ဘုရားကြီးဈေးလမ်း၊ ဟသ်ာတမြို့နေ ဒေါ်ဝါဝါကျော်၏ ခင်ပွန်း၊ မောင်နိုင်နိုင်ထွန်း၊ မဝင်းသူမော်၊ မသဲအိခိုင်ရွှေတို့၏ ဖခင် ဦးကြည်သန်းသည် ၃-၁-၂၀၁၄(သောကြာနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၄(တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် သဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ကိုဇေယျာလင်း
Myanmar Jardine Schindler Ltd.
အသက်(၃၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ မင်္ဂလာသုခ(၁) လမ်း၊ အမှတ်(၁၄၉၇) နေ ဦးထွန်းရွှေ-ဒေါ်ညွှန့်ညွှန့်ရီတို့၏သား၊ မသက်သက်ဆွေ-ကိုတင့်လွင်ဦးတို့၏အစ်ကို၊ တူမနှစ်ယောက်တို့၏ဦးလေး ကိုဇေယျာလင်းသည် ၃-၁-၂၀၁၄ (သောကြာနေ့) မွန်းလွဲ ၁း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၄ ရက် ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှ ကားများ ညနေ ၄ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးသန့်စင် အသက်(၆၀)

အင်္ဂပူမြို့နယ်၊ မဲဇလီကုန်းမြို့နေ (ဦးခင်ကြွေ)-ဒေါ်မြမြတို့၏ သား၊ ရန်ကုန်မြို့နေ (ဦးကျော်ဇင်-ဒေါ်တင်လှ) တို့၏ သားသမက်၊ ဦးတင့်လွင်-ဒေါ်ခင်စိုးမူ၊ ဒေါက်တာဝင်းနိုင်-ဒေါ်ကြူကြူဆွေ၊ ဦးကျော်စိုးနိုင်၊ ဦးဉာဏ်ဝင်း-ဒေါ်ဇေသိန်း၊ ဦးမောင်မောင်ဝင်း - ဒေါ်ခိုင်ခိုင်သင်း၊ ဒေါ်မြသက်အေး၊ ဦးမင်းနိုင်-ဒေါ်သန်းသန်းနွယ်တို့၏ အစ်ကို၊ ဒေါ်စီစီမြင့်၏ ခင်ပွန်း၊ ဗိုလ်ကြီးစည်သူသန့်စင်(ခေတ္တ-ရှုရှား)၊ ရာဇာသန့်စင်(AWITD)၊ ပွင့်ဖြူသန့်စင်(ဒုတိယနှစ်၊ ဆေး-၁)တို့၏ ဖခင်သည် ၄-၁-၂၀၁၄ ရက် နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၄(တနလ်ာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးလဖွန်ဘရန်အောင်(ခ)
ကိုဘရန်
အသက်(၄၅)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဦးဖိုးလမ်း၊ အမှတ်(၉)၊ (၄)လွှာနေ [ဦးလဖွန်လလွမ်(ခ)ဦးရစ်ချက်]-ဒေါ်မရန်ဂျာဆိုင်းတို့၏သားကြီး၊ မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်နေ ဦးဂျေပီတူးလွမ်-(ဒေါ်လဖိုင်နန်ကိုင်)-ဆရာမဒေါ်ဖေရှာတို့၏သားသမက်၊ ဒေါ်မရန်ဂျာတောင်- Capt: ဦးဝင်းအေးတို့၏တူ၊ ဦးလဖွန်ဖူးဂျီ-ဒေါ်ရည်မွန်အောင်၊ (ဦးလဖွန်လဒိန်)-ဒေါ်လရှီးခေါန်ဘူ၊ ဦးလဖွန်တူးထန်-ဒေါ်ဂျူးလီ၊ ဦးလဖွန်ထင်ဇီတန်နောင်း-ဒေါ်အက်စ်တာထွန်းထွန်း၊ မောင်လဖွန်ယော်အောင်၊ မောင်လဖွန်ခါးအောင်တို့၏အစ်ကိုကြီး၊ တူ၊ တူမလေးယောက်တို့၏ဦးလေး၊ မောင်လဖွန်ကမ်ထွယ်အောင်၊ မလဖွန်ဂျာစင်အောင်တို့၏ မွေးသဖခင်၊ ဒေါ်ဂျေပီစင် နန်၏ချစ်လှစွာသော ခင်ပွန်းသည် ၄-၁-၂၀၁၄(စနေနေ့) နံနက် ၆း၃၀ နာရီ တွင် ဆာကူရာဆေးရုံ၌ ခရစ်တော်တွင်အိပ်ပျော်သွားပါသဖြင့် ၆-၁-၂၀၁၄ (တနလ်ာနေ့) နံနက် ၉ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်ရှိ ခရစ်ယာန်ဂိုဏ်းပေါင်းစုံဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ရန်ကုန်ကချင်နှစ်ခြင်းအသင်းတော်၊ အမှတ်(၄၀-ဘီ)၊ ရွှေပြည်အေးလမ်းမှ ကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
သာကေတမြို့နယ်၊ အာဒိကာရုံကျောင်းတိုက်
မင်္ဂလာသိပ္ပံကျောင်းဆရာတော်
ဘဒ္ဒန္တဓမ္မသာရ(ပဓာန-နာယက) မဟာထေရ်
သိက္ခာတော်(၆၁)ဝါ၊ သက်တော်(၈၁)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၇/အနောက်ရပ်ကွက်၊ အာဒိကာရုံကျောင်းတိုက်၊ မင်္ဂလာသိပ္ပံကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တဓမ္မသာရ(ပဓာန-နာယက) မဟာထေရ်သည်(၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်) ၄-၁-၂၀၁၄(စနေနေ့) နံနက် ၀၀း၄၅ နာရီတွင် မင်္ဂလာသိပ္ပံကျောင်း၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်) ၈-၁-၂၀၁၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် မင်္ဂလာသိပ္ပံကျောင်း၌ ဈာပနအခမ်းအနားကျင်းပပြီး မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိဈာပနပူဇာ မီးသဂြိုဟ်ပူဇော်မည်ဖြစ်ပါကြောင်း တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများ

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဦးကဝိလ(ခ)ဦးကိုကိုလတ်
သိက္ခာတော်(၁)ဝါ၊ သက်တော်(၅၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံ(မြောက်အရှေ့)ရပ်ကွက်၊ အရှေ့ဗဟိုလမ်း၊ အမှတ်(၆)နေ ဦးအောင်သိန်း-ဒေါ်စမ်းစမ်းတို့၏သား၊ ဦးသန်းရှိန်-ဒေါ်မြင့်မြင့်သန်း၊ ဦးမြင့်သူ-ဒေါ်အောင်အောင်စန်းတို့၏မောင်၊ ဒေါ်စန်းစန်းနွယ်၊ ဒေါ်ငြိမ်းငြိမ်းအောင်(အထက-၄၊ တာမွေ)၊ ဦးနိုင်နိုင်-ဒေါ်ဝါဝါအောင်၊ ဦးထွန်းထွန်းလိှုင်-ဒေါ်ခင်သီတာအောင်၊ ဦးညီညီလွင်-ဒေါ်ခင်သန္တာအောင်(ခေတ္တ-USA) တို့၏ ချစ် လှစွာသောအစ်ကို၊ တူ၊ တူမ ၁၁ယောက်တို့၏ဦးလေး၊ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (င/က)ရပ်ကွက်၊ ညီညွတ်ရေးလမ်း၊ အမှတ်(၂၈၄)နေ ဦးရန်အောင်-ဒေါ်ခင်လှနွဲ့တို့၏သားသမက်၊ မစောစန္ဒာရန်အောင်၏အစ်ကို၊ မဥမ္မာနိုင်(M.F.T.B)၏ခင်ပွန်း၊ မောင်ဟန်စစ်သွေး(TTC၊ သဃ်န်းကျွန်း)၏ ဖခင်သည် (၁၃၇၅ ခုနှစ်၊ နတ်တော်လကွယ်) ၃၁-၁၂-၂၀၁၃ (အင်္ဂါနေ့) ညနေ ၄း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်) ၂-၁-၂၀၁၄ (ကြာသပတေးနေ့) ညနေ ၄း၄၅ နာရီတွင် ရေဝေးသုသာန်သို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးသိန်းဆိုင်
အသက်(၈၇)နှစ်

ပြင်ဦးလွင်မြို့၊ အမှတ်(၁၀)၊ အကွက်(၉)၊ မန္တလေး-လားရှိုးလမ်းနေ (ဦးရွှေဘော်-ဒေါ်ဖွားကြည်)တို့၏ သား၊ (ဒေါ်စန်း)၏ ခင်ပွန်း၊ ဦးခင်မောင်ဝင်း-ဒေါ်ချိုချိုမာ၊ ဒုတိယဗိုလ်မှူးကြီးဌေးအောင်-ဒေါ်စန်းစန်းထွေး၊ ဦးရွှေအောင်-ဒေါ်သိန်းသိန်းဦး၊ ဒေါက်တာဝင်းနိုင်စိုး-ဒေါက်တာဥမ္မာမြင့်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၄-၁-၂၀၁၄(စနေနေ့) နံနက် ၁း၄၅ နာရီတွင် မန္တလေးပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၄(တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် မန္တလေးပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ် မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်တင်ကြည်
အသက် (၈၆)နှစ်
(ချောက်)

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့၊ အမှတ်(၂၀)၊ ရွာဟောင်းရပ်နေ (ဦးသိန်းမောင်)၏ ဇနီး၊ ဦးကျော်မြင့်၊ ဦးကျော်ဝင်း-ဒေါ်နော်သန်းဘီဘီ၊ ဦးကျော်လင်း-ဒေါ်လှိုင်မြင့်သန်း၊ ဒေါ်ခင်စန်း၊ ဦးအောင်ကျော်မင်း-ဒေါ်မြင့်မြင့်ကြည်၊ ဦးဝင်းမောင်-ဒေါ်စိန်စိန်ကြည်တို့၏ မိခင်၊ မြေး ၁၁ ယောက်တို့၏ အဘွားသည် ၃-၁-၂၀၁၄(သောကြာနေ့) ည ၈း၁၅ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၄(တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရတနာအိုင့်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
ဒေါ်ကျင်လှ
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊အမှတ်(၄၁)နေ (ဦးဖိုးစိန်-ဒေါ်စိန်ပွင့်)တို့၏သမီး၊ (ဦးမွန်ကြိုင်)၏ဇနီး၊ ဦးမောင်မောင်သန်း-ဒေါ်သီသီမြင့်၊ ဦးမောင်မောင်ချစ်-ဒေါ်ရီရီနု၊ ဦးအောင်မြင့်-ဒေါ်အေမီအောင်၊ ဦးခင်ရွှေ-ဒေါ်အိအိခင်၊ ဦးမြင့်ကြည်-ဒေါ်ညိုညိုလွင်၊ ဒေါ်ထိုက်ထိုက်အောင်တို့၏မွေးသမိခင်ကျေးဇူးရှင်၊မြေးကိုးယောက်တို့၏အဘွားသည် ၂-၁-၂၀၁၄(ကြာသပတေးနေ့) နံနက် ၄း၅၀ နာရီတွင် SSC ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၄(တနလ်ာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၈-၁-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အမှတ်(၄၁) သမိန်ဗရမ်းလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးသန်းဝေ
အသက်(၅၂)နှစ်
B.Sc (Phys-DAP) 1983

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ပယင်းလမ်း၊ အမှတ်(၂) ပထမထပ်နေ (ဦးကျော်သန်း-ဒေါ်ညွှန့်ရီ)တို့၏သား၊ ဦးအောင်မြိုင်-ဒေါ်ညိုညိုတို့၏သားသမက်၊ ဒေါ်ကြည်ကြည်မာ၏ခင်ပွန်း၊ မောင်ချမ်းညိမ်းဟန်၏ဖခင်၊ (ကိုညွှန့်ဝေ)၏ညီ၊ ဒေါ်ခင်မာဝေ၏ မောင်၊ ဒေါ်ကြည်ကြည်ဝေ၏အစ်ကိုသည် ၃-၁-၂၀၁၄(သောကြာနေ့) ည၉နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁ ၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ R/184

(၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနား နေပြည်တော်မြို့တော်ခန်းမ၌ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

အမျိုးသားရေးဦးတည်ချက် (၄)ရပ်နှင့်အညီ အနှစ်သာရပြည့်ဝစွာကျင်းပသည့် ၂၀၁၄ ခုနှစ် (၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမရှေ့ရင်ပြင်၌ ကျင်းပရာ ပြည်သူလူထု စုစုပေါင်းအင်အား ၃၀၀၀ ကျော်တက်ရောက်ကြသည်။

ရှေးဦးစွာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် ၂၀၁၄ ခုနှစ် (၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ကျင်းပကာ အလံတင်တပ်စုက နိုင်ငံတော်အလံကို လွှင့်တင်သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပုဗ္ဗသီရိတပ်နယ်မှ အရာရှိ၊ စစ်သည်များ၊

စာမျက်နှာ ၉ ကော်လံ ၂ သို့ ☆

၂၀၁၄ ခုနှစ် (၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူစဉ်။ (သတင်းစဉ်)

ကျောသားရင်သားမခွဲခြားဘဲ မြို့ပြစည်ပင်သာယာဥပဒေနှင့်အညီ အရေးယူတော့မည်

ရန်ကုန် ဇန်နဝါရီ ၄



ရန်ကုန်မြို့တော် သန့်ရှင်းသပ်ရပ်စိမ်းလန်းစိုပြည်ရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် အဘက်ဘက်မှ ကြိုးပမ်းအားထုတ်နေချိန်တွင် မြို့တော်အလှကို အကျည်းတန်အရုပ်ဆိုးစေမည့် အပြုအမူများအပြင် စည်ပင်သာယာဥပဒေနှင့်မညီဘဲ စည်းကမ်းဖောက်ဖျက်သူများအား ကျောသားရင်သားမခွဲခြားဘဲ စိမ်းစိမ်းကျက်ကျက်မရွေး မြို့ပြစည်ပင်သာယာဥပဒေနှင့်အညီ အရေးယူတော့မည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအောက်ရှိ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းအားလုံးသိရှိရန် စီမံရေးရာဌာနမှ ဌာန ၂၀ ကို ကြိုတင်အကြောင်းကြားထားပြီးဖြစ်ကြောင်း သိရသည်။

မြို့ပြစည်ပင်သာယာဥပဒေနှင့်အညီ စီမံရေးရာဌာနမှ ကြိုတင်အသိပေးထုတ်ပြန်ရာတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တော်ကို သန့်ရှင်းစိမ်းလန်းကြည်လင်မှုနှင့်မြို့တော်ရန်ကုန်အဖြစ် တည်ဆောက်နေချိန်တွင် ဝန်ထမ်းများသည် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများ၊ တည်ဆဲဥပဒေများကို တိကျစွာလိုက်နာ၍ စံနမူနာပြဖြစ်ရန် လိုအပ်ပါသည်။

ယခုအခါ ဝန်ထမ်းအချို့သည် မြို့တော်အတွင်း သွားလာရာတွင် သတ်မှတ်ထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ဖောက်ဖျက်ကျူးလွန်နေကြောင်း စိစစ်တွေ့ရှိရပါသည်။(ဥပမာ-လူကူးမျဉ်းကျားမှ ဖြတ်ကူးမှုမရှိခြင်း၊ ယာဉ်မရပ်ရနေရာများတွင် ယာဉ်ရပ်နားထားခြင်း၊ ဆေးလိပ်၊ ကွမ်းတံတွေး၊ အမှိုက်များကိုစည်းကမ်းမဲ့စွန့်ပစ်ခြင်း)။

သို့ပါ၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရှိ ဝန်ထမ်းများသည် ရန်ကုန်မြို့တော်နေ ပြည်သူများကို စံနမူနာပြ စည်းကမ်းလိုက်နာသော မြို့တော်သူ၊ မြို့တော်သားများဖြစ်ကြောင်း ပုံစံကောင်းပြနိုင်ရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမှစ၍ တည်ဆဲဥပဒေများကို အလေးအနက်ထားလိုက်နာကျင့်သုံးနေထိုင်သွားလာကြရန်နှင့်

စာမျက်နှာ ၈ ကော်လံ ၆ သို့ ❍

ယနေ့ မာတိကာ

မင်္ဂလာရှိသော သတင်းစကား
စာမျက်နှာ » ၂

ပြောချင်လွန်းလို့ပါ
စာမျက်နှာ » ၆

မြန်မာ့လက်ရွေးစင် ယူ-၁၆ အသင်းအတွက် အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်တို့တွင် ကစားသမားရွေးချယ်မှုများ ပြုလုပ်မည်
စာမျက်နှာ » ၁၃

ရွှေတံဆိပ်ဆုများစွာကို ရယူပေးမည့် မြန်မာမသန်စွမ်း ရေကူးအသင်း
စာမျက်နှာ » ၁၄

ကြေးမုံ The Mirror
အထူး အချပ်ပို
5, JANUARY, 2014 တနင်္ဂနွေ

အိမ်ရှင်ပီပီ ဧည့်ဝတ်ကျေပွန်ဖို့ အဆင်သင့်ဖြစ်ပါပြီ

အမေး/အရေး - မောင်ဆွေသောင်း »» ဓာတ်ပုံ - သန်းဦး(သတင်းစဉ်)

အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌတာဝန်ကိုထမ်းဆောင်ရန် ၂၀၁၁ခုနှစ် နိုဝင်ဘာ ၁၇ ရက်က ကျင်းပခဲ့သည့် (၁၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးက သဘောတူဆုံးဖြတ်ခဲ့ကြပါသည်။

အလှည့်ကျသည့်နှစ်အတွင်း ထိပ်သီးအစည်းအဝေး၊ ဝန်ကြီးအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အိမ်ရှင်အဖြစ် လက်ခံ၍ အစည်းအဝေးဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ထို့ပြင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ အာဆီယံဒေသဆိုင်ရာဖိုရမ်၊ အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေး၊ အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေး၊ အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေး၊ အာဆီယံ အမြဲတမ်းကိုယ်စားလှယ်များကော်မတီနှင့် အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်အစည်းအဝေးများကို အိမ်ရှင်အဖြစ်၊ အစည်းအဝေးဥက္ကဋ္ဌအဖြစ် ကျင်းပရမည်ဖြစ်ပါသည်။

ထို့မှ့မက အာဆီယံပဋိညာဉ်စာတမ်းအရ အငြင်းပွားမှုများကို ဖြေရှင်းခြင်း၊ အာဆီယံ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်၏ အဆင့်မြင့်ကောင်စီအစည်းအဝေး ကျင်းပရန် လိုအပ်လာပါက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခြင်း၊ ညီလာခံဥက္ကဋ္ဌတို့နှင့် တွေ့ဆုံမှုများ တွင် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများအားခေါင်းဆောင်ခြင်းနှင့် နိုင်ငံ(၂၀) အုပ်စု (G-20)ထိပ်သီးအစည်းအဝေးတွင် အာဆီယံကို ကိုယ်စားပြုခြင်းတို့ကိုလည်း ဆောင်ရွက်ရပါသည်။

အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည့် အာဆီယံထိပ်သီးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပနိုင်ရန်အတွက် နေပြည်တော်တွင် ယနေ့ဖွင့်လှစ်ပြီးစီးသည့် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန တည်ဆောက်ရေးနှင့်ပတ်သက်၍ တာဝန်ရှိသူများ၏ ပြောပြချက်များကို ပြန်လည်တင်ပြလိုက်ရပါသည်။

ဦးကံချွန်(နေပြည်တော်ကောင်စီဝင်)

အာဆီယံထိပ်သီးအစည်းအဝေး ကျင်းပတဲ့ နိုင်ငံတွေအနေနဲ့ ကောင်းမွန်ပြည့်စုံတဲ့ အဆောက်အအုံ၊ ဟိုတယ်တွေနဲ့ အစည်းအဝေး ကျင်းပမယ့်နေရာထိုင်ခင်း စတာတွေ ပြည့်စုံလုံလောက်စွာ ရှိရပါတယ်။ ကျွန်တော်တို့ နိုင်ငံအနေနဲ့ကြည့်ရင် ထိပ်သီးဆွေးနွေးပွဲနဲ့ ဆက်စပ်ဆွေးနွေးပွဲတွေကို တစ်ပြိုင်တည်း လက်ခံကျင်းပပေးနိုင်မယ့်နေရာနဲ့ တက်ရောက်လာကြမယ့် ခေါင်းဆောင်တွေနဲ့ ကိုယ်စားလှယ်တွေအတွက် လုံခြုံစိတ်ချရတဲ့

မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန အဆောက်အအုံအား တွေ့ရစဉ်။

ဦးကံချွန်(နေပြည်တော်ကောင်စီဝင်)

တည်းခိုဆောင်တွေ မရှိပါဘူး။ ဒါကြောင့် မြန်မာနိုင်ငံအနေနဲ့ အာဆီယံဥက္ကဋ္ဌရာထူး လက်ခံရတော့မယ်ဆိုတာ သေချာတဲ့အချိန်မှာ အစည်းအဝေးတွေကို အကြိမ်အရေအတွက် အများဆုံး လက်ခံကျင်းပခဲ့တဲ့နိုင်ငံတွေနဲ့ အနီးစပ်ဆုံး အစည်းအဝေးကျင်းပခဲ့တဲ့ နိုင်ငံတွေကို သွားရောက်လေ့လာပြီး ကိုယ့်နိုင်ငံ ရေမြေသဘာဝနဲ့ ရိုးရာယဉ်ကျေးမှု အငွေ့အသက်တွေပါဝင်တဲ့၊ ခေတ်မီဗိသုကာလက်ရာတွေနဲ့ပေါင်းစပ်ထားတဲ့ အစည်းအဝေးကျင်းပမယ့် အဆောက်အအုံကို တည်ဆောက်ခဲ့ပါတယ်။

ထိပ်သီးအစည်းအဝေးကို တက်ရောက်လာကြမယ့် ခေါင်းဆောင်တွေနဲ့လိုက်ပါလာကြမယ့် ကိုယ်စားလှယ်အဖွဲ့တွေရဲ့ ရုံးလုပ်ငန်းပိုင်းဆိုင်ရာ ဆောင်ရွက်ရမယ့် နေရာဌာနတွေ၊ သတင်းမီဒီယာတွေအတွက် သတင်းရယူနိုင်မယ့်နေရာတွေ အများကြီးလိုအပ်တာကို လေ့လာတွေ့ရှိရပါတယ်။

ဒါ့အပြင် လုံခြုံရေးနဲ့ တည်းခိုနေထိုင်ရေးအပိုင်းတွေမှာ ကြည့်ရင်လည်း လက်ရှိနေပြည်တော် ဟိုတယ်ဇုန်နှစ်ခုနဲ့ လုံလောက်ပြည့်စုံမှုမရှိပါဘူး။ ကြီးမားကျယ်ပြန့်တဲ့ လုံခြုံရေးနဲ့ တည်းခိုနေထိုင်ရေးကို စီစဉ်ဆောင်ရွက်ပေးရမှာဖြစ်တဲ့အတွက် အများကြီးကုန်ကျနိုင်ပါတယ်။

ထိပ်သီးဆွေးနွေးပွဲ ကျင်းပမယ့်နေရာအနီးမှာ နိုင်ငံတော်ဧည့်ဂေဟာတွေကို တည်ဆောက်ဖို့အတွက် တိုင်းရင်းသားလုပ်ငန်းရှင်တွေကို နေရာချထားပေးပါတယ်။ ဘာကြောင့်လည်းဆိုတော့ ဒီဧည့်ဂေဟာတွေကို ရေရှည်တည်တံ့အောင်၊ နိုင်ငံတကာအဆင့် လိုက်လျောညီထွေဖြစ်အောင် နိုင်ငံတော်အနေနဲ့ ထိန်းသိမ်းစောင့်ရှောက်မယ်ဆိုရင် ပြည်သူ့ဘဏ္ဍာငွေတွေအများကြီးကုန်ကျနိုင်ပါတယ်။

နိုင်ငံခေါင်းဆောင်ကြီးတွေ တည်းခိုနေထိုင်ခဲ့တဲ့ အခန်းတွေကို အသုံးပြုခွင့်မပေးဘဲ ကျန်တဲ့အခန်းတွေကို ဟိုတယ်အဖြစ် ငှားရမ်းအသုံးပြုခွင့်ပြုတဲ့အတွက် နိုင်ငံတော်နဲ့ ပြည်သူတွေအနေနဲ့ စာမျက်နှာ ၄ သို့ »»

မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနအတွင်း နေရာချထားမှုပုံစံငယ်အား တွေ့ရစဉ်။

အာဆီယံနှင့် ဆွေးနွေးဖက် သုံးနိုင်ငံ တစ်ပြိုင်တည်း အစည်းအဝေးများကျင်းပနိုင်မည့် မြခန်းမအားတွေ့ရစဉ်။

အိမ်ရှင်ပီပီ ဧည့်ဝတ်ကျေပွန်ဖို့ အဆင်သင့်ဖြစ်ပါပြီ

»» စာမျက်နှာ ၄ မှ

ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အာဆီယံ ထိပ်သီးအစည်းအဝေးကို မျက်နှာစုံညီအစည်းအဝေးနဲ့ စတင်ပါတယ်။ အာဆီယံ ထိပ်သီးအစည်းအဝေးကို အာဆီယံ နိုင်ငံခေါင်းဆောင်တွေနဲ့ အာဆီယံအတွင်း ရေးမှူးချုပ်တို့ တက်ရောက်ပါတယ်။ အဲဒီအစည်းအဝေးမှာ အာဆီယံအတွင်းမှာ ဆောင်ရွက်ပြီးတဲ့ အခြေအနေတွေ ဆောင်ရွက်၊ ကျန်တဲ့ အခြေအနေတွေနဲ့ အာဆီယံအတွက် အရေးကြီးတဲ့ကိစ္စတွေကို ဆွေးနွေးကြပါတယ်။

ဒီလိုမျိုး ဆွေးနွေးတဲ့အခါမှာ ဒေသ ဆိုင်ရာနဲ့ နိုင်ငံတကာကိစ္စတွေကို ဆွေးနွေး ကြပါတယ်၊ ဒါကြောင့်မို့ အာဆီယံထိပ်သီးအစည်းအဝေးကို နိုင်ငံခေါင်းဆောင်တွေ အနေနဲ့ ရှေ့ဆက်သွားမယ့် အာဆီယံကို ဘယ်လိုမြင်ချင်တယ်၊ ပြီးခဲ့တဲ့ အာဆီယံမှာ ဘာတွေလုပ်ဖို့ ကျန်သေးတယ်၊ အာဆီယံက ဆုံးဖြတ်တဲ့အထဲမှာ ဘာတွေလုပ်ဖို့ ကျန်သေးတယ်ဆိုတဲ့ ကိစ္စတွေကို အဓိကထားပြီး ဆွေးနွေးကြပါတယ်။ ဒါ့အပြင် ၂၀၁၃ခုနှစ်မှာ ကျင်းပခဲ့တဲ့ (၂၃)ကြိမ်မြောက်အစည်းအဝေး က နေပြီးတော့ အာဆီယံ ခေါင်းဆောင်တွေဟာ ၂၀၁၅ခုနှစ်မှာ ပေါ်ပေါက်လာမယ့် အာဆီယံ အသိုက်အဝန်းကြီး နောက်ပိုင်းမှာ ရှေ့ဆက်သွားမယ့်အစီအစဉ်ကို စဉ်းစားဆုံးဖြတ်ခဲ့ကြပါတယ်။ အဲဒီအဆုံးအဖြတ် က ၂၀၁၅ခုနှစ်မှာ အာဆီယံအသိုက်အဝန်း ပေါ်ပေါက်လာရင် နိုင်ငံတကာအရေးကိစ္စတွေမှာ ဘယ်လို စဉ်းစားပြီး ဘယ်လိုအတူတကွ ဆောင်ရွက်ကြမယ်၊ အာဆီယံရဲ့ စီးပွားရေး၊ လူမှုရေးနဲ့ ယဉ်ကျေးမှုတွေမှာ ဘယ်လိုဆက်လက်ဆောင်ရွက်သွားကြမယ်ဆိုတာကို အခုကျွန်တော်တို့နိုင်ငံက ဥက္ကဋ္ဌတာဝန်ယူချိန်မှာ ဒီကိစ္စတွေကို အလေးထားပြီးဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဆွေးနွေးသွားပြီးတဲ့ အခါကျရင် ၂၀၁၄ခုနှစ် ထဲမှာ၊ ၂၀၁၅ ခုနှစ်မှာ ပေါ်ပေါက်လာမယ့် အာဆီယံ အသိုက်အဝန်းနဲ့ အဲဒီအသိုက်အဝန်း ပေါ်ပေါက်လာချိန်မှာ ဘာတွေကိုအဓိကထား ဆောင်ရွက်မယ် ဆိုတဲ့ အခြေခံအချက်အလက်တွေကို သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်မှာ ဥက္ကဋ္ဌတာဝန်ယူတဲ့အချိန်မှာ ရွေးချယ်ပြီးရင် ၂၀၁၅ ခုနှစ် ဥက္ကဋ္ဌတာဝန်ယူမယ့် မလေးရှားနိုင်ငံက အခု ကျွန်တော်တို့ရွေးချယ်ဆုံးဖြတ်ထားတဲ့ အချက်အလက်တွေကို လမ်းပြမြေပုံဖြစ်အောင် ကြေညာချက်တစ်ခု ရှိလာပါမယ်။ ဒါတွေက အာဆီယံ ထိပ်သီးအစည်းအဝေးတွေမှာ ဆောင်ရွက်တဲ့ အခြေခံအချက်အလက်တွေ ဖြစ်ပါတယ်။

ဦးဝင်းဇော်(ဗိသုကာပညာရှင်)

မြန်မာနိုင်ငံအနေနဲ့ အာဆီယံအဖွဲ့ဝင် နိုင်ငံဖြစ်လာတဲ့အခါမှာ တစ်ချိန်တစ်ခါမှာ အခုလို ထိပ်သီးဆွေးနွေးပွဲတွေကို လက်ခံ ကျင်းပရနိုင်တယ်ဆိုတဲ့ မျှော်မှန်းချက်နဲ့ စတင်လေ့လာခဲ့ပါတယ်။ ပထမဦးဆုံးအနေနဲ့ အာဆီယံထိပ်သီး အစည်းအဝေးကျင်းပမယ့်ခန်းမနဲ့ဆက်စပ်အစည်းအဝေးတွေ ကျင်းပမယ့်နေရာတွေ၊ အစည်းအဝေး တက်ရောက်လာမယ့် နိုင်ငံခေါင်းဆောင်တွေ တည်းခိုနေထိုင်မယ့် အိပ်ဆောင်တွေပါဆောက်ဖို့ အကြောင်းအရာတွေ ပါလာတယ်၊ နေပြည်တော်မှာရှိတဲ့ တည်းခိုနေရာနဲ့ ဟိုတယ်တွေ မပါဘဲနဲ့ သီးခြား အာဆီယံထိပ်သီးအစည်းအဝေးတွေနဲ့ တခြားအစည်းအဝေးတွေ ကျင်းပတဲ့အခါမှာ လာတဲ့ဧည့်သည်တွေကို အစည်းအဝေးကျင်းပမယ့် အဆောက်အအုံကြီးအနီးမှာ တည်းခိုနေထိုင်ရင်းနဲ့ အစည်းအဝေး တက်ရောက်မှု လွယ်ကူရအောင် သီးခြားမြေနေရာရှာပြီးတော့ အခုအဆောက်အအုံကို နိုင်ငံတကာအစည်းအဝေး ကျင်းပနိုင်တဲ့ အဆောက်အအုံအဖြစ် တည်ဆောက်ထားတာ အဓိကကျပါတယ်။

အဆောက်အအုံတည်ဆောက်မှုအပြီးမှာ ပထမဆုံးလာရောက်ကျင်းပတဲ့ အစည်းအဝေးက အာဆီယံထိပ်သီးအစည်းအဝေးဖြစ်တဲ့အတွက် အခုလောလောဆယ်မှာ အာဆီယံ အစည်းအဝေး ကျင်းပမယ့်အတိုင်း ပြင်ဆင်ထားတာဖြစ်ပါတယ်။ ဒီအဆောက်အအုံကို တည်ဆောက်ရမယ့် အချိန်မှာ အာဆီယံ ထိပ်သီးအစည်းအဝေးဆိုတာလည်း သိပ်မသိကြဘူး၊ အဲဒါထက် ကွန်ဗင်းရှင်းစင်တာတစ်ခုအနေနဲ့ ရှိရမယ့်အင်္ဂါရပ်တွေနဲ့ ပြည့်စုံတဲ့ ကွန်ဗင်းရှင်းစင်တာတစ်ခု ကျွန်တော်တို့နိုင်ငံမှာ မရှိခဲ့ပါဘူး။ မရှိသေးဘူးဆိုတဲ့အခါမှာ ဒီလို နိုင်ငံတကာကွန်ဗင်းရှင်းတွေလုပ်ဖို့ အတွက် လိုအပ်တဲ့ အဆောက်အအုံတွေဟာ ဘယ်လို ပုံသဏ္ဌာန်မျိုးရှိတယ်၊ ဘယ်လိုဆောက်ရင် ကောင်းမလဲဆိုတဲ့ ရည်ရွယ်ချက်နဲ့ နိုင်ငံတော် အကြီးအကဲရဲ့စီစဉ်မှုနဲ့ နိုင်ငံ သုံးနိုင်ငံလောက်ကို သွားရောက် လေ့လာခဲ့ပါတယ်။

ကျွန်တော်တို့နိုင်ငံအနေနဲ့ တည်ဆောက်မယ့် ကွန်ဗင်းရှင်းစင်တာအတွက် လေ့လာရာမှာ အရင်ရှိပြီးသား နိုင်ငံတွေအနေနဲ့ လိုအပ်ချက်တွေရှိတာကို တွေ့ရပါတယ်။ ဒါကြောင့် နောက်ဆုံးမှ ဆောက်တဲ့အတွက် ကွန်ဗင်းရှင်းစင်တာတစ်ခု အနေနဲ့ ပါဝင်ရမယ့် အခန်းဖွဲ့စည်းပုံတွေကို အသေးစိတ်လေ့လာ ဆွေးနွေးခဲ့ပြီး ဒီဇိုင်းရေးဆွဲခဲ့ပါတယ်။ ဒီလိုဒီဇိုင်းရေးဆွဲရာမှာလည်း အထူးသဖြင့် ကျွန်တော်တို့ လေ့လာခဲ့တဲ့နိုင်ငံတွေက ကွန်ဗင်းရှင်းစင်တာတွေမှာ လုံခြုံရေး ပိုင်းဆိုင်ရာကို လေ့လာကြည့်ရင် ရှင်းရှင်းလင်းလင်းနဲ့ လုံခြုံရေးပိုင်းဆိုင်ရာတွေဆောင်ရွက်နိုင်တာကို မတွေ့ရှိရပါဘူး။ ကျွန်တော်တို့အနေနဲ့ အခုအဆောက်အအုံကို ပုံစံဆွဲတဲ့အခါမှာ သေသေချာချာ၊ အလွယ်တကူနဲ့ လုံခြုံရေးယူနိုင်အောင် ဖွဲ့စည်းထားပါတယ်။ အစည်းအဝေးကျင်းပမယ့် ခန်းမကြီးတွေရဲ့ ဘေးလမ်းစင်္ကြံကြီးတွေက တစ်ဖက်ထိပ်ကနေ အခြားတစ်ဖက်ထိပ်ကို ရှင်းရှင်းလင်းလင်းနဲ့ မြင်နိုင်အောင် စီစဉ်ထားပါတယ်။ အဆောက်အအုံရဲ့ ကန့်လန့်ဖြတ် စင်္ကြံကြီးတွေကလည်း အလားတူပဲ စီစဉ်ထားပါတယ်။ အခုလိုစီစဉ်ရတာကလည်း လုံခြုံရေးတာဝန်ယူမယ့် သူတွေအတွက် ကျယ်ကျယ် ပြန့်ပြန့်နဲ့ လုံခြုံရေးရယူနိုင်အောင် အလေးထားဆောင်ရွက်ထားတာဖြစ်ပါတယ်။

အခုတည်ဆောက်ပြီးသွားတဲ့ အဆောက်အအုံကို အခုလက်ရှိကျင်းပမယ့် အာဆီယံ ထိပ်သီးအစည်းအဝေးကို အခြေခံပြီးပြောနေပေမယ့် နိုင်ငံတကာ အသင်းအဖွဲ့တွေ၊ ကုမ္ပဏီကြီးတွေက ကျင်းပမယ့် ဘယ်လိုအခမ်းအနားကိုမဆို လက်ခံကျင်းပနိုင်အောင်စီစဉ်ထားပါတယ်။ ထိပ်သီးအစည်းအဝေးပွဲတွေအတွက်ပဲ ဒီအဆောက်အအုံကိုထားမယ်ဆိုရင် ထိန်းသိမ်းရမယ့်စရိတ်ကို ဘယ်လိုမှ တတ်နိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် အဆောက်အအုံ ဒီဇိုင်းထဲမှာ နိုင်ငံတကာက ကုန်စည်ပြပွဲကြီးတွေ လုပ်နိုင်အောင်အထိ ထည့်သွင်းရေးဆွဲ တည်ဆောက်ခဲ့ပါတယ်။

ဒါကြောင့် ဒီအဆောက်အအုံအနေနဲ့ ကွန်ဗင်းရှင်းစင်တာတစ်ခုအနေနဲ့ သာမက ပြပွဲကြီးတွေကို ခင်းကျင်းပြသနိုင်အောင် ဘက်စုံသုံးအဆောက်အအုံတစ်ခုအနေနဲ့ ရာနှုန်းပြည့်ဖြစ်အောင် တည်ဆောက်ထားတာက ထူးခြားမှုတစ်ခု ဖြစ်ပါတယ်။ ဒါမှလည်း အဆောက်အအုံ ထိန်းသိမ်း ကုန်ကျစရိတ်တွေ သက်သာအောင် ဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။ အခုလို တည်ဆောက်ရတာကလည်း ရှေ့အနာဂတ်ကာလမှာ ဖြစ်ပေါ်လာမယ့် လိုအပ်ချက်တွေကို စဉ်းစားပြီးဆောင်ရွက်ထားတာပါ။

ဦးအောင်သန်း(တည်ဆောက်ရေးတာဝန်ခံ)

ဒီအဆောက်အအုံဟာ မြေဧက ၆၀ ကျော်ပေါ်မှာ ပေ(၁၀၁၉×၄၂၅)အရွယ်အစားနဲ့ မြေညီထပ်အပါအဝင် သုံးထပ်အဆောက်အအုံ ဖြစ်ပါတယ်။ ဒီအဆောက်အအုံထဲမှာ ထိပ်သီးအစည်းအဝေးနဲ့ဆက်စပ်အစည်းအဝေးတွေ ကျင်းပနိုင်မယ့် ပတ္တမြားခန်းမ၊ အာဆီယံနဲ့ ဆွေးနွေးဖက်နိုင်ငံများ အစည်းအဝေးတွေကျင်းပနိုင်မယ့် နီလာခန်းမနဲ့ မြခန်းမ၊ လူပေါင်း ၃၀ ဆံ့ ပုလဲခန်းမ၊ လူပေါင်း ၅၀၀ ကျော် တစ်ပြိုင်တည်းတက်ရောက်နိုင်တဲ့ ကျောက်စိမ်းခန်းမ၊ ကိုယ်စားလှယ်ပေါင်း တစ်ရာခန့် တက်ရောက်နားထောင်နိုင်မယ့်ခန်းမ၊ လူပေါင်း ၄၀၀ ကျော် တက်ရောက်နိုင်မယ့် သတင်းစာရှင်းလင်းပွဲ ခန်းမ၊ လူပေါင်း ၃၀၀ ကျော်တက်ရောက်သတင်းရယူနိုင်မယ့် မီဒီယာစင်တာတွေ အပါအဝင် အထူးအရေးကြီး ပုဂ္ဂိုလ်နားနေခန်း၊ နှစ်နိုင်ငံဆွေးနွေးပွဲ ကျင်းပမယ့် ခန်းမငယ်တွေနဲ့ နိုင်ငံအလိုက်ရုံးခန်းငယ်ပေါင်း ၂၀ ဖွဲ့စည်းတည်ဆောက်ထားပါတယ်။

အဆောက်အအုံ ဒီဇိုင်းကိုတော့ အာဆီယံ ထိပ်သီးဆွေးနွေးပွဲတွေ ကျင်းပခဲ့တဲ့ နိုင်ငံတွေမှာ သွားရောက်လေ့လာခဲ့ပြီး ရိုးရိုးရှင်းရှင်းနဲ့ ခေတ်မီရေရှည်တည်တံ့တဲ့ ဒီဇိုင်းကိုရေးဆွဲခဲ့ပါတယ်။ သဘာဝဘေးဒဏ်တွေကို အဆင့်သတ်မှတ်ချက်(၄)အထိ ခံနိုင်အောင်နဲ့ အမိုးကိုလည်း လေပြင်းတိုက်ခတ်မှုနဲ့ ရာသီဥတုဒဏ်ခံနိုင်အောင် တည်ဆောက်ထားတဲ့အပြင် အဆောက်အအုံ သုံးထပ်လို့ ပြောပေမယ့်လည်း ဘိုးပိုင်ရိုက်စနစ်နဲ့ တည်ဆောက်ခဲ့ပါတယ်။

အဆောက်အအုံ ဖွဲ့စည်းမှုအထဲမှာ အစည်းအဝေးတွေကို တက်ရောက် သတင်းရယူကြမယ့် သတင်းမီဒီယာတွေအတွက် မြေညီထပ်မှာ လိုအပ်တဲ့ အင်တာနက်ဝိုင်ဖိုင်စနစ်အပါအဝင် မီဒီယာစင်တာတစ်ခုနဲ့ သတင်းစာရှင်းလင်းပွဲ ခန်းမဆောင်တစ်ခုကို ထည့်သွင်းဖွဲ့စည်းထားပါတယ်။ မီဒီယာစင်တာမှာဆိုရင် မီဒီယာခန်း ၁၀ ခုနဲ့ သတင်းရယူမယ့် Media Booth တွေ တပ်ဆင်ထားပါတယ်။ အဓိကကတော့ ထိပ်သီးအစည်းဝေးဆို နိုင်ငံတကာ မီဒီယာတစ်ထောင်ကျော် တက်ရောက်တဲ့အတွက် အခုလိုရည်ရွယ် တည်ဆောက်ခဲ့တာဖြစ်ပါတယ်။

ကွန်ဗင်းရှင်းစင်တာတွေရဲ့ အသက်က အသံစနစ်ကောင်းမွန်မှုအပေါ် မူတည်ပါတယ်။ အဆောက်အအုံအတွင်းမှာရှိတဲ့ခန်းမတွေကို အသံလုံစနစ်ဖြစ်အောင် စီစဉ်ထားတဲ့အပြင် သက်ဆိုင်ရာအခမ်းအနားအလိုက် လိုက်ဖက်ညီတဲ့ နံရံတွေကိုလည်း နိုင်ငံခြားသားအင်ဂျင်နီယာတွေနဲ့ တိုင်ပင်ညှိနှိုင်းပြီး တပ်ဆင်ဆောင်ရွက်ထားတဲ့အတွက် အသံစနစ်က အခြားအဆောက်အအုံတွေနဲ့ မတူကွဲပြားစွာခံစားနိုင်မှာ ဖြစ်ပါတယ်။

အချုပ်အားဖြင့်ဆိုရသော် အာဆီယံထိပ်သီးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပနိုင်ရန် သက်ဆိုင်ရာကဏ္ဍအလိုက် အဆင့်သင့်ဖြစ်နေပြီဖြစ်ပါသည်။ ၂၀၁၄ခုနှစ်အတွင်း အာဆီယံ အလှည့်ကျဥက္ကဋ္ဌအဖြစ် ထမ်းဆောင်သည့်အချိန်တွင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံ ခေါင်းဆောင်များက ချမှတ်ထားသောလမ်းကြောင်းကို အခြေခံပြီး ဆက်လက်ကြိုးပမ်းအကောင်အထည်ဖော်နိုင်မည်ဖြစ်သည့်အပြင် ကျန်ရှိနေသေးသောလုပ်ငန်းများနှင့် ဆောင်ရွက်ဆဲအစီအစဉ်များကိုလည်း ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်အောင် ဆက်လက်လုပ်ဆောင်သွားနိုင်မည်ဟုလည်း ယုံကြည်မိပါတော့သည်။

လူပေါင်း ၅၀၀ ကျော်အား တစ်ပြိုင်တည်း ဧည့်ခံကျွေးမွေးနိုင်မည့် ကျောက်စိမ်းခန်းမဆောင်ကို တွေ့ရစဉ်။

နိုင်ငံခေါင်းဆောင်ကြီးများ နားနေခန်းအား တွေ့ရစဉ်။

နိုင်ငံတော်အဆင့်အကြီးအကဲများ တည်းခိုမည့် THE LAKE GARDEN HOTEL (အောက်ပုံ)နှင့် နိုင်ငံတော်အဆင့် အကြီးအကဲများ နေထိုင်မည့် ဧည့်ခန်းဆောင် (အပေါ်ပုံ) ကို တွေ့ရစဉ်။

လူပေါင်း ၄၀၀ ကျော်ဆံ့ သတင်းစာရှင်းလင်းပွဲများ ကျင်းပနိုင်မည့် သန္တာခန်းမအားတွေ့ရစဉ်။

အိမ်ရှင်ပီပီ ဧည့်ဝတ်ကျေပွန်ဖို့ အဆင်သင့်ဖြစ်ပါပြီ

အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများလက်ခံကျင်းပမည့် ပတ္တမြားခန်းမဆောင်ကို တွေ့ရစဉ်။

» » ရှေ့ဖုံးမှ

ဧည့်ဂေဟာတည်ဆောက် ထိန်းသိမ်းမှု ကုန်ကျစရိတ်ကို သက်သာသွားစေတဲ့အပြင် နောင်မှာကျင်းပမယ့် နိုင်ငံတကာ အစည်းအဝေးတွေနဲ့ ကုန်စည်ပြပွဲတွေကို တက်ရောက်လာကြမယ့် အဆင့်မြင့်ခေါင်းဆောင်တွေနဲ့ ဧည့်သည်တွေအတွက် နိုင်ငံရဲ့ မြို့တော်အင်္ဂါရပ်နဲ့အညီ တည်းခိုနိုင်မှာဖြစ်ပါတယ်။

ဒ့ါအပြင် တစ်နေရာတည်းမှာ ကောင်းမွန်ပြည့်စုံတဲ့ သဘာဝပတ်ဝန်းကျင်ဖြစ်စေဖို့အတွက် ရန်အောင်မြင်ဆည်မှာ ဆည်ပတ်လမ်းတွေတည်ဆောက်ပြီး အနားယူနိုင်အောင်ပါ စီစဉ်ပေးထားပါတယ်။

အခု တည်ဆောက်ပြီးစီးသွားတဲ့ နိုင်ငံတော်ဧည့်ဂေဟာတစ်ခုမှာ အနည်းဆုံးလူ ၁၀၀ကျော်တည်းခိုနိုင်ပါတယ်။ ဒီလိုမျိုးတည်ဆောက်ရာမှာလည်း နိုင်ငံတော်အနေနဲ့ နိုင်ငံရဲ့အဆင့်အတန်း၊ နိုင်ငံဂုဏ်သိက္ခာတွေအပြင် ရေရှည်အကျိုးဖြစ်ထွန်းနိုင်မှုနဲ့ ပြည်သူ့ဘဏ္ဍာလေလွင့်မှုမရှိအောင် အဘက်ဘက်က စဉ်းစားဆောင်ရွက်ခဲ့ပါတယ်။

ဧည့်သည်လာဖို့ရှိတယ်ဆိုရင် သာမန်မိသားစုတွေအနေနဲ့တောင် မိမိတို့အိမ်ကို မူလအခြေအနေထက် အနည်းဆုံး သပ်သပ်ရပ်ရပ်လေးဖြစ်ဖို့ ပြင်ဆင်ကြရပါတယ်။ ဒီလိုပြင်ဆင်ရာမှာလည်း မူလကမိမိတို့နေထိုင်စဉ်အချိန်တွေထက် အိမ်တွင်းပစ္စည်းလေးတွေကို သူ့နေရာနဲ့သူ သပ်သပ်ရပ်ရပ်ရှိအောင်ပြင်ဆင်ထားတတ်ကြပါတယ်။

အလားတူပဲ အခုလို နိုင်ငံတကာက ထိပ်သီးခေါင်းဆောင်တွေနဲ့ ဒေသအတွင်းနိုင်ငံတွေက ခေါင်းဆောင်တွေ တက်ရောက်မယ့် ထိပ်သီးအစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်ရာမှာ ကျွန်တော်တို့နိုင်ငံက အခုမှအစဖြစ်တဲ့အတွက် မြေယာရှုခင်းသာယာဖို့အတွက် အများကြီး ဝီရိယစိုက်ထုတ်ရပါတယ်။ တခြားနိုင်ငံတွေမှာလည်း ထိပ်သီးအစည်းအဝေးတွေကျင်းပတဲ့အခါ မိမိတို့ မြို့တော်တွေကို မူလအခြေအနေထက် ပိုမိုကောင်းမွန်တင့်တယ်အောင် ပြင်ဆင်ကြတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ဒါတွေကိုလုပ်ဆောင်ရာမှာ အလှအပထက် နိုင်ငံရဲ့မျက်နှာစာကို သစ်လွင်ဂုဏ်ရှိအောင် ဆောင်ရွက်ရတာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် အိမ်ရှင်ပီပီ မြန်မာ့စိတ်ထားနဲ့အညီ ဧည့်ဝတ်ကျေပွန်ကြရမှာ ဖြစ်ပါတယ်။ ဒါမှ ကျွန်တော်တို့ နိုင်ငံသားတွေအနေနဲ့ နိုင်ငံတကာမျက်နှာစာမှာ တာဝန်သိတဲ့၊ တာဝန်ယူတတ်တဲ့လူမျိုးတွေအဖြစ် ဂုဏ်ယူနိုင်မှာ ဖြစ်ပါတယ်။

ဦးအောင်လင်း
(ညွှန်ကြားရေးမှူးချုပ်၊
အာဆီယံရေးရာဦးစီးဌာန)

အာဆီယံဥက္ကဋ္ဌယူတဲ့အခါကျရင် ထိပ်သီးအစည်းအဝေး နှစ်ခါပြုလုပ်ပါတယ်။ ပထမအကြိမ် ကျင်းပတဲ့ ထိပ်သီးအစည်းအဝေးကတော့ အာဆီယံနိုင်ငံတွေပါဝင်တဲ့ အစည်းအဝေး ဖြစ်ပါတယ်။ ဒါကတော့ အာဆီယံ ၁၀ နိုင်ငံနဲ့ အာဆီယံအတွင်းရေးမှူးချုပ်တို့တက်တဲ့ အစည်းအဝေးဖြစ်ပါတယ်။ ဒုတိယအကြိမ် အစည်းအဝေးကတော့ အာဆီယံထိပ်သီးအစည်းအဝေးနဲ့ ဆက်စပ်အစည်းအဝေးတွေလို့ ခေါ်ပါတယ်။ ဒုတိယအကြိမ်အစည်းအဝေးကို အာဆီယံ ၁၀ နိုင်ငံခေါင်းဆောင်တွေနဲ့ အာဆီယံအတွင်းရေးမှူးချုပ်တို့အပြင် အာဆီယံရဲ့ဆွေးနွေးဖက်နိုင်ငံတွေဖြစ်တဲ့ အရှေ့အာရှထိပ်သီးအစည်းအဝေး (EAS)လို့ခေါ်တဲ့ ဆွေးနွေးဖက် ရှစ်နိုင်ငံတို့ပါဝင်ပါတယ်။

ဦးအောင်လင်း (ညွှန်ကြားရေးမှူးချုပ်၊ အာဆီယံရေးရာဦးစီးဌာန)

ဒါကြောင့်မို့ အာဆီယံ+ရှစ်နိုင်ငံအပြင် အာဆီယံနဲ့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တို့ပြုလုပ်တဲ့ ထိပ်သီးအစည်းအဝေးလည်း ရှိနိုင်ပါတယ်။ ဒါကတော့ ထိပ်သီးအစည်းအဝေးတွေပြုလုပ်တဲ့အခါမှာ မျှော်မှန်းရတဲ့ အစည်းအဝေးတွေ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်မှာ ဘရူနိုင်းနိုင်ငံမှာ ကျင်းပတဲ့ ပထမအကြိမ်အစည်းအဝေးကို ကိုယ်စားလှယ်ပေါင်း ၁၀၀၀၀ ကျော် တက်ရောက်ခဲ့ပါတယ်။ ဒီတက်ရောက်တဲ့ ကိုယ်စားလှယ်ပေါင်း ၁၀၀၀၀ ကျော်ရဲ့ သုံးပုံတစ်ပုံကတော့ နိုင်ငံခြားက တက်ရောက်သူတွေဖြစ်ပြီး ကျန်တဲ့သုံးပုံနှစ်ပုံကို ဘရူနိုင်းနိုင်ငံက တက်ရောက်ခဲ့တယ်လို့ သိရှိရပါတယ်။

ဒါကြောင့် ကျွန်တော်တို့နိုင်ငံမှာ ကျင်းပတဲ့ ပထမအကြိမ်အစည်းအဝေးကို ပြည်တွင်းပြည်ပကိုယ်စားလှယ်ပေါင်း ၁၅၀၀၀ ကျော်တက်ရောက်နိုင်အောင်စီစဉ်ထားပါတယ်။ အာဆီယံကိုယ်စားလှယ်အနေနဲ့ ၃၀၀၀ ကျော် တက်ရောက်မယ်လို့ ခန့်မှန်းထားပါတယ်။ ဒုတိယအကြိမ် အစည်းအဝေးကို ဘရူနိုင်းနိုင်ငံမှာ ကျင်းပတဲ့အခါ ကိုယ်စားလှယ်ပေါင်း ၂၀၀၀၀ ကျော် တက်ရောက်တယ်လို့သိရပါတယ်။ ဒီလိုတက်ရောက်တဲ့ ကိုယ်စားလှယ် ၅၀၀၀ ကတော့ ဘရူနိုင်းနဲ့ အာဆီယံနိုင်ငံတွေမှဖြစ်ပြီး ကျန်တဲ့ ၁၅၀၀၀ ကျော်က အာဆီယံနဲ့ ဆွေးနွေးဖက်နိုင်ငံတွေက ကိုယ်စားလှယ်တွေတက်ရောက်တယ်လို့ သိရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ကျင်းပတဲ့ ဒုတိယအကြိမ်အစည်းအဝေးကို ကိုယ်စားလှယ်ပေါင်း ၂၅၀၀၀ ကျော်လောက် တက်ရောက်မယ်လို့ ခန့်မှန်းပြင်ဆင်ထားပါတယ်။

ကျွန်တော်တို့နိုင်ငံမှာကျင်းပမယ့် ထိပ်သီးအစည်းအဝေးအပါအဝင် အာဆီယံအစည်းအဝေးတွေကို ကျင်းပနိုင်ဖို့အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနတွေမှာ စာရင်းကောက်ယူနေပါတယ်။ ဒီလို စာရင်းကောက်ယူရာမှာ ဝန်ကြီးအဆင့် အစည်းအဝေးတွေရှိပါတယ်။ အဆင့်မြင့်အရာရှိကြီးတွေ အစည်းအဝေးရှိပါတယ်။ နောက်ပြီးတော့ လုပ်ငန်းကော်မတီအစည်းအဝေးတွေရှိပါတယ်၊ အခြား အစည်းအဝေးတွေ အများကြီးရှိပါတယ်။ အခုလက်ရှိကောက်ယူထားတဲ့ စာရင်းတွေအရတော့ အစည်းအဝေးပေါင်း ၃၀၀ နီးပါးရှိပြီး သက်ဆိုင်ရာဌာနတွေနဲ့ ပြန်လည်အတည်ပြုချက် ရယူပြီးတော့

စာမျက်နှာ ၂သို့ » »

မွေးသက္ကရာဇ်နှင့် မိဘအမည်မှန်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၆)ရပ်ကွက်တွင်နေထိုင်သော မောင်အောင်မင်းဦး၏ မွေးသက္ကရာဇ်သည် ၂၆-၁၀-၁၉၉၅ ဖြစ်ပြီး ဖခင်အမည်မှာလည်း ဦးမင်းလွင်(ခ)ဦးသိန်းဝင်းနှင့် မိခင်အမည်မှာလည်း ဒေါ်စန်း(ခ)ဒေါ်မိုးမိုးမှာ အတူတူပင်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

အခြေခံပညာအလယ်တန်းကျောင်း(ရွှေကြက်ယက်)
ယခု အထက(ခွဲ)၊ ရေတာရှည်မြို့၏ (၁၄)ကြိမ်မြောက်အာစရိယပူဇော်ပွဲ

ပြည်ထောင်စုနေ့ရောက်ရှိတိုင်း နှစ်စဉ်ကျင်းပခဲ့ရာတွင် (၁၄)ကြိမ်သို့တိုင်ခဲ့ပြီဖြစ်ပြီး အပူဇော်ခံ ဆရာ/ဆရာမ (၄၃)ဦးထိ ရှိလာပြီဖြစ်ပါသည်။ သို့ပါ၍ ရပ်ဝေးရပ်နီး ကျောင်းသား၊ ကျောင်းသူဟောင်းအပေါင်းတို့က ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ပူဇော်ပွဲသို့ ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားပါသည်။

နေ့ရက်/အချိန် - ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်၊ နံနက် ၇ နာရီမှစ၍

နေရာ - အလက(ရွှေကြက်ယက်) ရေတာရှည်မြို့(ယခု) အထက(ခွဲ)၊ နဝရတ်ခန်းမ။

ဆက်သွယ်လှူဒါန်းရန်

ရေတာရှည်မြို့ မြန်မာ့စီးပွားရေးဘဏ် ငွေစုစာအုပ်အမှတ်၊ SF.343

ဦးမြသိန်း ဖုန်း-၀၉-၃၁၄၄၄၀၆၀	ဦးတင်ညွန့် ဖုန်း-၀၉- ၃၁၄၄၄၉၂၄
ဦးစောလှမြင့် ဖုန်း-၀၉-၃၁၄၄၄၁၈၈	ဦးခင်မောင်တိုး(ကိုတိုး) ဖုန်း-၀၉-၈၆၂၃၇၂
ဦးရဲအောင် ဖုန်း-၀၉-၃၁၆၁၆၁၇၆	ဒေါ်နွယ်နွယ်သိန်း ဖုန်း-၀၉-၂၅၀၁၁၃၁၅၂
ဒေါ်ခင်စန်းမြင့် ဖုန်း-၀၉-၃၁၆၁၆၅၈၇	ဒေါ်ရည်မွန်ခိုင် ဖုန်း-၀၉-၃၁၄၄၀၆၅၁

မဟာသကျ အတုလမာရ်အောင် ငါးထပ်ကြီးဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်ရှိ မဟာသကျ အတုလမာရ်အောင် ဘွဲ့တော်ဆောင်သော ငါးထပ်ကြီးမြတ်စွာဘုရား၏ (၁၁၃)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို အစဉ်အလာမပျက် ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၇ ရက်မှ ၁၂ ရက်ထိ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် ဇန်နဝါရီလ ၁၂ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ဘုရားအမျှုးပြုသော သံဃာတော်(၁၀၈)ပါးအား ဆွမ်းဆန်စိမ်း ပစ္စည်းများနှင့်နဝကမ္မ ဝတ္ထုလောင်းလှူပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သဖြင့် ပါဝင်လှူဒါန်းကုသိုလ်ပြုလိုသူများ အနေဖြင့် ငါးထပ်ကြီးမြတ်စွာဘုရားဂေါပကအဖွဲ့ရုံး ဖုန်း-၅၄၂၁၇၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဂေါပကအဖွဲ့

အမည်ပြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ထ(ခွဲ) အလက(၁)ကျောင်း၊ နဝမတန်း(A)မှ မောင်ရဲထွဋ်အား ယနေ့မှစ၍ မောင်သော်ဟန်ထွဋ် [၁၂/ကမရ(နိုင်)၀၆၅၉၁၇]ဟု ပြောင်းလဲခေါ်ပါရန်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉၃၊ မြေကွက်အမှတ်(၁၁၄/က)၊ မြေကွက်တည်နေရာအမှတ်(၁၁၄/က)၊ (၉၃)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (ဦးတင်ဝင်း) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးတင်ဝင်း[၁၂/သဃက(နိုင်)၀၉၃၀၁၀]ကွယ်လွန်သဖြင့် မေတ္တာဖြင့် အပိုင်လွှဲပြောင်းပေးအပ်ခြင်းစာချုပ်ဖြင့် ပိုင်ဆိုင်ခဲ့သူသမီးဒေါ်ကြည်ကြည်ညွန့်[၁၂/သဃက(နိုင်)၀၀၂၀၃၀]မှ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် (၁၉၇၃-၁၉၇၇)ခုနှစ် ဓာတုဗေဒ/ကုန်ထုတ်ဓာတုဗေဒ ကျောင်းသား/ကျောင်းသူဟောင်းများ၏ (စတုတ္ထ)အကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ အခမ်းအနား ဖိတ်ကြားခြင်း

ကျင်းပမည့်ရက်	- ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန်	- နံနက် ၉း၀၀ နာရီမှ ၁၂း၀၀ နာရီအထိ
ကျင်းပမည့်နေရာ	- CENTRAL HOTEL(ကျောက်စိမ်းခန်းမ)

ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ မိတ်ဆုံညစာစားပွဲကို ၎င်းနေ့ညနေ ၆ နာရီတွင် HAPPY WORLD မြတ်ခင်းပြင် (ရွှေတိဂုံဘုရားတောင်ဘက်မုခ်)၌ ကျင်းပမည်ဖြစ်ပါသည်။ ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် ညစာစားပွဲကိုလည်း တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ ကျင်းပရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃E၊ မြေကွက်အမှတ်-V၁၁၊ မြေကွက်တည်နေရာ-၄၄၊ လှော်ကားလမ်း၊ လွတ်လပ်ရေးရပ်ကွက်၊ (မောင်အောင်ထွန်းနှင့်မစိန်တင်) အမည်ပေါက် နှစ်(၉၀)မြေငှားဂရန်မြေအား အမည်ပေါက် နှစ်ဦးစလုံးကွယ်လွန်ပြီး သားဖြစ်သူ ဦးမြင့်သိန်း ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ၁။ဒေါ်ခင်စန်း[၁၂/လမန(နိုင်)၀၃၁၅၇၅]နှင့် ကျန်မောင်နှမများဖြစ်သော ၂။ဒေါ်စန်းစန်းဝင်း[၁၂/အလန(နိုင်)၀၂၆၀၆၈]၊၃။ဒေါ်လှလှသန်း[၁၂/အလန(နိုင်)၀၂၆၀၆၇]၊ ၄။ဒေါ်မြင့်မြင့်ဆွေ[၁၂/အလန(နိုင်)၀၂၆၀၆၆]၊ ၅။ဦးအောင်သန်း[၁၂/အလန(နိုင်)၀၂၆၄၃၄]၊ ၆။ဒေါ်ရီရီသန်း[၁၂/အလန(နိုင်)၀၂၆၀၇၁]၊ ၇။ဦးညွန့်ဇင်[၁၂/အလန(နိုင်)၀၂၆၀၇၃]တို့က သေစာရင်းမိတ္တူ၊ ဂရန်မိတ္တူတစ်ဦးတည်းသော ဇနီးနှင့်သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍လည်းကောင်း၊ ၁၉၉၈ ခုနှစ်တွင်ထုတ်ယူခဲ့သော အရောင်းမြေပုံပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍လည်းကောင်း ပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ ၄၉ ရပ်ကွက်၊ ငုဝါမြိုင်(၂)လမ်း၊ အမှတ်(၄၃၃)၊ အလျားပေ ၆၀ အနံ ၂၂ပေရှိ နှစ်ထပ်တိုက်ခံအိမ်အပါအဝင် ယင်းတိုက်ခံအိမ်၌ ဆက်စပ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကိုပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသူ တိုက်အိမ်ပိုင်ရှင် ဒေါ်မြသန်း[၁၂/စခန(နိုင်)၀၂၉၉၄၀]ထံမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေဖြင့်ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို တရားဝင်ပြီးဆုံးသည်အထိ ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဦးငြိမ်းချမ်း[၉/မလန(နိုင်)၀၀၂၆၈၉]၊ ဖုန်း-၀၉-၃၁၃၂၉၈၆၆

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၄)ရပ်ကွက်၊ မြေကွက်အမှတ်(၅၁)ဟုခေါ်တွင်သော အလျား×အနံ(၄၀× ၆၀)ပေအကျယ်အဝန်းရှိ မြေချပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက် ဦးဉာဏ်ဝင်း[၁၂/မဂဒ(နိုင်)၀၁၇၄၉၁]ထံမှ ကျွန်တော် ဦးမြခိုင်[၁၂/ဥကတ(နိုင်)၁၈၃၀၂၉]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးပြတ်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးမြခိုင်[၁၂/ဥကတ(နိုင်)၁၈၃၀၂၉]
အမှတ်(၂၉၂/ခ)၊ မြင်သာ(၅)လမ်း၊ (၁၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၃၁၃၄၄၆၂၆

ဒေါ်နီနီအေးသိစေရန် အကြောင်းကြားခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက်၊ ခေမာသီ(၁)လမ်း၊ အမှတ်(၂၄)နေ ဦးအေးမြင့် (အစာကြေသွေးဆေးလျက်ဆား)၏သား ဦးမြင့်လွင်ဦး[၁၂/ဥကမ(နိုင်)၀၀၈၄၇၆]၏ လွှဲအပ်ညွှန်ကြားချက်အရ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ပဲနွယ်ကုန်း၊ သံမဏိရပ်ကွက်၊ ရဲစခန်းအနောက်လမ်း၊ အမှတ်(၃)တွင် ခေတ္တရောက်ရှိနေထိုင်သူ ဒေါ်နီနီအေး(ဘ) ဦးသောင်းတင်[၇/ကတခ(နိုင်)၀၈၆၃၁၁]သိစေရန် အကြောင်းကြားကြေညာအပ်ပါသည်။

ဒေါ်နီနီအေးသည် ခင်ပွန်းဦးမြင့်လွင်ဦး(၏)ဈေးတွင်ဆိုင်ထွက် အလုပ်လုပ်ကိုင်နေစဉ် ၂၅-၁၀-၂၀၁၃ ရက် ညနေ ၄း၃၀ နာရီကျော်တွင် နေအိမ်မှ Toyota Surf ၉ဂ/၆၄၄၁ တစ်စီး၊ Super Custom ၈ဈ/၃၃၃၅ ရောင်းထားသည့်ငွေကျပ်သိန်း(၁၂၀) နေအိမ်တွင် စုဆောင်းထားရှိငွေများ၊ စိန်ရွှေပစ္စည်းများ၊ မြေကွက်များဝယ်ယူထားသည့် စာချုပ်စာတမ်းများ၊ တယ်လီဖုန်းအမှတ် ဖုန်း ၀၉-၅၁၅၄၉၉၃၊ ၀၉-၇၃၀၁၈၅၀၉၊ ၀၉-၄၉၂၅၄၅၁၄၊ ၀၉-၃၁၂၉၆၆၅၆ နှင့် စာရွက်စာတမ်းများကိုယူဆောင်၍ ထွက်သွားကြောင်း ညွှန်ကြားသိရှိရပါသည်။

ခင်ပွန်း ဦးမြင့်လွင်ဦး၏မိသားစု အစ်ကိုကြီးနှင့်မောင်နှမများမှ ဇနီးဒေါ်နီနီအေးအား မိသားစုစိတ်ဖြင့်ဖျောင်းဖျခေါ်ဆောင်ရာ ဖခင်မှပင် ပြန်ပို့ဆောင်မည့်အကြောင်း ပြောသော်လည်း ဒေါ်နီနီအေးအနေဖြင့် အကြင်လင်မယားအဖြစ် မိသားစုပြန်လည်ပေါင်းသင်းနေထိုင်လိုခြင်းမရှိ ရှောင်လွှဲလျက်ရှိနေပါကြောင်း သိရပါသည်။

ယခုအခါ ဦးမြင့်လွင်ဦးအနေဖြင့် ဒေါ်နီနီအေးအပေါ် သည်းခံခွင့်လွှတ်နိုင်ခြင်း မရှိတော့ပါ၍ ဤကြော်ငြာပါရှိသည့်နေ့ရက်မှ (၁၅)ရက်အတွင်း အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲမှုတရားဝင်ပြုလုပ်ရန်နှင့် ရယူသွားသည့်ပစ္စည်းငွေကြေးများကို တရားဝင်ပစ္စည်းခန်းခွဲဝေမှုပြုရန် တောင်းဆိုအပ်ပါသည်။ ဒေါ်နီနီအေးအနေဖြင့် ကွာရှင်းပြတ်စဲပစ္စည်းခန်းခွဲဝေမှု ညှိနှိုင်းတရားဝင်ဆောင်ရွက်မှုမပြုပါက ထပ်မံအကြောင်းကြားတော့မည်မဟုတ်ကြောင်းနှင့် တရားဥပဒေနည်းလမ်းတကျ တရားစွဲဆိုဆောင်ရွက်မည့်အကြောင်း လွှဲအပ်ညွှန်ကြားချက်အရ အကြောင်းကြားသိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြင့်လွင်ဦး	ဦးဟန်တင်(B.A)
[၁၂/ဥကမ(နိုင်)၀၀၈၄၇၆]	အထက်တန်းရှေ့နေ(စဉ်-၃၉၆၉)
အမှတ်(၂၄)၊ခေမာသီလမ်း၊	အခန်း(၁၈)၊ အမှတ်(၆၂)၊ (ပထမထပ်)
(ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။	ပန်းဆိုးတန်းလမ်း၊ကျောက်တံတားမြို့နယ်။
	ဖုန်း-၀၉-၄၄၈၀၁၉၄၄၅

Zawgyi Premier Co., Ltd.

Zawgyi

Int'l Class 35: Advertising; business management, business administration; office functions.
Int'l Class 37: Building construction; repair; installation services.
Int'l Class 39: Transport; packaging and storage of goods; travel arrangement.
Int'l Class 42: Scientific and technological services and research and design relating thereto; industrial analysis and research services; design and development of computer hardware and software.

Zawgyi Premier Co., Ltd.

B.A. (Law), LL.B., LL.M.
MYANMAR TRADEMARK AND PATENT LAW FIRM

GEM DIAMOND ACADEMY (စိန်ရတနာ အကယ်ဒမီ)

I. စိန်အထူးပြု (၁)လသင်တန်း (Diamond Special Course (1) month)
7:30 to 9:30 Am (14.1.2014 စမည်) (Sat, Sun, Mon, Tues)
* စိန်အတုအစစ်ခွဲခြားနည်းများ (Identification)
* စိန်အရည်အသွေးစစ်တမ်းနှင့် ကမ္ဘာသုံးစနစ်ဖြင့် စိန်တန်ဖိုးဖြတ်ခြင်း (Quality Analysis and Evaluation)
II. DIAMOND GRADUATE(GIA)
* (Gemological Institute of America)စာမေးပွဲဖြေဆိုလိုသူများကို သီးသန့်အစီအစဉ်ဖြင့် သင်ကြားပေးမည်။
ပါမောက္ခ ဦးဉာဏ်သင်း Visiting Professor နှင့်ကျောက်မျက်ပညာတွဲ့ရ ဝါရင့်ဆရာ၊ဆရာမများကအထူးကြပ်မတ် သင်ကြားပေးမည်။
ဆက်သွယ်ရန်။
Ph: 09 5001191, 09 420005161,01397193

မင်္ဂလာညဉ့်ခံပွဲကျေးဇူးတင်လွှာ

တိုက်(၃၃၀)၊ ရန်အေးလမ်းသွယ်(၁)၊ (၅)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ ဦးမင်းအောင်-ဒေါ်စန်းစန်းသီတို့၏ သားငယ်၊ ဂျပန်နိုင်ငံ ၊ တိုကျိုမြို့နေ မောင်စည်သူလှိုင်မြင့်-Ms Hashizume Yuka တို့၏ ညီငယ်

မောင်သူရလှိုင်မြင့် B.Sc (Physics)
System Engineering (SUNDAI COMPUTER COLLAGE) TOKYO, JAPAN, OKADA GAJ CO.,Ltd. Tokyo Japan

နှင့်

(က/၃၇)၊ မြင်သာ(၂)လမ်း၊ (၁၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးသန်းနိုင်-ဒေါ်လှညိုတို့၏ သမီးထွေး

မဖြိုးဖြိုးခိုင် (BA-Economic)(Presenter)

တို့၏ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ရက် ယုဇနဂါးဒင်းဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာညဉ့်ခံပွဲ၌ မင်္ဂလာပန်းကုံး ဆင်မြန်းပေးပါသော တရားလွှတ်တော်ရှေ့နေကြီး ဦးထွန်းအေးကြည်နှင့် ဇနီး ဒေါ်ယဉ်ယဉ်ဝေ၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော Myanmar People Magazine အယ်ဒီတာချုပ်နှင့် Information Matrix Co.,Ltd၏ မန်နေဂျင်းဒါရိုက်တာ ဦးသောင်းစုငြိမ်းနှင့် ဇနီးဒေါ်စုစုစိုးညွန့်တို့အားလည်းကောင်း၊ မင်္ဂလာအခါတော်ပေးသီဆိုချီးမြှင့်ပေးပါသောတေးသံရှင် နွဲ့ယဉ်ဝင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် မေတ္တာဖြင့်ဆောင်ရွက်ပေးပါသော မတင်မိုးလွင်၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးပါသော ဒီဇိုင်နာမေမြတ်ဝါဆို (Happy Heart)၊ သတို့သား၊ သတို့သမီးနှင့် အရံများအား မင်္ဂလာဝတ်စုံနှင့် လက်ဝတ်ရတနာများဆင်မြန်းပေးပါသော သီတဂူ(သတို့သမီးဝတ်စုံနှင့် လက်ဝတ်ရတနာ ငှားရမ်းခြင်းလုပ်ငန်း)၊ မိတ်ကပ်ပြင်ဆင်ခြယ်သပေးပါသော မိတ်ကပ်ကျော်မိုး(သိမ်ဖြူ)နှင့်အဖွဲ့၊ မခိုင်၊ မချို(Hello)၊ သတို့သားနှင့် သတို့သမီးအရံအဖြစ် ဆောင်ရွက်ပေးပါသော Presenter ကိုဇေယျာလင်း (City FM)နှင့် မော်ဒယ်သရုပ်ဆောင် နှင်းစုခိုင်၊ မင်္ဂလာပန်းကုံးဗန်းကိုင်ပေးသော မော်ဒယ်သရုပ်ဆောင် ရတနာကျော်ဦး၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မော်ဒယ်သရုပ်ဆောင်ပိုးဒါလီ၊ မင်္ဂလာပန်းကြဲပေးသော Presenter နန္ဒာလင်း(5 Network)နှင့် တေးသံသာဖြင့် သီဆိုဖျော်ဖြေပေးပါသော The Aces တေးဂီတအဖွဲ့နှင့် တေးသံရှင်များအားလုံး၊ ဓာတ်ပုံနှင့် ဗီဒီယို မှတ်တမ်းတင်ပေးသော ဓာတ်ပုံမိုးကိုဦးအဖွဲ့၊ အခမ်းအနားဖြစ်မြောက်အောင် ကူညီပံ့ပိုးပေးပါသော ယုဇနဂါးဒင်းဟိုတယ်မှတာဝန်ရှိသူနှင့် ဝန်ထမ်းများနှင့်တကွ ကြွရောက်ချီးမြှင့် အားပေးကူညီသော နှစ်ဖက်သောမိဘဆွေမျိုးများနှင့် မိတ်ဆွေအပေါင်းအသင်း၊ မိတ်သင်္ဂဟများနှင့် မင်္ဂလာပွဲလာညှော့်ပရိသတ်များအား မင်္ဂလာသတို့သား၊ သတို့သမီးနှင့် နှစ်ဖက်သောမိဘများမှ အထူးကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်သူရလှိုင်မြင့်-မဖြိုးဖြိုးခိုင်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၄၊ မြေကွက်အမှတ်-၃၅၁၊ မြေကွက်တည်နေရာအမှတ်(၃၅၁)၊ မိုးမခ(၁)လမ်း၊ (၆၄)ရပ်ကွက်၊ ဒဂုံတောင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသိန်းဦး[၁၂/မဂတ(နိုင်)၀၂၄၉၁၈]နှင့် ဒေါ်ခင်စန်းရီ[၁၂/မဂတ(နိုင်)၀၂၄၈၁၆]တို့မှ ဂရန်ပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက်ထောက်ခံချက်များ၊ ဌာနဝန်ခံချက်နှင့် ကျမ်းကျိန်လွှာတို့တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်ဂရန်မိတ္တူလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ မြေကွက်အမှတ် ၁၂၂၆၊ မြေငှားစာချုပ်အမှတ် ဂရသ/ဒဂရ-၇၁/၀၈ အမှုတွဲအမှတ် -ဒဂရ/ဂရသ-၂၂၂၀/၀၇၊ အကျယ်အဝန်း ပေ(၄၀×၆၀) (၀. ၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၁၂၆၆၊ အနော်ရထာလမ်း၊ (၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်လှဲ့လှဲ့ဝင်း[၁၂/ဗဟန(နိုင်)၀၀၉၂၉၂]၏ ကိုယ်စား ဒေါ်ဇာခြည်မြင့်[၁၂/ရကန(နိုင်)၀၀၀၄၂၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူပါသဖြင့် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားမူရင်းတို့နှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါရှိပြီး (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမောင်မောင်နိုင်(LL.B,Dip. in French)
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၄၈၃)
အမှတ်(၃)၊ ၃၄လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉၅၄၁၀၄၆၇

မြို့ရွာတစ်ခွင်သာစေချင် မီးတွင်မပေါ့နှင့်

[illegible]

		ထီးဖါလုန်	ကုသိနာရုံ	နယ္ဗူးဗေဒေသီ
၁။ မြေ(၁)ကောရန်ပေ/(၁)ယှုနှစ် (ကျပ်)		၁၅,၀၀၀	၁၀,၀၀၀	၃၀,၀၀၀
	ဂယာ	သာဝတ္ထိ	ကုသိနာရုံ	နယ္ဗူးဗေဒေသီ
၂။ ကျောင်းဆောင်(၁)ခန်း (ကျပ်)	၂၂,၀၀၀	၂၀,၀၀၀	၂၅,၀၀၀	၃၀,၀၀၀

[illegible]

ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်

ပေ(၃၀×၆၀)၊ ၂ထပ်တိုက် လုံးချင်း၊ ရန်ကင်း၊ ကျောက်ကုန်း၊ မြနန္ဒာလမ်း၊ ဘိုးဘွားအမည် ပေါက် ကျပ်သိန်း(၄၈၀၀)

ဖုန်း- ၀၉-၈၅၉၃၁၃၃
၀၉-၄၂၁၀၁၆၈၆၀

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅၊ မြေကွက်အမှတ်-၆၇၂၊ မြေကွက်တည်နေရာအမှတ်(၆၇၂)၊ (၃၅)ရပ်ကွက်၊ ဒဂုံမြောက် (ဦးသန်းဝင်း X/RGN-၀၀၂၅၄၃) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသန်းဝင်းထံမှ အရောင်းအဝယ် စာချုပ်အမှတ် ၅၂၅/၁၃ (၇-၂-၁၃)ဖြင့် ၁။ ဦးခင်မောင်ထွန်း(CJ-၀၁၀၄၇၉)၊ ၂။ ဒေါ်သန်းရီ(CI-၀၄၃၆၆၂)တို့မှ ၂၀'×၆၀' ဝယ်ယူပြီး ဦးခင်မောင်ထွန်း ကွယ်လွန်သဖြင့် ဒေါ်သန်းရီ (CI-043662)က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ တိုးချဲ့(၄)ရပ်ကွက်၊ ထာဝရလမ်းသွယ်၊ အိမ်ရာကွက်အမှတ်(ကဂ-၁၉) (အလျားပေ ၄၀×အနံ ပေ၆၀)မြေကွက်နှင့်အိမ်ရာကွက် အမှတ်(ကဂ-၂၀) (အလျားပေ ၄၀×အနံ ပေ ၆၀)မြေကွက်တို့ကို ဒေါ်ကလျာတိုး[၁၂/ မရက(နိုင်)၀၇၅၈၇၆]မှ ဝယ်ယူလက်ရှိပိုင်ဆိုင်ထားပါသည်။ အဆိုပါမြေကွက်(၂)ကွက်နှင့်ပတ်သက်၍ ဥပဒေနှင့်အညီ ရုံးကိစ္စများ ဆောင်ရွက်ရန်ရှိပါသဖြင့် ကန့်ကွက်လိုသူများသည် တစ်ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဒေါ်ကလျာတိုး
B.912၊ သီရိကွန်ဒို၊ (၉)မိုင်၊ မရမ်းကုန်းမြို့နယ်

အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ ပညာ(၁)လမ်း၊ အမှတ်(၁၀)နေ ဒေါ်ထားထားမြင့်[၇/ဒဥန(နိုင်)၀၁၃၃၆၇]အား ကိုယ်စားလှယ်အဖြစ် လွှဲအပ်ထားသော ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၁၀၅၅/၂၀၁၃အား ရုပ်သိမ်းလိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ကြည်ကြည်မေ
[၁၂/ဥကတ(နိုင်)၀၆၀၇၃၀]
အမှတ်-၇၃၁၊ ဝရဇာ(၆)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ကြော်ငြာစာ
အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၃၀၇
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၂၃၅

ကွယ်လွန်သူ (ဦးမောင်သိန်းနှင့် ဒေါ်မီတာ) ကျန်ရစ်သောပစ္စည်းနှင့်စပ်လျဉ်းသောအမှု

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၂) ရပ်ကွက်၊ (၉)လမ်း၊ အမှတ်(၂၀၃) တွင် နေထိုင်သူ ကွယ်လွန်သူ (ဦးမောင်သိန်းနှင့် ဒေါ်မီတာ) ကျန်ရှိရစ်သော ပစ္စည်းနှင့်ပတ်သက်၍ အမွေထိန်းလက်မှတ်စာရရှိထားသူ သားဖြစ်သူ ဦးစိုးမြင့်က ၎င်းထိန်းသိမ်းခွင့်ရရှိသော ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊အမှတ်(၂)ရပ်ကွက်၊ (၉)လမ်း၊ အမှတ်(၂၀၃)အဆောက်အအုံနှင့် ယင်းအဆောက်အအုံတည်ရှိရာ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂/အေ)၊ မြေကွက်အမှတ်(၁၇၈)၊ အကျယ်အဝန်းပေ(၆၀×၁၀၀) မြေပိုင်မြေကွက် အကျိုးခံစားခွင့်အရပ်ရပ်ကို စီမံခန့်ခွဲခွင့် အမိန့်ချမှတ်ပေးပါရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ- ၃၀၇ အရ လျှောက်ထားလာသည်ဖြစ်၍ ဤအမှုကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၃၁ရက် (၁၃၇၅ခုနှစ်၊ တပို့တွဲလဆန်း ၁ရက်) နံနက် ၁၀နာရီတွင် ကြားနာရန်ချိန်းဆိုထားသဖြင့် ကွယ်လွန်သူ (ဦးမောင်သိန်းနှင့် ဒေါ်မီတာ) ကျန်ရှိရစ်သော ပစ္စည်းတွင် အကျိုးသက်ဆိုင်အဆိုရှိသူ မည်သူမဆိုအမှုတွင် အမှုလာဆိုင်လိုပါက အထက်ပါချိန်းဆိုထားသောနေ့ရက်တွင် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့နည်းလမ်းတကျ လွှဲအပ်ထားသော ကိုယ်စားလှယ်တစ်ဦးဦးဖြင့်လည်းကောင်း၊ လာရောက်အမှုရင်ဆိုင်ရန်နှင့် ယင်းသို့ခွင့်ပြုမိန့် ထုတ်ပေးခြင်းမပြုမီ သက်ဆိုင်ရာအမှုတွဲကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇ နှင့်အညီ ဆင့်ဆိုလိုက်ပါသည်။ ယင်းသို့လာရောက်ရန်ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဦးစိုးမြင့်၏ လျှောက်လွှာအားကြားနာ၍ စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်နှင်းဦး)
တွဲဖက်ခရိုင်တရားသူကြီး(၂)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ငွေချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ-၂၀)
သဃ်န်းကျွန်းမြို့နယ်တရားရုံးတော်၌
၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၅

ဒေါ်မြမိုးလွင်	ဒေါ်မြင့်ကြည်
နှင့်	
(တရားလို)	**(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (ဃ)ရပ်ကွက်၊ ဉာတိလမ်း၊ အမှတ်(၁၅၀)နေ တရားပြိုင် ဒေါ်မြင့်ကြည် (ယခုနေရပ်လိပ်စာမသိ)သူ သိစေရမည်။

သင့်အပေါ်၌ တရားလိုက "မြေနှင့် အိမ်အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု"ကို လျှောက်ထားစွဲဆိုချက်ရှိသည် ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပ ပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၂၀ရက်၊ (၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသည့် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့်သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ ၃၁ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(စန္ဒာအေး)
တွဲဖက်မြို့နယ် တရားသူကြီး(၂)
သင်္ဃန်းကျွန်းမြို့နယ်တရားရုံး

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ
ဦးသောင်းဦးလွင်(ဥက္ကဋ္ဌ၊ ပြည်မြန်မာစံဆောက်လုပ်ရေး)-
ဒေါ်ခင်ထွေးထွေးဝင်း(မန်နေဂျင်းဒါရိုက်တာ၊ ပြည်မြန်မာစံ
ဆောက်လုပ်ရေး)တို့၏သားကြီး

မောင်ရဲဝင်းလွင်

(ဒါရိုက်တာ-ပြည်မြန်မာစံဆောက်လုပ်ရေး)
(Civil Engineering,2nd yrs,
2nd Semester Victoria University College) 2nd Geo:

နှင့်

ရန်ကုန်မြို့နေ
ဗိုလ်မှူးကြီးအောင်ကြည်လင်း-ဒေါ်ခင်သန္တာဖူးတို့၏သမီးကြီး

မဖူးယမုံလင်း

(Civil Engineering,2nd yrs,
2nd Semester Victoria University College)2nd Math:

တို့အား နှစ်ဖက်သောမိဘများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများတို့၏ ရှေ့မှောက်၌ ၂၇-၁၂-၂၀၁၃ ရက် (သောကြာနေ့)တွင် စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ရဲဝင်းလွင်-မဖူးယမုံလင်း

ဒဂုံတက္ကသိုလ် (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၂၀၁၄ခုနှစ်၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတွင်ပြုလုပ်မည့် (၂၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားအတွက် ဘွဲ့နှင်းသဘင်ခန်းမအတွင်း (အပြင်မပါ) ဓာတ်ပုံရိုက်ကူးခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်ဈေးနှုန်းလွှာ(တင်ဒါ)ကို ဒဂုံတက္ကသိုလ်တွင် တင်သွင်းနိုင်ပါသည်။ တင်ဒါလျှောက်လွှာကို ၇-၁-၂၀၁၄ ရက် မွန်းတည့် ၁၂ နာရီတွင် နောက်ဆုံးထား တင်သွင်းရပါမည်။ အသေးစိတ်အချက်အလက်များကို ဒဂုံတက္ကသိုလ်သင်တန်းရေးရာတွင် စုံစမ်းနိုင်ပါသည်။

ဓာတ်ပုံရိုက်လုပ်ငန်းကြီးကြပ်ရေးအဖွဲ့
ဒဂုံတက္ကသိုလ်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ ပစ္စည်းများအား သယ်ယူပို့ဆောင်ရန် မြန်မာ ကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၆-၁-၂၀၁၄ ရက်

၃။ တင်ဒါပိတ်မည့်ရက် - ၉-၁-၂၀၁၄ ရက်

၄။ တင်ဒါပိတ်မည့်အချိန် - ၁၂ နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ထက်ဦးကျော်[၆/ကသန(နိုင်)၀၄၈၀၇၄]၏ P.P No. (မမှတ်မိ) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၃၁၁၈၂၈၇၀

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

